The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL .18, NO . 12
တနင်္လာနေ့တိုင်းထုတ်ဝေသည်
March 19, 2018

# သရက်သီး ပေါ်စအချိန်နှင့် မှည့်ဆေး တို့ဆေး

စာမျက်နှာ - ၈ ➤



## Thai - Myanmar Friendship Fair 2018 ကုန်စည်ပြပွဲ ပုသိမ်မြို့တွင် ကျင်းပမည်

စာမျက်နှာ - ၁၂ ➤

## Digitilization of Myanmar Import License Applications Project မှသည် CMP (အထည်ချုပ်)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆီသို့

စာမျက်နှာ - ၁၂ ➤





## မြန်မာ့ ငါး/ပုစွန်များ နိုင်ငံတကာသို့ တင်ပို့ရာတွင် ငါး/ပုစွန် ကျန်းမာမှုနှင့် ရောဂါကင်းစင်စေရန် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ

စာမျက်နှာ - ၁၅ ➤

JAPAN TRUCK & MACHINERY TRADING CO.,LTD.



FEEL FREE TO CONTACT US
MON-SAT/AM9:00-PM6:00
09-420-114705
jtmtmyanmar@gmail.com
No.1,Highway No.3,Thinganjungyi Village,Mingaladon Township,Yangon,Myanmar

MADE IN ITALY

PEDROLLO

... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



## Uni Trade Yangon Limited

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm

**FDA Regn No: Sa 1/171301/Hta La**




# ELEMENT

**Purified Drinking Water**

09-43013489,09-799994601,09-799994602

elementmyanmar7@gmail.com , www.elementpurifiedwater.com

Bet 25 x 26 St , Mandalay - Pyin Oo Lwin Road , Nan Oo Lwin Qtr ,Pathein Gyi TSP , Mandalay, Myanmar

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




"စားသုံးသူအခွင့်အရေး ရရှိရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်ပေး"ဟူသည့် ဆောင်ပုဒ်နှင့်အညီကျင်းပသော ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို မတ် ၁၅ ရက်က နေပြည်တော် Horizon Lake View Resort Hotel တွင် ကျင်းပခဲ့ရာ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးနှင့် USAID အဖွဲ့အစည်း၏ Private Sector Development Activity, Project Director ဖြစ်သူMr. Steve Allen Parker တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို စားသုံးသူများကိုယ်တိုင်မိမိတို့၏ အခွင့်အရေးများကိုသိရှိရန်နှင့် စားသုံးသူများ၏အခြေခံအခွင့်အရေးများကို မြှင့်တင်နိုင်ရန်အတွက် တွန်းအားပေးလှုံ့ဆော်သည့်အနေဖြင့် ယခုကဲ့သို့ နှစ်စဉ်ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်း၍ နိုင်ငံပေါင်း၁၁၅ နိုင်ငံနှင့် စားသုံးသူရေးရာနှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းပေါင်း ၂၂၀ ကျော်က တက်ကြွစွာဖွဲ့စည်းလှုပ်ရှား ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်း၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ စားသုံးသူတို့၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ပေးခြင်းနှင့် စားသုံးသူအကျိုးစီးပွားထိခိုက်နစ်နာမှုမရှိစေရန် ကာကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းသည် စားသုံးသူများအပေါ် ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့်ကုန်စည်များကို ထုတ်လုပ်တင်ပို့ရောင်းချနိုင်သည့် အခွင့်အလမ်းများကိုလည်းရရှိစေရန် ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါတွင် စားသုံးသူများကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအတွက် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူများ၏ ထိခိုက်နစ်နာမှုများအတွက် အရေးယူဆောင်ရွက်ပေးနိုင်မည့် ယန္တရားများ၊ စနစ်များပေါ်ပေါက်လာစေရေးနှင့် စားသုံးသူများ အသိပညာ တိုးတက်စေရန် စဉ်ဆက်မပြတ် ပညာပေးမှုလုပ်ငန်းများသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းစဉ်များ ဖြစ်လာသည်ကို သိသာထင်ရှားစွာ တွေ့မြင်လာနိုင်မည်ဖြစ်ပြီး ဆက်လက်၍ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်းနှင့် USAID အဖွဲ့အစည်း၏ Private Sector Development Activity, Project Director ဖြစ်သူ Mr. Steve Allen Parker တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက စားသုံးသူရေးရာဦးစီးဌာန၏ Official Website လွှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ "စားသုံးသူ အခွင့်အရေးရရှိရေး တိုက်တွန်းနှိုးဆော် ဆောင်ရွက်ပေး" ဟူသည့် ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခဒေါက်တာအောင်မြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူနှင့် မြန်မာနိုင်ငံစားသုံးသူများသမဂ္ဂ အတွင်းရေးမှူး ဦးမောင်မောင်တို့က ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

စာမျက်နှာ ၆ သို့

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၁၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဧည့်ခန်းမ-၁၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးရာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ပို့ကုန်/သွင်းကုန် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် အမယ်များအား ဖြေလျှော့ပေးလျက်ရှိကြောင်း၊ ဆက်လက်ဖြေလျှော့ပေးသွားနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားကုမ္ပဏီများ ကုန်သွယ်မှုတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး အတွက်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိရာ အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နိုင်ရေးအတွက် တွန်းအားပေးစေလိုပါကြောင်း၊ အထည်ချုပ်လုပ်ငန်းအတွက် သာမက အခြားပို့ကုန်များအတွက်ပါ Generalized System of Preference (GSP) အခွင့်အရေးပေးစေလိုပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များအား အစိုးရ အရာထမ်း၊ အမှုထမ်းများအတွက်သာမက ပုဂ္ဂလိကကဏ္ဍအတွက်လည်း ကူညီပံ့ပိုးပေးသွားနိုင်ရေးတို့အပါအဝင် နှစ်နိုင်ငံအကြားကုန်သွယ်မှုမြှင့်တင်နိုင်မည့် အလားအလာများအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce JOURNAL
အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်
စာတည်းမှူးချုပ်
ကြည်မာ
တာဝန်ခံစာတည်း
-
အုပ်ချုပ်ရေးမှူး
အေးအေးမော်
စာတည်းအဖွဲ့
ကြည်သာသစ်နိုင်
လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း
သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)
Proof & Layout Design ကြီးကြပ်
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း
ကြော်ငြာတာဝန်ခံ
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈
ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး
ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်
ကွန်ပျူတာ
ပြည့်ဟိန်းဇော်
သင်းသီရိအောင်
Layout Design & Graphic Design
CJ Design Group
ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Email Address
commercejournal.editor@gmail.com

# တစ်ပတ်အတွင်း ဆန်တင်ပို့မှု တန်ချိန် ငါးသောင်းကျော်ရှိ

မတ် ၃ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၉၂ သန်း တန်ဖိုးရှိညှော်မထဆန် ၂၉၁၉၄ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်မှ ညှော်မထဆန် တန်ချိန် ၂၀၁၂၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၈၉၄၉ တန်နဲ့ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ၁၂၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ဆန်တင်ပို့မှုများမှာ စစ်တွေကုန်သွယ်ရေးစခန်းမှ ညှော်မထဆန် တန်ချိန် ၁၁၀ နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ၁၁၆၂ တန်ကျော် တင်ပို့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၄၇ သန်း ရရှိခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ် ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်ထက် ၆၄၆၅ တန် ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ဆန်ကွဲတင်ပို့မှုမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၄၉၁ တန်ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၇၃ တန်ကျော်တင်ပို့ခဲ့ရာ စုစုပေါင်းတန်ချိန် ၈၆၄ တန်ကျော်ဖြစ်ပြီး တန်ဖိုးမှာ သုညဒသမ ၂၆၇ သန်းဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်လျှင် ယခုတစ်ပတ်မှာ ၃၄၅ တန် တင်ပို့မှုလျော့ကျခဲ့ကြောင်း သိရှိရပါတယ်။

မတ် ၄ ရက်မှ ၁၀ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၂၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၅၀၄၆ တန်ကျော် တင်ပို့ခဲ့ပြီး ကင်မရွန်းနိုင်ငံသို့ ညှော်မထ ၂၅ မှတ် ဆန် ၁၇၉၇၅ တန်နဲ့ အများဆုံးတင်ပို့ခဲ့ပါတယ်။

အီးယူနိုင်ငံများသို့ ညှော်မထဆန်နဲ့ ပေါင်းဆန် ၃၁၂၆ တန်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ၂၄၇၅ တန်နဲ့ မလေးရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန် နှစ်သောင်းကျော် လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုလျော့ကျသလို ဆန်ကွဲတင်ပို့မှုလည်း လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ ခြောက်သိန်းကျော်ဖိုးရှိ ဆန်ကွဲ ၂၂၇၁ တန်ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် တန်ချိန်တစ်သောင်းသုံးထောင်ကျော် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့နိုင်သော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ လျော့နည်းခဲ့ပါတယ်။ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်ရဲ့စုစုပေါင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၅၅၅၁၂ တန်ရှိကြောင်း တွေ့ရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ဧရာဝတီတိုင်းဒေသကြီးမြို့နယ်အချို့၌ မတ်လဒုတိယပတ်တွင် ပေါ်ဆန်းစပါး၊ ဆန်စျေး အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး၊ မတ်လဒုတိယပတ်ဆန်စပါး စျေးကွက်တွင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်များတွင် ယခင်တစ်ပတ်က ပေါ်ဆန်းစပါး ၄၆ ပေါင် တင်း ၁၀၀ကို ကျပ် ၇၂၇၀၀၀-ကျပ် ၈၀၀၀၀၀ - ကျပ် ၈၄၁၀၀၀ မှ ယခု ကျပ် ၇၅၃၀၀၀-ကျပ် ၈၂၃၀၀၀ - ကျပ် ၈၅၀၀၀၀ဖြစ်၍ စပါးတင်း ၁၀၀ကို ကျပ် ၁၀၀၀၀ မှ ကျပ် ၂၀၀၀၀ ဝန်းကျင်စျေးနှုန်း မြင့်တက်သွားပြီး ဆန်စျေးမှာ အိမ်မဲမြို့နယ်တွင် ပေါ်ဆန်းတစ်အိတ်လျှင် ယခင်ကျပ် ၃၇၅၀၀ မှ ယခုကျပ် ၃၈၅၀၀ ဖြစ်၍ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင် စျေး မြင့်တက်လျက်ရှိကြောင်း၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များတွင် ယခင်တစ်ပတ်က ပေါ်ဆန်းစပါး ၄၆ပေါင် တင်း ၁၀၀ ကို ကျပ် ၈၀၀၀၀၀ - ကျပ် ၈၁၀၀၀၀ စျေးမှ ယခုကျပ် ၈၂၀၀၀၀ - ကျပ် ၈၃၀၀၀၀ ဖြစ်၍ စပါးတင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ဝန်းကျင်စျေးမြင့်တက်၍ ဆန်စျေးမှာ ယခင်တစ်ပတ်က ကျပ် ၃၅၀၀၀ - ကျပ် ၃၆၀၀၀ မှ ယခုကျပ် ၃၆၀၀၀ - ကျပ် ၃၇၀၀၀ စျေးနှုန်းဖြစ်၍ ပေါ်ဆန်းရင် တစ်အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင်စျေးနှုန်းမြင့်တက်သွားကြောင်း ဆန်စပါးစျေးကွက်သတင်းများအရ သိရသည်။

ရန်ကုန်စျေးကွက်အဝယ်လိုက်၍ အညာဒေသမှဝယ်လိုအားရှိပြီး အရောင်းအဝယ်သွက်နေသော်လည်း လက်ကျန်ပေါ်ဆန်းစပါးနည်းပါးလာမှုနှင့်အတူ ကုန်သည်များ စျေးပြိုင်ဝယ်မှုကြောင့် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်များတွင်လည်း ပေါ်ဆန်းစပါးစျေးနှုန်းများမြင့်တက်လျက်ရှိကြောင်း နယ်ဆန်စပါးစျေးကွက်သတင်းများအရသိရသည်။**မင်းမင်းဦး(ပုသိမ်)**

## ဝါးတန်းကုန်စည်ဒိုင်တွင် ဆန်အဝင်နဲ့ အရောင်းအဝယ် ပုံမှန်ရှိ

ယခုတစ်ပတ် ဝါးတန်းကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ် လည်း ပုံမှန်ရှိကြောင်း၊ ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားစျေးနှုန်းများအရ ဆန်ချောအချို့နဲ့ ဆန်ကြမ်းအချို့စျေးအနည်းငယ်မြင့်တက်ကြောင်းသိရပါတယ်။ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၅၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေသော်လည်း ပုသိမ်၊ မြောင်းမြ၊ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၆၀၀၀၊ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်တစ် အိတ်ကျပ် ၃၅၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ကျားပျံတစ်အိတ်ကျပ် ၃၇၀၀၀မှ ကျပ် ၄၂၀၀၀၊ ပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၃၄၀၀၀ မှ ကျပ် ၃၅၀၀၀၊ မွှေးကြီးရှယ်တစ်အိတ်ကျပ် ၂၈၀၀၀ မှ ကျပ် ၂၉၀၀၀ ရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အထိ စျေးတက်ကြောင်း သိရပါတယ်။

ဆန်ကြမ်းစျေးအနေနဲ့ ညှော်မထ ၂၅ မှတ်ဆန်နဲ့ ရက် ၉၀ အသစ် တစ်အိတ်ကို ကျပ် ၅၀၀ ခန့်စျေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားစျေးနှုန်းများအရ သိရပါတယ်။ ညှော်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင်ကျပ် ၂၁၀၀၀ မှ ကျပ် ၂၁၅၀၀၊ ရက် ၉၀ ဆန်တစ်အိတ်လျှင်ကျပ် ၂၅၅၀၀ မှ ကျပ် ၂၅၇၀၀ဖြစ်ပါတယ်။ အကြမ်းသစ်ရှယ်နဲ့ မိုးသုခကတော့ ယခင်စျေးအတိုင်းမပြောင်းလဲဘဲ အကြမ်းသစ်ရှယ်တစ်အိတ်ကျပ် ၂၂၇၀၀ မှ ကျပ် ၂၃၂၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀ ရှိပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိတယ်၊ ဆန်စျေးက ယခင်ရက်ကတက်ပေမယ့် ယခုသီတင်းပတ်ရဲ့နောက်ပိုင်းရက်မှာတော့ ဆက်မတက်ဘဲ စျေးတန့်နေတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်စျေးကွက်ရဲ့ ဆန်စျေးနှုန်းများမှာ ညှော်မထ ၅ မှတ်မော်ဘီတစ် အိတ်ယွမ် ၁၄၀ မှ ၁၄၃ ယွမ်၊ ရက် ၉၀ တစ်အိတ် ၁၄၄ ယွမ်မှ ၁၄၉ ယွမ်၊ ညှော်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၆ယွမ်မှ ၁၃၇ ယွမ်၊ ညှော်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၃၄ ယွမ်မှ ၁၃၆ ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၇ ယွမ်မှ ၁၂၈ ယွမ်၊ သုခ ၂၅ မှတ်တစ်အိတ် ၁၂၃ ယွမ်မှ ၁၂၅ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၇ ယွမ်မှ ၁၂၈ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၆ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်ရှိပါတယ်။ မတ် ၁၆ ရက်ရဲ့ ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၂၀၈ကျပ်စျေးပေါက်ကြောင်း မူဆယ်မှသိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ မတ် ၇ ရက်မှ ၁၃ ရက်အထိ ၂၂၁၂၈ တန်ရှိပြီး ဆန်အဝင်များသလို အရောင်းအဝယ်လည်းကောင်းကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၅-၃-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၃ | ၄၁၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၃ | ၄၀၅ | △ | ၄၁၄ | ၄၁၂ | ▽ | ၄၃၀ | ၄၂၅ | ▽ | ၃၈၈ | ၃၉၈ | △ |
| ဆန်ဖြူ ၁၀% | ၄၀၁ | ၄၀၃ | △ | ၄၀၉ | ၄၀၈ | ▽ | - | - | - | ၃၈၄ | ၃၉၄ | △ |
| ဆန်ဖြူ ၁၅% | ၃၉၈ | ၄၀၀ | △ | ၄၀၅ | ၄၀၅ | □ | - | - | - | ၃၇၈ | ၃၉၀ | △ |
| ဆန်ဖြူ ၂၅% | ၃၈၆ | ၃၈၉ | △ | ၃၉၀ | ၃၉၂ | △ | ၃၈၅ | ၃၈၅ | □ | ၃၅၃ | ၃၆၃ | △ |
| ပေါင်းဆန် | ၄၃၈ | ၄၄၀ | △ | - | - | - | ၄၂၃ | ၄၂၃ | □ | - | - | |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၆-၃-၂၀၁၈)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၈၀ | △ | ၂၃၅၀၀ | □ | ၇၈၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၆၄၀ | △ | ၃၈၀၀၀ | △ |
| ပဲခူး | ၅၇၀၀ | □ | ၂၄၀၀၀ | □ | ၇၀၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၆၀၀၀ | □ | ၁၅၀၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၄၂၅၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၂၀၀ | △ | ၂၄၀၀၀ | ▽ | - | - | ၄၉၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၄၀၀ | △ | ၂၁၅၀၀ | △ | - | - | ၃၄၀၀၀ | △ |
| မန္တလေး | ၆၅၀၀ | △ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၅၈၀၀ | □ | ၂၂၀၀၀ | □ | ၇၈၀၀ | □ | ၃၄၀၀၀ | □ |
| လှိုင်ကော် | ၇၆၇၀ | △ | ၃၀၀၀၀ | □ | - | - | ၆၄၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | △ |
| ဘားအံ | ၅၇၀၀ | △ | ၂၆၀၀၀ | ▽ | - | - | ၄၄၂၀၀ | ▽ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၁၂-၃-၂၀၁၈ မှ ၁၆-၃-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 960 | 45,917,399.484 |
| 2 | Form D | 124 | 4,875,653.430 |
| 3 | Form E | 136 | 5,105,439.272 |
| 4 | Korea GSP | 12 | 641,552.710 |
| 5 | Form AK | 94 | 5,421,054.172 |
| 6 | Form AJ | 14 | 643,706.210 |
| 7 | Form AI | 38 | 875,250.450 |
| 8 | Form AANZ | 24 | 260,374.130 |
| 9 | Form DFTP | 1 | 262,080,000 |
| Grand Total | | 1403 | 64,002,509.858 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၃-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၉/၃ | ၁၆/၃ | ပြောင်းလဲမှု | ၉/၃ | ၁၆/၃ | ပြောင်းလဲမှု | ၉/၃ | ၁၆/၃ | ပြောင်းလဲမှု | ၉/၂ | ၁၆/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၂၃ | ၈၀၅ | ▼ | ၇၁၇ | ၇၁၇ | ■ | ၇၇၅ | ၇၆၅ | ▼ | ၇၆၅ | ၇၅၀ | ▼ |
| ပဲစင်းငုံ | ၆၅၆ | ၆၂၇ | ▼ | ၆၀၀ | ၅၅၈ | ▼ | ၅၄၀ | ၅၂၅ | ▼ | ၅၄၀ | ၅၇၀ | ▲ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၁၉၀၂ | ၁၉၀၂ | ■ | ၁၂၄၁ | ၁၂၁၁ | ▼ | ၁၃၇၀ | ၁၃၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၉၀၀ | ၁၈၀၀ | ▼ | ၁၃၃၀ | ၁၂၆၆ | ▼ | ၁၃၂၂ | ၁၃၅၃ | ▲ | ၁၂၆၅ | ၁၃၄၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၃၀ | ၁၀၅၀ | ▲ | ၁၁၆၇ | ၁၂၆၇ | ▲ | - | - | - | ၁၂၅၅ | ၁၄၁၀ | ▲ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၉၅၆ | ၁၉၅၆ | ■ | - | - | - | ၁၅၈၀ | ၁၇၃၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၃-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၉/၃ | ၁၆/၃ | ပြောင်းလဲမှု | ၈/၃ | ၁၅/၃ | ပြောင်းလဲမှု | ၈/၃ | ၁၅/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၆၀ | ၃၆၀ | ■ | ၆၂၀ | ၆၀၁ | ▼ | ၅၃၉ | ၅၃၉ | ■ |
| ပဲစင်းငုံ | ၂၉၀ | ၂၉၀ | ■ | ၆၀၈ | ၆၀၄ | ▼ | ၆၅၅ | ၆၃၉ | ▼ |
| ပဲတီစိမ်း | ၆၁၀ | ၆၁၀ | ■ | - | - | - | ၇၃၉ | ၇၃၉ | ■ |
| ကုလားပဲဖြူလုံးကြီး | ၆၀၀ | ၆၀၀ | ■ | ၅၈၁ | ၅၇၄ | ▼ | ၆၀၈ | ၅၈၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၃.၃.၁၈)ထိ | (၁၀.၃.၁၈)ထိ | (၁၀.၃.၁၈) ထိ |
| မတ်ပဲ | ၄၀၃၆၈ | ၁၁၀၀ | ၄၁၄၆၈ |
| ပဲတီစိမ်း | ၁၉၈၅၉ | ၃၅၈၀ | ၂၃၄၃၉ |
| ပဲစင်းငုံ | ၁၉၃၁၂ | ၁၇၂ | ၁၉၄၈၄ |
| ကုလားပဲ | ၃၉၂ | ၅၆ | ၄၄၈ |
| ပဲလွန်းဖြူ | ၉၈၅၇ | ၅၇၇ | ၁၀၄၃၄ |
| မြေထောက်ပဲ | ၂၁၃၆ | ၃၀၂ | ၂၄၃၈ |

### လက်လီရောင်းဝယ်မှုသာရှိပေမယ့် ဈေးကောင်းရနေတဲ့ ပြည်စားတော်ပဲ

ပြည်ပဲဈေးကွက်မှာ လက်လီလက်ကားရောင်းဝယ်နေကြတဲ့ ပဲများစွာရှိသလို အချို့ပဲများကတော့ လက်လီသာ အမြဲရောင်းဝယ်မှုဖြစ်နေတာကို တွေ့ရပါတယ်။ စားတော်ပဲသီးနှံဟာ ဒေသတွင်း စိုက်ပျိုးထွက်ရှိမှုနည်းတဲ့အတွက် လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် နှစ်စဉ်လိုလို ရောင်းချမှုရှိခဲ့ပါတယ်။ နှစ်ဆန်းပိုင်းကာလကဆိုလျှင် ကနေဒါပဲ အမျိုးအစားရောင်းချခဲ့ကြရလို့ ဒေသတွင်းထွက်ရှိတဲ့ ပဲရော ကနေဒါပဲအမျိုးအစားများပါ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ဈေးနှုန်းမှာတော့ နှစ်စဉ်လိုလို ဈေးကောင်းတဲ့ သီးနှံဖြစ်လို့ ယခုနှစ်မှာလည်း တစ်တင်း ကျပ် ၃၄၀၀၀ ကျော် ရရှိခဲ့ကာ လက်လီပဲဈေးကွက်ရဲ့ ပဲများထဲမှာဈေးအမြင့်ဆုံးရခဲ့တဲ့ သီးနှံဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲနီပြားသီးနှံ အရောင်းအဝယ်သွက်လျက်ရှိ

ပြည်ပဲဈေးကွက်သို့ ပဲနီပြားသီးနှံဝင်ရောက်မှုများလာလို့ တစ်ရက် အိတ် ၂၀၀-၃၀၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။ ပြည်အနီးရှိ ဒေသအချို့မှ ဝင်ရောက်ခဲ့သလို နတ်တလင်း၊ တာပွန်နယ်ဘက်မှလည်း ဝင်ရောက်ခဲ့ပါတယ်။ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ဘက်မှ ပဲသစ်များ ပြည်ဈေးကွက်သို့ လာရောက်ရောင်းချမှုရှိတယ်လို့သိရတာကြောင့် ယခုတစ်ပတ်အတွင်း ပြည်ပဲနီပြားသီးနှံ အရောင်းအဝယ်သွက်နေခဲ့ကာ ပဲဈေးမှာ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့် ထောပတ်ပဲ၊ စားတော်ပဲသီးနှံများဈေးကို မမီပေမယ့် အခြားလက်လီပဲများအားလုံးထက်တော့ ဈေးကောင်းပိုရနေကြောင်းသိရပါတယ်။ ယခင်နှစ်က ယခုလို ပဲအထွက်လှိုင်ချိန်ဈေးနှုန်းမှာတစ်တင်း ကျပ် နှစ်သောင်းခန့်သာရရှိလို့ ယခုနှစ်ဈေးနှုန်းမှာ ယခင်နှစ်ထက် ဈေးပိုရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်အတွင်း ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲကြီးသီးနှံအရောင်းအဝယ်သွက်လျက်ရှိ

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်အတွင်းသို့ ဆောင်သီးနှံများအထွက်လှိုင်လို့ ဝင်ရောက်မှုများလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ကုလားပဲသီးနှံမှာတော့ပဲအထွက်လှိုင်ချိန်ဖြစ်လို့ ကုလားပဲမျိုးစုံ အိတ်၁၀၀၀ကျော်နေ့စဉ်ဝင်ရောက်လာခဲ့ကာ ခွဲစက်သမားများနှင့်လှော်လက်သမားများကလည်းဝယ်ယူလာတာကြောင့် ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်ကျပ် ၂၄၃၀၀၊ ထိုင်ဝမ် တစ်တင်းလျှင်ကျပ် ၂၅၇၀၀ နှင့် 929 တစ်တင်းလျှင် ကျပ် ၂၃၈၀၀ ဖြင့် ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၂၀၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိပါတယ်။ မတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၁၅၃၀၀ ဖြင့် ဈေးငြိမ်ခဲ့ပြီး အရောင်းအဝယ်မှာတစ်ရက်အိတ် ၅၀၀ခန့်ရှိပါတယ်။ ပဲတီစိမ်းသီးနှံကတော့ လက်ကျန်ပဲများဝင်ရောက်မှုရှိခဲ့လို့ တစ်ရက်အိတ်၁၀၀ ကျော်ဝင်ရောက်ခဲ့တာ တွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံဈေးမှာတော့ စိမ်းကြီးတစ်တင်းကျပ် ၂၂၀၀၀-ကျပ် ၂၃၀၀၀ ဖြင့် နေ့စဉ်အဝင်မရှိဘဲ ရက်ခြားဝယ်ယူမှုရှိခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။ ပဲစင်းငုံသီးနှံဈေးကွက်မှာတော့ ယခင်တစ်ပတ်ထက်ဈေးနှုန်းလျော့နည်းခဲ့ပြီး တစ်တင်းလျှင်အဟောင်းကျပ် ၁၁၂၀၀၊ အသစ် ကျပ် ၁၀၇၀၀ ဖြင့် အရောင်းအဝယ်မှာလည်း ယခင်တစ်ပတ်ထက်လျော့နည်းခဲ့ပြီးအသစ်ရောအဟောင်းပါ နှစ်မျိုးပေါင်း တစ်ရက်အိတ် ၁၅၀၀ခန့်ဖြစ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ပဲကြီးသီးနှံအသစ်များတစ်ရက်အိတ် ၁၀၀၀ ခန့် ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်ခဲ့တာတွေ့ရှိရပါတယ်။ ယခုတစ်ပတ် ပဲကြီးသီးနှံ ဈေးကွက်မှာတော့ ပဲကြီးတစ်တင်းလျှင် ကျပ် ၃၁၅၀၀-၃၇၀၀၀ ကျပ်ဖြင့် ဒေသတွင်းဝယ်လက်နှင့် ရန်ကုန်ဝယ်လက်ရှိခဲ့လို့ တစ်ရက်အိတ် ၈၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တာ တွေ့ရပါတယ်။ အခြားလက်လီ ပဲမျိုးစုံဈေးကွက်တွင် ပဲအသစ်များထွက်ပေါ်ချိန်ဖြစ်၍ စွန်တာနီတစ်တင်းလျှင် ကျပ် ၂၅၅၀၀- ကျပ် ၂၆၀၀၀ ဖြင့်အိတ် ၂၀၀ခန့်၊ မလွမ်းပို တစ်တင်းလျှင် ကျပ် ၂၈၅၀၀ ဖြင့် အိတ် ၂၀၀ခန့်၊မြေထောက်ပဲ တစ်တင်းလျှင် ကျပ် ၂၉၀၀၀- ကျပ် ၃၃၀၀၀ဖြင့် အိတ် ၈၀၀ ခန့်၊ ပုဂံပဲတစ်တင်းလျှင် ကျပ် ၃၃၅၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ ပဲပုပ်စေ့တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ်၆၀၀ခန့်၊ ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြင့် အိတ်၁၀၀ခန့်နှင့် ပဲယင်းဝါတစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဖြင့် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

ယခုတစ်ပတ်ဆီထွက်သီးနှံဈေးကွက်မှာတော့ မြေပဲလုံးဆန်နီတစ်ပိသာလျှင် ၂၂၇၅-၂၃၂၅ ကျပ်၊ လုံးဆန်ဖြူတစ်ပိသာလျှင် ကျပ် ၂၄၀၀-၂၆၀၀ နှင့် ဆီဆန် တစ်ပိသာလျှင် ကျပ် ၂၂၀၀ ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းမျိုးစုံဈေးကွက်မှာတော့ နှမ်းဂွနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၈၀၀၀-၄၅၅၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၂၀၀၀-၄၀၀၀၀ ကျပ်ဖြင့် နှမ်းမျိုးစုံအိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**လင်းလင်းသန့်**

## ရေစကြိုကုန်စည်ဒိုင်တွင် ပဲလွန်းပြာ(နတ်တော်ပဲ)ဈေးကောင်းရရှိ

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင်မြေပဲဆန်ဈေးမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိပြီးမြေပဲလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၂၇၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင် ကျပ် ၂၃၀၀-၂၅၀၀ ကျပ်၊ S1 (မြေပဲဖြူလုံးဆန်)ကျပ် ၂၄၀၀ မှ ကျပ် ၂၅၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက် မတ်ပဲဈေးအနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ကျပ် ၁၄၀၀၀၊ ပဲလွန်းပြာတစ်တင်းလျှင်ကျပ် ၁၇၂၀၀၊ ကုလားပဲဝါHLတစ်တင်းလျှင်ကျပ် ၂၅၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ 929 ကုလားပဲဖြူတစ်တင်းလျှင်ကျပ် ၂၄၀၀၀၊ ပဲပိစပ် တစ်တင်းလျှင်ကျပ် ၁၀၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၇၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၃၅၀၀ ဖြင့် အိတ် ၅၀ခန့်နှင့် ပြောင်းဖူးစေ့ (CP) ဈေးမှာ တစ်တင်းလျှင်ကျပ် ၁၁၃၀၀ ဖြင့် အိတ် ၂၀၀ခန့်အရောင်းအဝယ်ဖြစ်နေကြောင်း ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ဈေးကွက်တွင် မြေပဲဆန်(အနီ)ဝယ်လိုအားများပြီး ဈေးမြင့်လာ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆီဆန်ဈေးပြန်ကျလာပြီး လုံးဆန်(အဖြူ)ဈေးအနည်းငယ် မြင့်လာတာတွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ပန်းတောင်း၊ ကံမနှင့် တောင်ကုတ်ဘက်မှ တစ်နေ့လျှင် အိတ် ၂၀၀၀-၂၅၀၀ ခန့် ဝင်ရောက်မှုရှိသဖြင့် ဈေးကွက်တွင် မြေပဲဆန်လက်ကျန်များပေမယ့် ဝယ်လိုအားနည်းလာသဖြင့် ဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။

လုံးဆန်ကို (အဖြူ)ရော(အနီ)ပါ မန္တလေးဝယ်လက်များက အဝယ်ရှိပြီး ဆီဆန် (အဖြူ)၊(အနီ) နှစ်မျိုးစလုံးကို ရန်ကုန်ဆီစက်နှင့် ပြည်မြို့ရှိ ဆီစက်များက ဝယ်ယူမှုရှိနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်များမှာ ဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၁၀၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာပြီး လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀နှင့်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၄၀၀ ဖြင့် လုံးဆန် (အဖြူ)မှာ ယခင်တစ်ပတ်ကထက် ဈေးမြင့်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## မြင်းခြံခရိုင်၏ မြေပဲသီးနှံထွက်ရှိမှု

မြင်းခြံခရိုင်၏မြေပဲစိုက်ဧကမှာ ၁၆၄၄၆၉၊ ရိတ်ဧက၁၄၈၂၇၄၊ အထွက်နှုန်း၄၈ ဒသမ ၉၆ ဧကနှင့် အထွက်(တင်း) ၇၂၅၈၈၆၀ ဖြစ်သည်ဟု သက်ဆိုင်ရာဌာနစာရင်းများအရသိရှိရပါသည်။ မြေပဲရွက်များ အဝါရောင်ပြောင်းချိန်တွင် အပင်နမူနာများယူ၍ ရင့်မှည့်သောမြေပဲတောင့်ရာခိုင်နှုန်းကိုကြည့်ရှုရပါမည်။ မြေပဲတောင့်အခွံအတွင်းဘက်ရှိ အကြောကွက်ကလေးများ ထင်ရှားနေအောင် အရောင်ရင့်နေမည်ဆိုလျှင် ကောင်းစွာရင့်မှည့်နေပြီဖြစ်ပါသည်။ မြေပဲပင်တွင် ပင်ထောင်နှင့် ပင်ပြန့်နှစ်မျိုးရှိသည်။ ပင်ထောင်မြေပဲမျိုးသည်စိုက်ပြီးရက်ပေါင်း ၁၁၀ မှ ၁၃၀ တွင် ရင့်မှည့်ပြီး ပင်ပြန့်မျိုးသည်စိုက်ပြီး ရက်ပေါင်း ၁၃၀ မှ ၁၅၀ ရက်အတွင်း ရင့်မှည့်ပါသည်။

ရိတ်သိမ်းချိန်စောပါကမြေပဲများကောင်းစွာမရင့်မှည့်နိုင်ဘဲအစေ့အရည်အသွေးကျဆင်းပြီး ဆီပါဝင်မှု ရာခိုင်နှုန်းကိုလျော့ကျစေပါသည်။ ရိတ်သိမ်းချိန်နောက်ကျပါကလည်း ရင့်မှည့်နေသောအတောင့်များမှအညှောင့်ပေါက်မှုကြောင့်အထွက်နှုန်း လျော့နည်းတတ်ပါသည်။ မြေပဲတောင့်(ပြန့်)စို တစ်ပိဿာ ကျပ် ၆၀၀- မှ ၆၅၀ နှင့်မြေပဲတောင့်စို(သုံးဆင့်တောင့်) အသစ်မှာ ကျပ် ၇၅၀ မှ ၈၀၀ ရှိကြောင်း မြင်းခြံကုန်စည်ဒိုင်ဈေးကွက်မှသိရှိရသည်။

**သူဇာမိုး(မြင်းခြံ)**

Vol: 18, No.12 Monday March 19 2018

## မြန်မာ့ဆိပ်ကမ်းတွင် ၁၆ .၃ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ်း | - MT.AU VIRGO | P'Oil(In Bulk) ၅၀၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - CAPE FLORES | ကုန်သေတ္တာ ၄၇၇ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - YUAN JING | Unit RTG Crane ၉ ကုန်ချရန် |
| အလုံဆိပ်ကမ်း (၁) | - SINAR BATAM | ကုန်သေတ္တာ ၃၂၃ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၄) | - DREAM CATCHER | ဆန် ၁၃၅၆၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၅) | - ATLANTIS FORTUNE | ဆန် ၂၄၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၇) | - BUDVA | ဆန် ၂၅၆၇၈ တန်ကုန်တင်ရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - U THAR | Fertilizer (I/B) ၁၀၀၀၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၁) | - MCC MERGUI | ကုန်သေတ္တာ ၁၁၄ ကုန်တင် ၁၅၉ ကုန်ချရန် |
| Green Asia JETTY | - MT.YU RU | MOGAS (92RON) ၁၁၅၅၆ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| YU HENG XIAN FENG | Units Vehicles(RO/RO) ၈၂၆ တန်ကုန်ချရန် | SRILANKA | ၁၅.၃.၂၀၁၈ |
| INDUSTRIM HOBRAT | ELECTRIC GOODS ၁၇၄ တန်ကုန်ချရန် | - | ၁၆.၃.၂၀၁၈ |
| DYNAMIC OCEAN | Steel D'BERARS ၆၆၈၆ တန်ကုန်ချရန် | CHINA | ၁၇.၃.၂၀၁၈ |
| GRAND CHOICE | Units Vehicles(RO/RO) ၁၈၆ တန်ကုန်ချရန် | JAPAN | ၁၇.၃.၂၀၁၈ |
| NACCPOROS | Cement (In Bulk) ၇၀၀၀ တန်ကုန်ချရန် | MALAYSIA | ၁၇.၃.၂၀၁၈ |
| YUAN JING | CRANE ၇၀၀ ကုန်ချရန် | CHINA | ၁၇.၃.၂၀၁၈ |
| VICKING OCEAN | Units Vehicles(RO/RO) ၂၄၆ တန်ကုန်ချရန် | JAPAN | ၁၇.၃.၂၀၁၈ |
| HAN THAR | Steel Bar ၅၂၀၀ တန်ကုန်ချရန် | INDIA | ၁၇.၃.၂၀၁၈ |
| MS SLIVER SHADOW | Cruse Vessel PAX ၃၀၅ | THAILAND | ၁၈.၃.၂၀၁၈ |
| MS.BLACK WATCH | Nos,Cruse Vessel PAX ၇၀၀ | - | ၂၀.၃.၂၀၁၈ |
| MS EUROPA | Nos,Cruse Vessel PAX ၇၀၀ | - | ၂၀.၃.၂၀၁၈ |
| YANGTZE NOVA | Coal (In Bulk) ၃၃၀၀၀ တန်ကုန်ချရန် | INDIA | ၂၂.၃.၂၀၁၈ |
| SPRING AMIR | Iron Pipes ၃၁၂၆တန်ကုန်ချရန် | SINGAPORE | ၂၄.၃.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BALI | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၅.၃.၂၀၁၈ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၃.၂၀၁၈ |
| SOUL OF LOVE | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၆.၃.၂၀၁၈ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၇.၃.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၃.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၃.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၈.၃.၂၀၁၈ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၈.၃.၂၀၁၈ |
| MCCSHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁.၃.၂၀၁၈ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၃.၂၀၁၈ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၆.၃.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၈.၃.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၄.၃.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁၆.၃.၂၀၁၈ |
| MT.PRINROSE | P'Oil(In Bulk) | SINGAPORE | ၁၆.၃.၂၀၁၈ |
| MT.CAPE DURANGO | MOGAS 92 RON | SINGAPORE | ၁၆.၃.၂၀၁၈ |
| MT.OCEAN MANTA | ဒီဇယ်ဆီ | INDONESIA | ၁၆.၃.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၁၇.၃.၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ | SINGAPORE | ၁၇.၃.၂၀၁၈ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ | SINGAPORE | ၁၈.၃.၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | SINGAPORE | ၂၀.၃.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | SINGAPORE | ၂၀.၃.၂၀၁၈ |
| MT.OCEAN INDIGO | MOGAS 92 RON | INDONESIA | ၂၀.၃.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | INDONESIA | ၂၀.၃.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၂၃.၃.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၂၄.၃.၂၀၁၈ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၂၅.၃.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | INDONESIA | ၂၇.၃.၂၀၁၈ |

# ပခုက္ကူကုန်စည်ဒိုင်၌ ပဲကြီးဖြူဈေးကောင်းရရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ် တစ်တင်းလျှင်ကျပ် ၉၀၀၀ မှ ၁၀၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင်ကျပ် ၁၁၆၀၀ ဖြင့် နေ့စဉ် အိတ် ၅၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဝါ HL တစ်တင်းလျှင်ကျပ် ၂၅၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၄၂၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၂၀၀ဖြင့် အိတ် ၅၀ ခန့်၊ ပဲယင်း (ယော) တစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ပဲယင်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၈၁၀၀ ဖြင့် အိတ် ၃၀ ခန့်၊ ပဲလွန်းပြာအသစ်တစ်တင်းလျှင် ကျပ် ၁၇၂၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၇၈၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲကြီးဖြူ တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ (ယော) တစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့် အိတ် ၃၀ ခန့်၊ စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၂၀၀ ခန့်၊ထီးလင်း (စားတော်ပဲ)တစ်တင်းလျှင် ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၂၀ ခန့်၊ ပဲစာဥတစ်တင်းလျှင် ကျပ် ၂၇၅၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပြောင်းဖူးစေ့ (CP) ဈေးဟာလည်း တစ်ရိပ်ရိပ် တက်လျက်ရှိပြီး ဖေဖော်ဝါရီလ၏ ပထမပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၁၁၃၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ယောထောပတ်ပဲဖြူတစ်တင်းလျှင်ကျပ် ၃၂၅၀၀ ဖြင့် အိတ် ၂၀၀ ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှအဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင်ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ နှမ်းနက် (စမုံ) တစ်တင်း ကျပ် ၂၅၀၀၀မှ ၃၉၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန်ကျည်းတောင့် တစ်ပိဿာလျှင်ကျပ် ၁၁၄၀ ဖြင့် ပိဿာချိန် ၂၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# မဘိမ်းစပါး အရောင်းသွက်

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်း စပါးကုန်သည်များ အဝယ်များနေ၍ ဈေးကောင်းရလျက်ရှိသည်။ စပါးပေါ်စအချိန် စပါးဈေးတစ်တင်းလျှင် ကျပ် ၆၀၀၀ ရှိရာမှ ယခုလက်ရှိအချိန်မှာတော့ စပါးဈေးမှာ တစ်တင်း ကျပ် ၇၀၀၀ ဖြစ်နေကြောင်း သိရှိရသည်။

စပါးများကို ဗန်းမော်မြို့သို့ တင်ပို့ရောင်းချနေတဲ့အတွက် ဈေးကောင်းရရှိ၍ ဒေသတွင်းရှိဆန်စက်များအလုပ်မဖြစ်ကြောင်း အိမ်သုံးစပါး အနည်းငယ်သာ လာကြိတ်ကြကြောင်း ဆန်စက်ပိုင်ရှင်များ၏ ပြောပြချက်အရ သိရှိရသည်။ စပါးကုန်သည်တစ်ဦး၏ ပြောပြချက်အရ စပါးများကို ၁၈ ပြည်တောင်းနဲ့ သစ်သီးလိမ့်ကျဝယ်ယူပြီး ဗန်းမော်ဆန်စက်တွင် သွားရောင်းချရာ ကတ္တားဖြင့် ချိန်သည့်အတွက် စပါးတင်း ၃၀၀ ကို တင်း ၅၀ ပိုကြောင်း သိရှိရသည်။ ဗန်းမော်တွင်လည်း တစ်တင်း ကျပ် ၇၀၀၀ ဈေးဖြစ်သော်လည်း စပါးတင်းပိုထွက်သည့်အတွက် အမြတ်ရကြောင်း၊ ကားငယ်ဖြင့်တင်ပါက ကားခ၊ အလုပ်သမားခပေးရသည့်အတွက် မကိုက်ကြောင်း၊ စပါးများများတင်နိုင်သည့် ကားကြီးများဖြင့်တင်ပါက အမြတ်ပိုထွက်ကြောင်း သိရှိရသည်။

ထို့ကြောင့် မဘိမ်းမြို့နယ်အတွင်း စပါးများဈေးကောင်းနေသည့်အတွက်ကြောင့် ဆန်ဆိုင်များ အလွန်နည်းပါးကာ စက်ရုံမှသာဝယ်ယူနေရပြီး ဆန်ဈေးမှာတစ်အိတ် ကျပ် ၂၇၀၀၀ မှ ကျပ် ၃၀၀၀၀ ထိဖြစ်ကြောင်း သိရှိရသည်။

**ခင်မာကြည်(မဘိမ်း)**

# ရော်ဘာ RSS အမျိုးအစားဈေးကျသော်လည်း MSR အမျိုးအစား အတက်အကျသိပ်မရှိ

မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၁၃ သန်းတန်ဖိုးရှိ ရော်ဘာအမျိုးအစားအစုံ ၂၀၅၄ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 1 အမျိုးအစား ၂၂၅ တန်ကျော်၊ RSS 3 အမျိုးအစား ၁၅၃၈ တန်ကျော်နဲ့ MSR 20 အမျိုးအစား ၁၆၁ တန်ကျော် တင်ပို့ခဲ့ပြီး ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား တန်ချိန် ၁၃၀ ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ၁၂၁၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင်ကျပ် ၁၈ သိန်းကျော်ရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၃၇၅၉ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၄ ရက်မှ ၁၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၇၈၃၉၇၅ တန်ဖိုးရှိ ရော်ဘာ ၅၆၇ တန်ကျော်ကို တရုတ်နိုင်ငံနဲ့ မလေးရှားနိုင်ငံသို့တင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသို့ MIXTURE OF NATURAL RUBBER အမျိုးအစား ၃၂၇ တန်နဲ့ မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစား တန်ချိန် ၂၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနိုင်ငံများသို့ ယခုတစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိတဲ့အတွက် ရော်ဘာတင်ပို့မှု ၉၁၅ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀ ခန့်ဈေးကျပြီး MSR အမျိုးအစားမှာ အနည်းငယ်သာအတက်အကျရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးနှုန်းများမှာ -

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀၊ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ ၊ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၈၀၀-၁၉၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

ရှိကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ...... မှအဆက်

အဆိုပါအခမ်းအနားသို့စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရမဟုတ်သော စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ၊ စားသုံးသူရေးရာအသင်း၊ USAID နှင့် EU-GIZ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

## ကြက်သွန်

### တာချီလိတ်မှ ကြက်သွန်နီပိုမိုတင်ပို့ပြီး မူဆယ်မှလျော့နည်းတင်ပို့

မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၉ သန်းတန်ဖိုးရှိကြက်သွန်နီတန် ၅၁၀ ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၃၅၀၀တန်ဖိုးရှိကြက်သွန်နီတန် ၁၀၀ နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၂၂၇၄ တန်ဖိုးရှိကြက်သွန်နီတန် ၃၀ ကျော်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးအသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၅၂၉ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၁၉ တန်ခွဲ လျော့နည်းခဲ့ပေမယ့် တာချီလိတ်မှ ယခင်တစ်ပတ်က တန် ၅၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန် ၅၀ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အဆိုပါသီတင်းပတ်အတွင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၉၀၀ မှ ကျပ် ၉၅၀ ဈေးရှိခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ဆောင်းကြက်သွန်နီ လှိုင်လှိုင်ပေါ်၍ ဈေးသိသိသာသာကျဆင်း

ယခုတစ်ပတ် ပခုက္ကူခရိုင်အတွင်း၌ ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလျက်ရှိပါတယ်။ ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သည့် ပေါက်၊ ဆိပ်ဖြူ ရေစကြိုမြို့နယ်များတွင် မိုးစိုက်( ဥစိုက် )ကြက်သွန်နီများကုန်ဆုံးပြီး ဈေးကွက်အတွင်းသို့ ဆောင်းစိုက်(ပင်)များ ဖေဖော်ဝါရီလ ပထမပတ်မှာ စတင်ဝင်ရောက်လာပါတယ်။ ဖေဖော်ဝါရီလတွင် ကြက်သွန်နီလက်ကားထိပ်စတစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ အလတ်စ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဖြစ်ပြီး လက်လီဈေးနှုန်းများမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၇၀၀ အလတ်စတစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် နေ့စဉ်ပိဿာချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်လပထမပတ်အတွင်း ကြက်သွန်နီဈေးနှုန်းမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့ပါတယ်။ ထိုကဲ့သို့ ကြက်သွန်နီဈေးကျဆင်းရခြင်းမှာ ကြက်သွန်နီအရည်အသွေးပေါ်မူတည်ပြီး လက်ကားဈေးထိပ်စ တစ်ပိဿာလျှင် ကျပ် ၈၀၀၊ လတ်စ တစ်ပိဿာလျှင် ကျပ်၅၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၃၀၀ဖြင့် နေ့စဉ်ပိဿာချိန် ၅၀၀၀၀ မှ ၆၀၀၀၀ကြားအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီကိုအဓိကထားအရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပဲမျိုးစုံသီးနှံမှာ တစ်ခါတစ်ရံသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၇၀၀ ၊ အလတ်စတစ်ပိဿာလျှင် ၆၂၅ ကျပ်၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၅၅၀ ဖြင့် နေ့စဉ်ကုန်စည်ဒိုင်တွင် ကုန်ချိန် ၅၀၀၀၀ မှ ၁၀၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

### ပြည်ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလျက်ရှိ



ယခုတစ်ပတ် ပြည်ဈေးကွက်ရဲ့ ကြက်သွန်နီဈေးနှုန်းများမှာ တဖြည်းဖြည်းအကျဘက်သို့ ဦးတည်နေတာတွေ့ရပါတယ်။ ယခုအချိန်ကာလမှာ ကြက်သွန်နီအဓိကစိုက်ပျိုးရာဒေသများတွင် အထွက်လှိုင်နေသောကာလဖြစ်သည့်အတွက် ဈေးနှုန်းများကျဆင်းသလို ဝင်ရောက်မှုအနေနဲ့လည်း အောင်လံ၊ သရက်၊ မကွေး၊ ရေနံချောင်း၊ တောင်တွင်းအစရှိတဲ့ နယ်များမှ ယခုတစ်ပတ်တွင် တစ်ရက်ကိုပိဿာ ၃၀ ဝင်အိတ် ၅၀၀ - ၆၀၀ မှ အိတ် ၁၀၀၀ ထိ ဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။ ဈေးနှုန်းများကျဆင်းပြီး ဝင်ရောက်မှုလည်းများနေသလို အရောင်းအဝယ်မှာလည်း အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်းဝယ်လက်သမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တိုင်းကျော်တင်ပို့မှု အပါအဝင် တစ်ရက်ကို ဝင်ရောက်မှုရဲ့ လေးပုံသုံးပုံခန့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

ကြက်သွန်နီဈေးနှုန်းများအနေဖြင့် ယခုတစ်ပတ် ပြည်ပွဲရုံလက်ကားဈေးများတွင် ကြီး၊ လတ်၊ သေး မခွဲခြားဘဲ အရည်အသွေးပေါ်မူတည်ကာ တစ်ပိဿာလျှင်ကျပ် ၇၀၀ - ကျပ် ၇၅၀ - ကျပ် ၈၀၀- ကျပ် ၈၅၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး)ကျပ် ၉၀၀ - ကျပ် ၁၀၀၀ တို့ဖြင့်ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားဈေးတစ်ပိဿာ (ကြီး) ကျပ် ၁၂၀၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး) ကျပ် ၁၀၀၀- ကျပ် ၁၀၅၀တို့ရှိပြီး လက်လီဈေး(ကြီး) ကျပ် ၁၅၀၀၊ (လတ်) ကျပ် ၁၃၀၀၊ (သေး) ကျပ် ၁၂၀၀ နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းအောက် တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၃၀၀ ခန့်ကျဆင်းသွားတာ တွေ့ရပါတယ်။

ကြက်သွန်နီဈေးနှုန်းများကျဆင်း၍ စားသုံးသူများ စိတ်ကျေနပ်မှုရှိနေပေမယ့် စိုက်ပျိုးသူတောင်သူများမှာတော့ ဈေးနှုန်းများဆက်တိုက်ကျဆင်းနေတဲ့အတွက် တွက်ခြေကိုက်မှုနည်းနေကြောင်းသိရှိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

## မန်ကျည်း



### ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုလျော့

မတ်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၃၇၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့၁၂၅တန်၊ မလေးရှားနိုင်ငံသို့တန်ချိန် ၁၀၀၊ စင်ကာပူနိုင်ငံသို့ ၂၃ တန်၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ဗီယက်နမ်နိုင်ငံသို့ ၂၅ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၆၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၈၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၇၄၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## နနွင်း

### မူဆယ်မှ တရုတ်နိုင်ငံသို့ နနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၁၃၅၅၇ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) တန် ၄၃၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၆၈ တန်နဲ့ နှိုင်းယှဉ်ပါက ၆၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ကျပ် ၉၆၈၁၁၀ - ၉၆၉၄၄၀ ဈေးဝန်းကျင်ရှိကြောင်း၊ ယမန်နှစ်ကာလတူက ကျပ် ၉၄၃၈၄၀ ဈေးရှိခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

### ရှမ်းနနွင်းအဟောင်းရော အသစ်ပါအရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်မှာ ရှမ်းနနွင်းကတော့ အရောင်းအဝယ်သွက်နေပါတယ်။ အောင်ပန်းဈေးကွက်မှာလည်း အရောင်းအဝယ်ဖြစ်နေသလို ဟိုပုံးဈေးကွက်မှာလည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ တရုတ်ကို တင်ပို့ဖို့အတွက် ဝယ်ယူနေတာကြောင့် ပြီးခဲ့တဲ့တစ်ပတ်က ပိဿာချိန်တစ်သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ရှမ်းနနွင်းအသစ်တွေက နှစ်လပိုင်းအကုန် သုံးလပိုင်း အစမှာ ဈေးကွက်ကိုစပြီး ဝင်ရောက်လာပါတယ်။ အဟောင်းလက်ကျန် ကတော့ အတော်နည်းသွားပြီလို့ ဒေသခံနနွင်းပွဲရုံတွေထံမှ သိရပါတယ်။ အခုတလောဈေးကွက်မှာ အသစ်၊ အဟောင်းလက်ကျန်ရောပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ ဟိုပုံးဈေးကွက်မှာက ပြည်ပတင်ပို့ဖို့အတွက် နနွင်းတွေကို ရွေးချယ်သန့်စင်ပြီး ရောင်းဝယ်ရတာကြောင့် ပစ္စည်းကသုံးမျိုးဖြစ်ပြီး ဈေးကလည်းသုံးမျိုးဖြစ်သွားပါတယ်။ မူဆယ်ဝယ်လက်တွေက အချောစတွေကို အဝယ်များပြီး ပြည်တွင်းဝယ်လက်တွေက ကြမ်း/ချောကို ဝယ်ယူမှုရှိပါတယ်။ ယခုတစ်ပတ်နနွင်းဈေးကွက်က ဟိုပုံးမှာဆိုရင် (အကြမ်း)က တစ်ပိဿာ ကျပ် ၂၀၅၀၊ (ကြမ်းချော)က ကျပ် ၁၄၀၀- ကျပ်၁၅၀၀၊(ချော)က ကျပ် ၂၂၀၀ ဈေးနဲ့ အောင်ပန်းမှာတော့ တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ် ၃၅၀၀ရှိတယ်လို့သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## ချင်း

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းတန် ၂၀ကျော်တင်ပို့

မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၇၆၀ တန်ဖိုးရှိ ချင်းစို ၂၆ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ ချင်းတင်ပို့မှုမရှိဘဲ မောင်တောမှ ၈ တန်တင်ပို့ခဲ့တာ တွေ့ရပါတယ်။ စစ်တွေမှာ ချင်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၁၀၁၀၇၁၀ ဝန်းကျင်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၁၀၃၃၂၉၀ဈေးရှိခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

### အောင်ပန်းဈေးကွက် ရှမ်းချင်းအရောင်းသွက်

ယခုတစ်ပတ် ဟိုပုံးဈေးကွက်မှာ ချင်းအရောင်းအဝယ်က နည်းပါးနေပါတယ်။ တောင်သူတွေ လာရောင်းတဲ့ချင်းကို ပွဲရုံတွေကပုံမှန်ဝယ်ယူနေပေမယ့် ပွဲရုံတွေက ချင်းတွေကိုတော့ ဝယ်လက်တွေက ဝယ်ယူမှုနည်းနေပါသေးတယ်။ ဈေးကွက်မှာ အရောင်းအဝယ်သိပ်မကောင်းလှတာကြောင့် တောင်သူတွေကလည်း မဖော်တော့ဘူးလို့သိရပါတယ်။ မြေကြီးထဲမှာပဲထားရင် သုံးလ၊ လေးလခန့်အထားခံတာကြောင့် ဈေးရမှသာဖော်တော့မယ်လို့လည်းဆိုပါတယ်။ ချင်းစိုတစ်ပိဿာကို ကျပ် ၃၀၀ မှ ကျပ် ၃၅၀ ရှိပြီး ချင်းခြောက်က အခက်အကြီးအသေးပေါ်မူတည်ကာ အခက်သေးရင် ကျပ် ၇၀၀ မှ ကျပ် ၈၀၀ ခန့်၊ အခက်ကြီးရင် ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ခန့် ရရှိတယ်လို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ပြည်တွင်းသုံးအတွက် ဝယ်ယူမှုရှိနေလို့ အရောင်းသွက်နေပါတယ်။ အလှူရာသီဖြစ်လာတာကြောင့် ဝယ်ယူနေကျ ဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ တပ်ကုန်း၊ မုံရွာ၊ ပြည်စတဲ့မြို့တွေကတစ်ဆင့်ပြန်ဖြန့်ဖို့အတွက် ဝယ်ယူမှုရှိနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၈ သိန်း အရောင်းအဝယ်ဖြစ်ခဲ့သလို ချင်းခြောက်ကလည်း ၁ ဒသမ ၅ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းချင်းကတော့ ချင်း(စို)ကတစ်ပိဿာ ကျပ် ၂၅၀မှ ကျပ် ၄၃၀ရှိပြီး ချင်းခြောက်က တစ်ပိဿာကို ကျပ် ၁၀၀၀ မှ ကျပ် ၁၁၀၀ ဈေးရှိတယ်လို့သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

### ရေလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်း ၁၃၅ တန်တင်ပို့

မတ်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၃၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်း၇၂၉ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်း ၅၉၄ တန် တင်ပို့မှုလျော့နည်းခဲ့ပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉၀၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## စားသုံးဆီ/ဒီဇယ်

# ဒီတစ်ပတ်စားသုံးဆီ၊ ဒီဇယ်တန်ချိန် ၁၁၀၀၀၀ ကျော်တင်သွင်း

မတ် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၂၅၇၁၂၄၁၆တန်ဖိုးရှိ စားသုံးဆီ ၄၆၆၆၂ ဒသမ ၃၅ တန်နဲ့ အမေရိကန် ဒေါ်လာ ၄၁၁၄၈၁၄၁ တန်ဖိုးရှိ ဒီဇယ် ၇၃၀၃၄ ဒသမ ၅၂ တန်၊ စုစုပေါင်း ၁၁၉၆၉၆ ဒသမ ၈၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ စားသုံးဆီတန်ချိန် ၃၂၀၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၆၂၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ် တန်ချိန် ၁၀၇၁၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၄၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ စားသုံးဆီအဝင်ပိုပြီး ဒီဇယ် အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းတန်ဖိုးရှိ **Re-export** ဒီဇယ် ၁၇၃၈ ဒသမ ၀၆ တန် တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၆၀၅၂၀ တန်ဖိုးရှိ ဒီဇယ် ၈၄၄ ဒသမ ၃၆ တန်တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၂၄၃၆၁၆၈ တန်ဖိုးရှိ ဒီဇယ် ၄၂၁၅ ဒသမ ၅၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်စျေးကွက်**မှာ စားသုံးဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ စျေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် ၈၀၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၇၇၀၊ အောက်တိန်း (95) ၈၁၅ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၁၅ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မတ် ၁၂ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ် ၁၆၄၀၀၀၊ ရောင်းစျေး ကျပ် ၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၁၆ ရက်တွင် ဝယ်စျေး ကျပ် ၁၆၀၀၀၀၊ ရောင်းစျေး ကျပ် ၁၆၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ မတ် ၁၂ ရက်မှာ စားသုံးဆီ ဝယ်စျေး ကျပ် ၁၇၅၀၀၀၊ ရောင်းစျေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ယှဉ်ရင် ဒီဇယ်ရော စားသုံးဆီပါ စျေးအပြောင်းအလဲ မရှိဘူးလို့ သိရပါတယ်။

**မန္တလေးစျေးကွက်**မှာ စားသုံးဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)နဲ့ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ စျေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၈၃၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀၊ အောက်တိန်း(92) တစ်လီတာကျပ်၈၄၀၊ စားသုံးဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ မတ် ၁၂ ရက်တွင် ဒီဇယ်ဝယ်စျေးကျပ် ၁၆၅၀၀၀၊ရောင်းစျေးကျပ်၁၆၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)စျေးမှာ မတ် ၁၂ ရက်တွင် ဝယ်စျေး ကျပ် ၁၆၁၀၀၀၊ ရောင်းစျေး ကျပ် ၁၆၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၁၅ ရက်မှစပြီး ဝယ်စျေး ကျပ် ၁၆၀၀၀၀၊ ရောင်းစျေး ကျပ် ၁၆၃၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ ယှဉ်ရင် ဒီဇယ်ရော စားသုံးဆီပါ စျေး နည်းနည်း ကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း(92)မှာ စျေးနည်းနည်းကျလာပြီး အောက်တိန်း(95)မှာ စျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးများမှာ စားသုံးဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၅၀၊ အောက်တိန်း(92) ၈၁၅ ကျပ်၊ အောက်တိန်း **(95)**၈၆၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ စားသုံးဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# စျေးအတက်အကျရှိခဲ့သည့် ပြည်တွင်းရွှေစျေးကွက်

မတ်လ ဒုတိယပတ်အတွင်း ပြည်တွင်းရွှေစျေး အတက်အကျများခဲ့ပြီး ကမ္ဘာ့ရွှေစျေးမှာမူ စျေးကျဆင်းခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်မှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၉၀၀၀ ကျော် စျေးရှိခဲ့သော ပြည်တွင်းရွှေစျေးနှုန်းများသည် ယခုရက်သတ္တပတ်ကုန်ဆုံးချိန်တွင် ကျပ် ၉၃၈၅၀၀ စျေးရောက်ရှိခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေစျေးကွက်က စျေးကျခဲ့ပါတယ်။ ကမ္ဘာ့ရွှေစျေးလည်း အကျကြမ်းခဲ့တယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရာထူးက ထုတ်ပယ်ခံရတာနဲ့ ကုန်သွယ်ရေးစစ်ပွဲလိုသတင်းတွေကြောင့် ကမ္ဘာ့ရွှေစျေး အိမ်နေရာကနေ အမေရိကန်ဗဟိုဘဏ်က ဘဏ်တိုးနှုန်းမြှင့်လိုက်တဲ့ သတင်းတွေကြောင့် ကမ္ဘာ့ရွှေစျေး တအိအိကျလာခဲ့ပါတယ်။ ရွှေစျေးထပ်ကျသွားနိုင်ခြေရှိပါတယ်"ဟု ပြည်တွင်းရွှေ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေစျေးကွက်တွင် မတ် ၁၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၉၅၀၀ ရှိခဲ့ရာ မတ် ၁၅ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၁၀၀၀ သို့ တက်လာခဲ့ပြီး မတ် ၁၆ ရက်တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၈၅၀၀ ထိ ပြန်ကျလာခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေစျေးကွက်တွင်လည်း မတ် ၁၂ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၂၃၊ မတ် ၁၄ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၂၅ မှ မတ် ၁၆ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၁၅ ဖြင့် အကျကြမ်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

# ဒေါ်လာစျေး ငြိမ်ခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲစျေးကွက်သည် မတ်လဒုတိယပတ်အတွင်း စျေးငြိမ်ခဲ့ပြီး ဒေါ်လာစျေးပြန်မြင့်တက်နိုင်မည့် အလားအလာအပေါ် ပြည်သူများစိတ်ဝင်စားမှုရှိခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းထားကို ၁၃၃၆ ကျပ်မှ ၁၃၃၇ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သော်လည်း ပြင်ပစျေးကွက်နှင့် ကွာခြားချက်ကြီးမားစွာဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ဗဟိုဘဏ်က ဘဏ်တိုးနှုန်းကို သုည ဒသမ ၂၅ ရာခိုင်နှုန်း မြှင့်တင်ပေးမည်ဟူသော သတင်းများကြောင့် စျေးကွက်အတွင်း ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်း၊ ထို့ကြောင့် အမေရိကန်ဒေါ်လာအပေါ် ယုံကြည်မှုပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းစျေးကွက်တွင်း အမေရိကန်ဒေါ်လာအပေါ် ဝယ်လိုအားမြင့်တက်လာပါက စျေးပြန်လည်မြင့်တက်လာနိုင်ဟူသော ယူဆချက်များ ထွက်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် မတ် ၁၂ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၂၇ ကျပ်၊ ဝယ်စျေး ၁၃၂၅ ကျပ်၊ မတ် ၁၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၂၈ ကျပ်၊ ဝယ်စျေး ၁၃၂၆ ကျပ်ဖြင့် အနည်းငယ်မြင့်တက်ခဲ့ပြီး မတ် ၁၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၂၈ ကျပ်၊ ဝယ်စျေး ၁၃၂၆ ကျပ်ဖြင့်ပင် စျေးပိတ်သွားခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရန်ကုန်စတော့အိတ်ချိန်း နှစ်နှစ်ပြည့်အခမ်းအနားပြုလုပ်မည်

ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်ခြင်း နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိတ်ချိန်း အဆောက်အဦ၌ မတ် ၂၅ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနားတွင် ငွေကြေးနှင့် ဘဏ္ဍာရေးလောကမှ အသိပညာရှင်၊ အတတ်ပညာရှင်များက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သော အခွင့်အလမ်းများအကြောင်း ဟောပြောပွဲကို ပြုလုပ်သွားမည်ဖြစ်ပြီး ရှယ်ယာရောင်းဝယ်ခြင်းကို စိတ်ပါဝင်စားသူများအတွက် ဉာဏ်စမ်းမေးခွန်းများနှင့် လက်ဆောင်ပစ္စည်း ပေးအပ်ခြင်းအစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် ဖုန်း ၀၁-၃၇၁၂၇၄၊ ၀၁-၃၇၁၂၇၆ နှင့် HotLine: ၀၉ ၄၄၂၇၃၉၇၉၇ သို့ ဆက်သွယ်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး လူဦးရေကန့်သတ်ထားသည့်အတွက် အမြန်ဆုံး စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန် စတော့အိတ်ချိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအစုရှယ်ယာစျေးကွက်ဖြစ်ပြီး ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အဆောက်အဦဖွင့်လှစ်ခဲ့ကာ ၂၀၁၆ ခုနှစ် မတ်လတွင် အစုရှယ်ယာရောင်းဝယ်မှုကို စတင်ခဲ့သည်။ ရန်ကုန်စတော့အိတ်ချိန်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့် Japan Exchange Group တို့မှ ပူးပေါင်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 16, 2018

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.28 |
| BDT Bangladesh Taka | 83.21 |
| CAD Canada Dollars | 1.31 |
| CNY China Yuan Renminbi | 6.33 |
| EUR Euro | 0.81 |
| H KD Hong Kong Dollars | 7.84 |
| I NR India Rupees | 64.90 |
| I DR Indonesia Rupiahs | 13761.38 |
| JPY Japan Yen | 105.89 |
| MYR Malaysia | 3.92 |
| PKR Pakistan Rupees | 110.66 |
| PHP Philippines Pesos | 52.00 |
| RUB Russia Rubles | 57.47 |
| SGD Singapore Dollars | 1.31 |
| KRW South Korea Won | 1068.39 |
| LKR Sri Lanka Rupe | 156.09 |
| THB Thailand Baht | 31.20 |
| GBP United Kingdom Pounds | 0.72 |
| VND VietnamDon | 22768.16 |

*Source:xe.com*

## World Gold Price

March-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1327 | 1324 | 1323 |
| 13 | 1323 | 1321 | 1321 |
| 14 | 1332 | 1330 | 1330 |
| 15 | 1329 | 1327 | 1327 |
| 16 | 1321 | 1319 | 1319 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-3- 2018 | 939.50 | 939.10 |
| 13-3- 2018 | 938.50 | 938.00 |
| 14-3- 2018 | 940.50 | 939.50 |
| 15-3- 2018 | 940.00 | 939.50 |
| 16-3- 2018 | 937.50 | 937.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6.33 | 31.33 | 83.33 | 65.01 |
| 13 | 6.33 | 31.24 | 83.25 | 64.97 |
| 14 | 6.32 | 31.15 | 83.40 | 65.00 |
| 15 | 6.32 | 31.17 | 83.04 | 64.94 |
| 16 | 6.33 | 31.20 | 83.21 | 64.90 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12-March | 16.54 | 3266.33 | 2090.94 | 6907.78 | 963.00 |
| 13-March | 16.47 | 3249.80 | 2072.20 | 6848.71 | 961.00 |
| 14-March | 16.60 | 3296.30 | 2084.10 | 6929.38 | 967.00 |
| 15-March | 16.54 | 3227.32 | 2089.39 | 6939.29 | 962.00 |
| 16-March | 16.40 | 3228.20 | 2064.49 | 6879.79 | 955.00 |

## Energy NYMEX 16-3-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 61.26 | 0.07 | 0.11 |
| Brent Crude Futr (USD/bbl) | 65.18 | 0.06 | 0.09 |
| Gasoline Rbob Fut (Cent/gal) | 192.30 | -0.18 | -0.09 |
| Natural Gas Futr (USD/MMBtu) | 2.68 | 0.00 | 0.04 |
| Heating Oil Futr (Cent/gal) | 189.61 | 0.32 | 0.17 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၇၀၀၀ ဝင်

မတ်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၇၀၀၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၄၆ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၉၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

မတ်လ ၃ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၁၃၆၄၉ ကျော် ရှိပြီး ယခင်သီတင်းပတ် ကဘိလပ်မြေ အဝင်မှာ တန်ချိန် ၅၉၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



## ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာသကြံန်ချိန်ခါမီ ဆောက်လုပ်ရေးလုပ်ငန်းများအားစိုက်လုပ်ကိုင်လာကြတာကြောင့် အရောင်းအဝယ်သွက်လာပါတယ်။ ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဈေးကွက်ထဲပစ္စည်းအဝင်များသလို အရောင်းအဝယ်လည်းသွက်ပြီးဘိလပ်မြေဈေးကယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၅၀၀၊ မော်လမြိုင် ဆင်ကျပ် ၅၉၀၀၊ ခရောင်းကျပ် ၅၂၀၀၊အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၀၀၀၊ စိန်(ထိုင်း)ကျပ်၆၁၀၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်များတယ်။ ဆောက်လုပ်ရေးလုပ်ငန်းထဲပြည်တွင်းဘိလပ်မြေများလည်းသုံးစွဲလာတာကြောင့် ပြည်တွင်း ဘိလပ်မြေများလည်း အရောင်းအဝယ်လိုက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ၅၈၅၀ကျပ်၊ ဆင်(ထိုင်း) ကျပ် ၅၉၅၀ကျပ်၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## စားသုံးဆီ

# မြေပဲဆီ အဝင်နည်း

မတ်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၃၁၄၃၀ တန်ဖိုးရှိ မြေပဲဆီ ၃၅၇၅ ဒသမ ၃၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၇၅၀၊ တရုတ်နိုင်ငံမှ ၇၇၇ တန်၊ ထိုင်းနိုင်ငံမှ ၁၀၄၈ ဒသမ၃၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန်၁၀၀၀ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ယူရီးယား၊ အာမို၊ ဓာတ်ဆားနဲ့ ကွန်ပေါင်းတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေပဲဆီတန်ချိန်၄၁၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# အရောင်းအဝယ်အေးနေတဲ့ မြေပဲဆီဈေးကွက်

မတ်လ ၃ ရက်မှ ၉ ရက်အထိ နယ်စပ်လမ်းမှ မြေပဲဆီအဝင်မှာ တန်ချိန် ၁၆၀၁၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၃၄၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၉၀ကျော် အဝင် ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာအရောင်းပုံမှန်ရှိပြီး တောင်ကြီး၊ မကွေးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ဈေးကွက်ထဲ ပုလဲ-အသေး(ရွှေတုံး၊ရွှေပျား)ပစ္စည်းပြတ်နေပြီး စုစံပုလဲအသေးကို သုံးလာကြတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုလဲ(ရွှေတောင်-တရုတ်)က ကျပ် ၅၀၀၊ ကွန်ပေါင်း ၁၅ပတ်လည်က ကျပ် ၁၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈က ကျပ် ၁၅၀၀ ဈေးကျလာပြီး တီစူပါ၄၆%(သံကွင်း-တရုတ်)က ကျပ် ၅၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း(ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**ဒီတစ်ပတ် အာမို(ပုလဲ)နဲ့ ယူရီးယား-ပုလဲ (ပန်းဖူး) အရောင်းအဝယ်နည်းနည်းဖြစ်တယ်လို့သိရပါတယ်။ ယူရီးယား-ပုလဲ(ပန်းဖူး၊ ရွှေတောင်နဲ့ကမ္ဘာလုံး)ကကျပ် ၄၀၀၊ မြားကမ္ဘာက ကျပ် ၂၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်)ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်က ကုလားပဲ ၊ မြေပဲ ပေါ်နေချိန်ဖြစ်တာကြောင့် မြေသြဇာအရောင်းအဝယ်ကအေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေသြဇာ အရောင်းအေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ၄၆%တရုတ်ကျပ် ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

မတ်လ ၄ ရက်မှ၁၀ ရက်အထိ သီတင်းပတ်အတွင်း စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၅၈၀၀၀ တန်ဖိုးရှိ အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ်က နို့ဆီ ၂၄ တန်ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် နို့ဆီတန်ချိန် ၁၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၉၆ တန်နဲ့ မလေးရှားနိုင်ငံမှ ၉၅ ဒသမ ၆၈ တန်၊ စုစုပေါင်း ၁၉၁ ဒသမ ၆၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်း ခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၁၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့မှုန့်၁၉တန်ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၃ မှ ၉/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၄/၂ မှ ၂/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | - | |
| ၂။ | လွယ်ဂျယ် | ၁၈၀.၀၀ | ၅၀၀.၀၀ | (-) | ၃၂၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၂၉၉.၀၀ | ၆၁၄.၀၀ | (+) | ၂၆၅၅.၀၀ |
| ၅။ | တာချီလိတ် | ၈၂၀၀.၀၀ | ၄၈၀၀.၀၀ | (+) | ၃၄၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၂၀၀၀.၀၀ | ၈၅.၀၀ | (+) | ၁၉၁၅.၀၀ |
| | စုစုပေါင်း | ၁၃၆၄၉.၀၀ | ၅၉၉၉.၀၀ | (+) | ၇၆၅၀.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၃ မှ ၉/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၂ မှ ၂၃/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၅၆၅.၆၀ | ၄၉၇၆.၇၅ | (+) | ၈၅၈၈.၈၅ |
| ၂။ | လွယ်ဂျယ် | ၅၈.၀၀ | - | (+) | ၅၈.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၀.၂၅ | ၁၅၉.၀၀ | (-) | ၁၀၈.၇၅ |
| ၄။ | ကန်ပိုက်တီး | ၁၅၀.၀၀ | - | (+) | ၁၅၀.၀၀ |
| ၅။ | မြဝတီ | ၁၃၉၃.၄၀ | ၅၅၈၈.၅၅ | (-) | ၄၁၉၅.၁၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၈၀၀.၀၀ | ၂၇၀၀.၀၀ | (-) | ၁၉၀၀.၀၀ |
| | စုစုပေါင်း | ၁၆၀၁၇.၂၅ | ၁၃၄၂၄.၃၀ | (+) | ၂၅၉၂.၉၅ |

ခင်မိုးသူ

## နှမ်း

### ပြည်စမုံနက်နှမ်း အဝယ်လိုက်လို့ ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိသလောက် နည်းသွားပေမယ့် လှောင်နှမ်းများကြောင့် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပါတယ်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိလို့ ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းနီနှင့်နှမ်းနက်ကို ဆီစက်သမားများက ဝယ်ယူမှုရှိသော်လည်း ယခင်တစ်ပတ်ကထက် ဈေးကျလာတာတွေ့ရပါတယ်။ နွေနှမ်းစိုက်ပျိုးချိန်ဖြစ်လို့မျိုးဈေးများမြင့်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိမြို့နယ်များတွင် နှမ်းနက်ကို ဦးစားပေးစိုက်ပျိုးလျက်ရှိကြောင်း၊ အောင်လံဘက်မှ ဝင်ရောက်လာတဲ့ နှမ်းနှင့်ဒေသထွက် သိပ္ပံနှမ်းနက်(ခေါ်)စမုံနက်မှာ အရည်အသွေးကောင်းမွန်သဖြင့်ဝယ်လက်များက အကြိုက်တွေ့တာဖြစ်တယ်လို့ ကုန်သည်တစ်ဦးထံမှ သိရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၈၈၀၀၀နှင့် နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၀၀၀၀ဖြင့် နှမ်းနီနှင့် နှမ်းနက် နှစ်မျိုးစလုံးမှာ ယခင်တစ်ပတ်ထက် ဈေးကျလာသော်လည်း စမုံနက်နှမ်းမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ဝယ်လက်အဝယ်ပြန်လိုက်လာလို့ တစ်နေ့လျှင် အိတ် ၁၅၀ မှ ၂၀၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**ဝေဝေမင်း (ပြည်)**

## ထောပတ်ပဲ

### ပြည်ထောပတ်ပဲ ဝင်ရောက်မှုနည်းသော်လည်း ဈေးကောင်းရ

မတ်လလယ် ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် အခြားပဲသီးနှံများ ပဲအဝင်များသော်လည်း ထောပတ်ပဲသီးနှံမှာ အဆိုပါပဲများလောက် ဝင်ရောက်မှုသိပ်မများဘဲ ပဲအဝင်လျော့သွားခဲ့ပြီဖြစ်ပါတယ်။ သို့သော်လည်း အိတ် ၁၀၀ကျော်နေ့စဉ်ဝင်ရောက်လျက်ရှိခဲ့ပြီး ဝယ်လက်အနေဖြင့် လက်လီသမားဝယ်ယူမှုများခဲ့တယ်လို့သိရပါတယ်။

ဒါကြောင့် အိတ် ၂၀၀ ကျော်နေ့စဉ်လက်လီသမားများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးမှာ တစ်တင်းကျပ် ၃၀၀၀၀ ရရှိခဲ့ပါတယ်။ လက်လီပဲဈေးကွက်အတွင်း ဘိုကိတ်၊ ပဲလွန်းဖြူ၊ ပဲနီပြားသီးနှံများထက် ဈေးပိုရနေသလို ပဲတီစိမ်း၊ ကုလားပဲသီးနှံများထက်လည်း ဈေးပိုနေတာကြောင့် ယခုနှစ်ဈေးကောင်းရတဲ့ သီးနှံတစ်မျိုးဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## စားအုန်းဆီ



### ဝယ်လိုအားမြင့်တက်မည့်အလားအလာကြောင့် စားအုန်းဆီဈေးပြန်လည်မြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် မတ် ၁၅ ရက် နံနက်ပိုင်းက အနည်းငယ်မြင့်တက်ခဲ့သည်။ ထိုကဲ့သို့မြင့်တက်လာခြင်းမှာ စားအုန်းဆီစတော့ရှယ်ယာများ ပြန်လည်ဝယ်ယူမှုသည် တစ်ပတ်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့ခြင်းနှင့် ဥပုသ်လမတိုင်မီ ဝယ်လိုအားမြင့်တက်မည်ဟု ခန့်မှန်းခြင်းကြောင့်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်သို့ မေတွင် ပေးသွင်းရမည့် စားအုန်းဆီအခြေခံစံထားဈေးနှုန်းမှာ မတ် ၁၅ ရက်နေ့လယ်ဈေးကွဲချိန်က တစ်တန်ကို ၂၄၄၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၄ ဒသမ ၄၉) နှုန်းရှိခဲ့ရာ ယခင်နေ့ကထက် သုည ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ယခုတစ်ကြိမ်မြင့်တက်ခြင်းမှာ သုံးရက်ဆက်တိုက်မြင့်တက်ခြင်းဖြစ်သည်။

ထိုနေ့စောစောပိုင်းက စားအုန်းဆီဈေးသည် တစ်တန်ကို ၂၄၄၇ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ မတ် ၇ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်သည်။ မတ် ၁၅ ရက် မွန်းတည့်ချိန်ထိ ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၂၆၃၃၃တွဲဖြစ်သည်။

“လက်ရှိကျနေတဲ့ဈေးနဲ့ဆိုရင် ဝယ်ဖို့အတွက် အခွင့်အလမ်းကောင်းပဲ”ဟု ကွာလာလမ်ပူအခြေစိုက်ကုန်သည်တစ်ဦးကပြောသည်။ ဥပုသ်လမတိုင်မီ ဝယ်လိုအားမြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းရကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

ယခုနှစ်ဥပုသ်လမှာ မေလလယ်တွင် စတင်သည်။ ကမ္ဘာတစ်ဝန်းရှိ မွတ်စလင်များသည် ဥပုသ်လတွင် စားအုန်းဆီကို အမြောက်အမြားဝယ်ယူလေ့ရှိသည်။ ထုံးစံအားဖြင့် အရှေ့အလယ်ပိုင်းဒေသမှ ဝယ်လက်များက ဥပုသ်လမတိုင်မီ တစ်လခန့်ကပင် စားအုန်းဆီကိုဝယ်လှောင်ထားလေ့ရှိသည်။

အခြားစားသုံးဆီတစ်မျိုးဖြစ်သော ပဲပုပ်ဆီဈေးမှာ အမေရိကန်နိုင်ငံချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် မေလအတွက် သုည ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံဒါလီယံကုန်စည်ဒိုင်တွင် မေအတွက် ပဲပုပ်ဆီဈေးမှာ သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းသည်။ ဒါလီယံကုန်စည်ဒိုင်တွင် မေလအတွက် စားအုန်းဆီဈေးက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းသည်။

စားအုန်းဆီသည် ဈေးကွက်အတွင်း အခြားစားသုံးဆီနှင့်ဈေးကွက်ဝေစုယှဉ်ပြိုင်နေရသည့်အတွက် အခြားဆီဈေးအတက်အကျကလည်း စားအုန်းဆီဈေးကို ဂယက်ရိုက်ခတ်နိုင်သည်။

စားအုန်းဆီဈေးသည် တစ်တန်ကို ၂၄၅၉ ရင်းဂစ်ဈေးအထိ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ဝမ်တောင်းကပြောသည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၃-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ |  |  | နှမ်းဆီ |  |  | စားအုန်းဆီ |  |  |
|---|---|---|---|---|---|---|---|---|---|
|  | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၆၀၀ | ၅၅၀၀ | ▽ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၇၀၀ | ၄၈၀၀ | △ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၃-၂၀၁၈ US$/Ton

| အမျိုးအစား | မတ်လပထမပတ် | မတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၀.၅၀ | ၆၃၉.၀၀ | ▽ |
| RBD P.Olein | ၆၆၁.၅၀ | ၆၄၅.၀၀ | ▽ |
| RBD P.Stearin | ၆၆၀.၅၀ | ၆၃၈.၅၀ | ▽ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆-၃-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၈.၃၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၃.၁၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) |  | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၅ |
|  | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၆၃.၁၃၁ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၃-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၅ ဒေါ်လာနှင့် USD ဈေး ၁၃၃၇ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၆-၃-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# Digitilization of Myanmar Import License Applications Project မှသည် CMP (အထည်ချုပ်) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆီသို့

**မျိုးခိုင်ဝင်း (ICT)**

ကမ္ဘာ့စီးပွားရေးတိုးတက်ပြောင်းလဲလာမှုနဲ့အတူ လုပ်အားခ သက်သာပြီး လုပ်အားအရင်းအမြစ် ပေါကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများဆီသို့လက်ခစားစနစ် (CMP) အထည်ချုပ်လုပ်ငန်းများရွှေ့ပြောင်းရောက်ရှိလာခဲ့ကြပါသည်။ အိမ်နီးချင်းနဲ့ အာဆီယံနိုင်ငံများထဲမှာ လာအို -ဘင်္ဂလားဒေ့ရှ်-ဗီယက်နမ်စတဲ့ နိုင်ငံများတွင် CMP (အထည်ချုပ်)လုပ်ငန်းများ အရှိန်အဟုန်နှင့် တိုးတက်လာခဲ့ပါသည်။မြန်မာနိုင်ငံတွင်လည်း နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အထည်ချုပ်လုပ်ငန်းတွေက တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုပေးနေပြီး ယခင် ဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ မှာ အမေရိကန်ဒေါ်လာ ၇ ဘီလီယံခန့် တင်ပို့နိုင်ခဲ့တာ တွေ့ရှိရပါသည်။ အများဆုံးတင်ပို့ခဲ့သည့် ဈေးကွက်မှာ ဂျပန်ဈေးကွက်ဖြစ်ပြီး ဂျာမနီ၊ ဥရောပသမဂ္ဂ၊ အမေရိကန်၊ တောင်ကိုရီးယား၊ တရုတ်စတဲ့ နိုင်ငံတွေကို တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်နောက်ပိုင်း EU နဲ့ ၂၀၁၆ ခုနှစ်မှာ အမေရိကန်တို့ရဲ့ Sanction အချို့ကင်းလွတ်ခဲ့ပြီး အကောက်ခွန်သက်သာခွင့် (GSP) ရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံရဲ့ CMP(အထည်ချုပ်) လုပ်ငန်းများဟာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတာ တွေ့ရပါတယ်။ လက်ရှိမှာ ပြည်တွင်းပုဂ္ဂလိကပိုင် ၁၇၁ ရုံ၊ နိုင်ငံခြားသားပိုင် ၁၉၆ ရုံနဲ့ ပြည်တွင်းနှင့် နိုင်ငံခြားသားဖက်စပ် စက်ရုံ ၂၂ ရုံ စုစုပေါင်း ၃၈၉ ရုံရှိပြီး ဝန်ထမ်းနှင့် အလုပ်သမားဦးရေ လေးသိန်းခန့်အား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံရဲ့CMP( အထည်ချုပ်)လုပ်ငန်းများတိုးတက် ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များ လျင်မြန်ချောမွေ့စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC)၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် UK နိုင်ငံအခြေစိုက် International Growth Center(IGC) တို့ပူးပေါင်းပြီး ၂၀၁၅ ခုနှစ်မှစတင်၍ Myanmar Import Digitilization Project ကို ပူးတွဲဆောင်ရွက်ခဲ့ကြပါသည်။

CMP (အထည်ချုပ်)လုပ်ငန်းများအနေဖြင့် ပြည်တွင်းစက်ရုံများတွင် ချုပ်လုပ်ရန်လိုအပ်သည့် အထည်အလိပ်နှင့်ဆက်စပ်ပစ္စည်းများအား ပြည်ပမှမှာယူတင်သွင်း၍ ချုပ်ပြီးအဝတ်အထည်များကို ပြည်ပသို့ပြန်လည်တင်ပို့သောလုပ်ငန်းစဉ်များ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့တင်သွင်းရာတွင် တင်သွင်းလာသော ကုန်ပစ္စည်းများ ပြည်တွင်းမှာ အခွန်သက်သာခွင့် ပေးထားသည့်အတွက် ကုန်ကြမ်းတင်သွင်းမှုနှင့် ကုန်ချောပြန်လည်တင်ပို့မှုအကြား ကွာဟချက်မရှိစေဖို့ ပြန်လည်စိစစ်တဲ့ လုပ်ငန်းစဉ်အချို့ (Kg စစ်ဆေးမှုများ) ကို ဆောင်ရွက်ရပြီး MGMA အသင်းတာဝန်ရှိသူများမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိမှာ CMP (အထည်ချုပ်) လုပ်ငန်းအတွက် ပြည်ပမှ တင်သွင်းမှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအထည်ချုပ်စက်ရုံများအနေဖြင့် မိမိတို့တင်ပို့တင်သွင်းထားသည့် ကုန်ပစ္စည်းအချက်အလက်များနှင့်အတူ MGMA အသင်းရုံးသို့ လူကိုယ်တိုင်သွားရောက်၍ လျှောက်ထားပြီး သတ်မှတ် (KG) ပမာဏလုပ်ငန်း ဆောင်ရွက်ပြီးစီးသည့် စက်ရုံများအတွက် ထပ်မံတင်သွင်းနိုင်ရေး အသင်းမှ ထောက်ခံချက် ထုတ်ပေးပါသည်။ အဆိုပါ ထောက်ခံချက်နှင့်တကွ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် အချက်အလက်များနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) ပို့ကုန်သွင်းကုန်ရုံးများသို့ လုပ်ငန်းရှင်ကိုယ်စားလှယ်မှ သွင်းကုန်လိုင်စင်လာရောက် လျှောက်ထားထုတ်ယူခြင်းများကို ဆောင်ရွက်ရပါသည်။ CMP (အထည်ချုပ်) ပို့ကုန်လိုင်စင်များအတွက် လိုင်စင်လျှောက်ထားရန်မလိုအောင် ဖြေလျှော့ပေးထားပြီး ဖြစ်ပါသည်။

အဆိုပါ Digital Import Licencing Project နှင့်ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကလည်း အခုလို ရှင်းလင်းပြောကြားခဲ့ပါသည်။"ကျွန်တော်တို့ ဒီ Project အတွက် ၂၀၁၅ လောက်က ဆက်စပ်အဖွဲ့အစည်းတွေ၊ နည်းပညာကုမ္ပဏီတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၇ နှစ်ဆန်းပိုင်းမှာ စက်ရုံ ၁၀ ရုံနဲ့ စတင်စမ်းသပ် အသုံးပြုခဲ့တယ်။ စမ်းသပ်ကာလ တစ်နှစ်တာအတွင်း CMP လိုင်စင် စောင်ရေ ၁၃၅၄ စောင်ကို အောင်မြင်စွာ ထုတ်ပေးဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီစနစ်မှာ စက်ရုံတွေက အွန်လိုင်းအသုံးပြုပြီး မိမိတို့လျှောက်ထားမယ့် သွင်းကုန်လိုင်စင်အတွက် ကုန်ပစ္စည်းအသေးစိတ်အချက်အလက်အပါအဝင် လျှောက်ထားရာမှာ လိုအပ်တဲ့ အချက်အလက်တွေနဲ့ MGMA Application ကို ဝင်ရောက် (Single Entry) လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဒီလိုလျှောက်ထားလာမှုအပေါ် MGMA တာဝန်ရှိသူများက လိုအပ်တဲ့စစ်ဆေးမှုတွေကို ဆောင်ရွက်ပေးမှာဖြစ်ပြီး မှန်ကန်ပြည့်စုံတဲ့ application တွေကို စနစ်မှာ Submit ပြုလုပ်လိုက်တာနဲ့ MOC ရဲ့ Myanmar Tradenet Website မှတစ်ဆင့် Online စနစ်ထဲကို အလိုအလျောက် လိုင်စင်လျှောက်ထားပြီးသား ဖြစ်သွားမှာပါ။ ဒီအွန်လိုင်းစနစ်နဲ့ ရောက်လာတဲ့ လိုင်စင် အချက်အလက်တွေကို MOC ဝန်ထမ်းတွေက စစ်ဆေးပြီး ပြင်ဆင်ဖို့ လိုတဲ့ အချက်အလက်တွေရှိရင် စနစ်ကနေ အွန်လိုင်းမှတစ်ဆင့် စက်ရုံကိုပြန်လည်ပေးပို့မယ်။ မှန်ကန်လျှင် သက်ဆိုင်ရာစက်ရုံကို Digital Import Licencing တစ်စောင်ကို အွန်လိုင်းပေါ်ကနေ ပြန်ထုတ်ပေးလိုက်မှာပဲ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဌာနရဲ့ လိုင်စင်စနစ်ထဲကို MGMA Application နဲ့အကောက်ခွန်ရဲ့ MACCS စနစ်ထဲကို Data Integration လုပ်ပေးပြီးသားဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒီလိုင်စင်ဟာ Digital Format ဖြစ်လို့ လက်မှတ်မပါဘူး။ လိုင်စင်စာရွက်မလိုဘူး။ တစ်နည်းအားဖြင့် Paper Less စနစ်တစ်ခုပဲ။ လိုင်စင် ID နံပါတ်တစ်ခုပေါ်မှာတင် ဆက်စပ်ဌာနတွေက လုပ်ဆောင်သွားတာဖြစ်တယ်။ လိုအပ်တဲ့ ငွေကြေးပေးသွင်းမှုအတွက် MPU Online Payment စနစ်ကို အသုံးပြုထားတယ်။ အခြား auto reply messaging စနစ်တွေ အပါအဝင် Payment auto calculate စနစ်များ အပါအဝင် ဖြစ်ပါတယ်။

ဒီစနစ်မှာပါဝင်တဲ့ Factories ... MGMA ... MOC ... MPU (Payment) တွေဟာ အွန်လိုင်းပေါ်ကနေပဲ လုပ်ငန်းစဉ်အားလုံးကို ထိုင်ရာမထ လုပ်သွားနိုင်မှာဖြစ်တဲ့အပြင် တစ်ခုနဲ့တစ်ခုကိုလည်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ စနစ်လုံခြုံမှုနဲ့ Payment လုံခြုံမှုတို့အတွက် 2 Factor e-Token, SSL certificate, Company Registration ID တွေကို ထည့်သွင်းအသုံးပြုထားတာဖြစ်ပါတယ်။ အဲဒီအတွက်လည်း အဖွဲ့အစည်း အသီးသီးကနေ နှစ် နှစ်လောက် မူဝါဒပိုင်း နည်းပညာပိုင်းအကြိမ်ကြိမ် ညှိနှိုင်းပြင်ဆင်ခဲ့ကြရပါတယ်" ဆိုပြီး ပြောကြားခဲ့ပါတယ်။

အဆိုပါလုပ်ငန်းစဉ်တစ်ခုလုံးအား ယခင်က စာရွက်ပေါ်တွင် လူကိုယ်တိုင်လိုက်ပါဆောင်ရွက်နေရသည့် အခြေအနေမှ အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို အွန်လိုင်းပေါ်မှ ဆောင် ရွက်နိုင်တော့မှာဖြစ်သည့်အတွက် အချိန်ငွေကြေးလုပ်အား သက်သာစေပြီးကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့ လာစေမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်ကိုလည်း အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်နေသည့် MACCS စနစ်သို့ လိုင်စင်ဒေတာ အချက်အလက်များ ချိတ်ဆက်ပေးပို့ထားနိုင်မည်ဖြစ်ပါသည်။ လိုအပ်သည့် နည်းပညာပံ့ပိုးမှုများအဖြစ် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Information Matrix နည်းပညာကုမ္ပဏီမှ အဓိကတာဝန်ယူ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။

Digital Import Licencing Project ၏ Official Launching အား မတ် ၁၀ ရက်က ရန်ကုန်မြို့၊ UMFCCI ရုံးချုပ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ UMFCCI အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ CMP လုပ်ငန်းရှင်များတက်ရောက်ပြီး အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ လက်ရှိစတင်ချိန်တွင် အထည်ချုပ်စက်ရုံ ၄၆ ရုံပါဝင်ပြီး ၂၀၁၈ခုနှစ် မေလမှစတင်၍ အထည်ချုပ် စက်ရုံများအားလုံး အဆိုပါစနစ်ကို အသုံးပြုဆောင်ရွက်သွားကြမှာဖြစ်တဲ့အတွက် ကုန်သွယ်မှုလျင်မြန် ချောမွေ့လာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ CMP (အထည်ချုပ်) ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# Thai - Myanmar Friendship Fair 2018 ကုန်စည်ပြပွဲ ပုသိမ်မြို့တွင် ကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်၍ ပုသိမ်မြို့၊ ကမ်းနားလမ်း၊ မြို့တော်ခန်းမတွင် ပြည်တွင်း /ပြည်ပကုမ္ပဏီကြီးများ ပူးပေါင်း၍ မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ၊ နံနက် ၉ နာရီမှ ည ၉ နာရီအထိ လေးရက်တိုင်ကုန်စည်ပြပွဲ ကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း ဧရာပုသိမ်ကုန်သွယ်မှုဗဟိုဌာန (ပုသိမ်)မှ သိရသည်။

အဆိုပါကုန်စည်ပြပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Modern Myanmar Synergy Co., Ltd တို့ပူးပေါင်း၍ ထိုင်းနိုင်ငံရှိ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်း အရောင်းဆိုင်ခန်းနှင့် ကုန်ပစ္စည်းထုပ်ပိုးမှု စက်ပစ္စည်းပြခန်း၊ အခြားဆိုင်ခန်းများအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပြင်ဦးလွင်မြို့ကြီးများရှိ ကုမ္ပဏီကြီးများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ လက်မှုပစ္စည်း များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် ဒေသထွက်ကုန်ဆိုင်ခန်းများ အပါအဝင် ပြခန်းပေါင်း ၅၀ ကျော် ပါဝင်ပြသမှာဖြစ်ပြီး ဒေသထွက်ကုန်များ ဈေးကွက်အခွင့်အလမ်းရရှိစေရန်နှင့် ခေတ်မီ နောက်ဆုံးပေါ်ပစ္စည်းများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ရေး၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များအကြား Business Platform တစ်ခု တည်ဆောက်နိုင်ပြီး လုပ်ငန်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုလိုကုန်စည်ပြပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ ကုန်စည်ပြပွဲသို့လာရောက်သော ပရိသတ်များအတွက် ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းထားပြီး ယခုလက်ရှိအချိန်မှာလည်း စီးပွားရေးလုပ်ငန်းရှင်များမှ ပြခန်းများဝယ်ယူလျက်ရှိရာ အရောင်းပြခန်း ထပ်မံဝယ်ယူမည့် လုပ်ငန်းရှင်များမှ အသေးစိတ်သိရှိလိုပါက မြန်မာကုန်သွယ်မှုဗဟိုဌာန၊ ရန်ကုန် ဖုန်း ၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.com နှင့် ဧရာကုန်သွယ်မှုဗဟိုဌာနရုံး၊ မင်းကြီးလမ်း ဖုန်း ၀၉-၄၂၂၄၆၈၅၇၀ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဧရာကုန်သွယ်မှုဗဟိုဌာနမှ သတင်းရရှိသည်။

**မင်းမင်းဦး၊ နေဝင်းစိုး (ပုသိမ်)**

# လှိုင်ကော်မြို့ရပ်ကွက်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပွဲများကျင်းပ

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ပြည်နယ်အတွင်းရှိ စားသုံးသူများ၏ အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်တွင် လှိုင်ကော်မြို့ ထေးဌားလျားရပ်ကွက်နှင့် လောခမ္မရပ်ကွက်၌ ကျင်းပခဲ့ရာ ၈၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စားသုံးသူပြည်သူများအနေဖြင့် မိမိတို့၏ အခွင့်အရေးကို အပြည့်အဝ နားလည်ပြီး တောင်းဆိုရယူတတ်စေရန်အတွက် စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊လုပ်ငန်းရှင်လိုက်နာရမည့် တာဝန်နှင့်တားမြစ်ချက်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲသည့်အခါတွင် နစ်နာဆုံးရှုံးမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားဆွေးနွေးခဲ့ပြီးနောက် လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# နိုင်ငံတကာအခန်းကဏ္ဍ၌ အမေရိကန်၏နေရာတွင် အစားထိုးမည်မဟုတ်ဟု တရုတ်ပြောကြား

တရုတ်အနေဖြင့် ယခုလက်ရှိ အမေရိကန်၏ International Role နိုင်ငံတကာ အခန်းကဏ္ဍတွင် အစားထိုး နေရာယူရန်မလိုအပ်ကြောင်းနှင့် ထိုသို့ နေရာယူရန်လည်း ရည်ရွယ်မထားကြောင်း၊ အကယ်၍ အမေရိကန်မှ Trade War အတွက်စဉ်းစားထားပါက မျှော်မှန်းသည့်ရလဒ်ရလာမည် မဟုတ်ကြောင်း ယခုပေကျင်း၌ ကျင်းပနေသည့် 13th National People's Congress ၏ News Conference တွင် တရုတ် နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီကပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်စီးပွားရေးပုံစံမှာ ကမ္ဘာ့စီးပွားရေးဆိုင်ရာယှဉ်ပြိုင်မှုနယ်ပယ်တွင် ထိခိုက်မှုများဖြစ်စေသည့်အတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အသုံးပြုတုံ့ပြန်သွားမည်ဖြစ်ကြောင်း ယခုနှစ် ဖေဖော်ဝါရီအတွင်း ပြောကြားခဲ့သည်။ ထိုသို့ ပြောကြားမှုအပေါ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီက Globalization ခေတ်တွင် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးအတွင်းပဋိပက္ခပြင်းထန်ခြင်း (Trade War) သည် မှားယွင်းသည့် ရွေးချယ်မှုသာဖြစ်ပြီး အမေရိကန်အနေဖြင့် မျှော်မှန်းထားသည့် ရလဒ်ကောင်းများရမည်မဟုတ်ကြောင်း၊ အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းပြီး လိုအပ်သည့်တုံ့ပြန်မှုကို တရုတ်အနေဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံသည် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားသာမက အခြားနိုင်ငံများအတွက်ပါ စဉ်းစားရမည်ဖြစ်ကြောင်း၊ အင်အားကြီးနှစ်နိုင်ငံသည် ယှဉ်ပြိုင်ဖက်အနေဖြင့် မဟုတ်ဘဲ မိတ်ဖက်နိုင်ငံအဖြစ် စဉ်းစား၍ နှစ်ဖက်အကျိုးရှိမည့် နည်းလမ်းဖြင့်သာ ဆွေးနွေးသင့်ကြောင်း ပြောကြားထားသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်ကတည်းက အနောက်နိုင်ငံအချို့မှာ တရုတ်နိုင်ငံ၏ စီးပွားရေးအင်အားကြီးမားလာမှုအပေါ် စိုးရိမ်ကြောင့်ကျမှုများရှိလာခဲ့ပြီး China's Threats အဖြစ် ထင်မြင်နေကြောင်း၊ တရုတ်သည်ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ ၃၀ ရာခိုင်နှုန်းရှိပြီး ဆင်းရဲမှုတွင် ကမ္ဘာ့တစ်ဝန်း လျှော့ချမှု၏ ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ ခြိမ်းခြောက်မှုမဟုတ်ဘဲ အခွင့်အလမ်းများဖြစ်ကြောင်း ပြောကြားထားသည်။




ထို့အပြင် တရုတ်သည် ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံ သုံးစွဲမည်ဖြစ်ပြီး ၈ ဒသမ ၁ ရာခိုင်နှုန်းတိုးမြှင့်မည်ဖြစ်ကြောင်း 13th National People's Congress တွင် ထုတ်ပြန်ထားသည်။ ထိုကဲ့သို့စစ်အသုံးစရိတ်တိုးမြှင့်ခြင်းမှာလည်း မိမိတို့၏အင်အားကိုငြိမ်းချမ်းစွာ တည်ဆောက်ခြင်းဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးကိုစိုးရိမ်ရန်မလိုကြောင်း၊ အထူးသဖြင့် အမေရိကန်နှင့်စစ်ရေးအရ ယှဉ်ပြိုင်ရန် မရည်ရွယ်ကြောင်း ပြောကြားထားသည်။ တရုတ်၏စစ်အသုံးစရိတ်မှာ ဂျီဒီပီ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းထက် နှစ်ပေါင်းများစွာ လျော့နည်းခဲ့ကြောင်း၊ အမေရိကန်နှင့် ရုရှားမှာ ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းကျော်ရှိရာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးခဲ့ပြီး အမေရိကန်၏ စစ်အသုံးစရိတ်ထက် အပုံ ၂၀ ပုံ တစ်ပုံမျှသာရှိကြောင်း ဆက်လက်ဖော်ပြထားသည်။

သို့ဖြစ်ရာ China's Threats ဟု ထင်မြင်ယူဆနေခြင်းမှာ အခြားသူများကို ခြိမ်းခြောက်ခြင်းဖြစ်သည့်အပြင် တရုတ်မှ အမေရိကန်၏ နေရာတွင် အစားထိုးဝင်ယူမည်ဟု သုံးသပ်ချက်မှာလည်း မှားယွင်းသည့်ယူဆချက်ဖြစ်ကြောင်း ပြောကြားထားသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## တရုတ်အစိုးရ၏ Belt & Road Initiative မှာ နိုင်ငံများအားလုံး အကျိုးခံစားနိုင်မည့် ပိုးလမ်းမသစ်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးပြောကြား

တရုတ်အစိုးရ၏ Belt & Road Initiative မှာ ပိုးလမ်းမသစ်တစ်ခု တည်ဆောက်ခြင်းဖြစ်ကာ ကမ္ဘာလုံးဆိုင်ရာ နည်းဥပဒေများအား အထူးအလေးထားသွားမည်ဖြစ်ပြီး မရိုးသားသည့် လျှို့ဝှက်ချက်များ မရှိကြောင်း တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး Wan Yi က ပြောကြားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ရန် ထုတ်ပြန်ကြေညာခဲ့သည့် Belt & Road စီမံကိန်းများမှာ တရုတ်နိုင်ငံမှ အရှေ့တောင်အာရှ၊ ပါကစ္စတန်၊ အာရှအလယ်ပိုင်းနှင့် အရှေ့အလယ်ပိုင်းအပြင် ဥရောပနှင့် အာဖရိကနိုင်ငံများသို့ ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်းတို့ဖြင့် ဆက်သွယ်ရန် ရည်ရွယ်ထားပြီး ယမန်နှစ် မေလအတွင်းက စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၄ဘီလီယံ ရင်းနှီး မြှုပ်နှံခဲ့သည်။ သို့ရာတွင် အဆိုပါစီမံကိန်းမှာ သာယာဝပြောမှုကို ကျယ်ပြန့်စွာမျှဝေရန်ထက် တရုတ်နိုင်ငံ၏ နိုင်ငံအများအပေါ် ဩဇာလွှမ်းမိုးမှု ခိုင်မာစေရန်အတွက်သာဖြစ်ပြီး တရုတ်ကုမ္ပဏီများသာ အများဆုံး အကျိုးကျေးဇူးခံစားရမည့် စီမံကိန်းတစ်ခုအဖြစ် အနောက်နိုင်ငံများမှ သံသယရှိခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီလတွင် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော ပြင်သစ်သမ္မတ Emmanuel Macron ကလည်း စီမံကိန်းမှာ တစ်ဖက်သတ်မဖြစ်သင့်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးက အဆိုပါ ကနဦးစီမံချက်မှာ ပွင့်လင်းမြင်သာမှုရှိပြီး ပါဝင်သည့်နိုင်ငံအားလုံး အကျိုးခံစားနိုင်မည့် "sunshine initiative" ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတစ်ခုတည်းမှ လွှမ်းမိုးမှုမပြုနိုင်ဘဲ ပါဝင်သည့် နိုင်ငံအားလုံးတွင် တူညီသည့်အခွင့်အရေးရှိကြောင်း၊ ပွင့်လင်းမြင်သာမှုရှိပြီး မရိုးသားသည့်လုပ်ဆောင်ချက်များမရှိကြောင်း၊ နိုင်သူအကုန်ယူသည့် winner-takes-all မျိုးမဟုတ်ဘဲ၊ အပြန်အလှန် နှစ်ဖက်အကျိုးရှိသည့် win-win စီမံကိန်းသာဖြစ်ကြောင်း တရုတ်အမျိုးသားကွန်ဂရက်နှစ်ပတ်လည်ညီလာခံ၏ ဆက်စပ်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပါကစ္စတန်တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ ဂရိနိုင်ငံ၏အကြီးဆုံးဆိပ်ကမ်း ဆောက်လုပ်ခြင်းအပါအဝင် Belt & Road စီမံကိန်းနှင့် ချိတ်ဆက်ထားသော စီမံကိန်းများစွာမှာ အောင်မြင်စွာ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တရုတ်နှင့် ပြင်သစ်မှာ ဗြိတိန်တွင် နျူကလီးယားစက်ရုံတည်ဆောက်ရန် ကမ်းလှမ်းထားပြီးဖြစ်ကာ နည်းပညာမြင့် စီမံကိန်းများအတွက် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်အတွက် စံပြစီမံကိန်းတစ်ခုဖြစ်ခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အကောင်းဆုံးသော နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးသွားမည်ဟု ကတိပေးထားပြီးဖြစ်ကြောင်း၊ Belt & Road စီမံကိန်းမှာ ကမ္ဘာလုံးဆိုင်ရာ အများပိုင်စီမံချက်ဖြစ်သည့်အတွက် နိုင်ငံတကာ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး Wang က ထပ်လောင်းပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# IFC က မြန်မာနိုင်ငံတွင် အသေးစား ငွေကြေးလုပ်ငန်းများ၌ ယခုနှစ်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန်စီစဉ်

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနေသည့် ကမ္ဘာ့ဘဏ်၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သော IFC (International Finance Corporation) သည် မြန်မာနိုင်ငံတွင် အသေးစား ငွေကြေးလုပ်ငန်း (Microfinance Institution) လေးခုကိုဖွဲ့စည်း၍ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းကို ရင်းနှီးမြှုပ်နှံထားပြီး ယခုနှစ်တွင် ပိုမိုရင်းနှီးမြှုပ်နှံလာရန် စီစဉ်လျက်ရှိကြောင်း မတ် ၁၂ ရက်ထုတ် နေးရှင်းသတင်းစာတွင် ဖော်ပြထားသည်။

IFC အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်အသေးစားငွေကြေးလုပ်ငန်း သုံးခုသို့မဟုတ် လေးခုကို မြန်မာနိုင်ငံတွင် ဖွဲ့စည်းရန်စီစဉ်ထားကြောင်း၊ မြန်မာနိုင်ငံ၌ အသေးစားငွေကြေးလုပ်ငန်းပေါင်း ၁၇၀ ခန့်ရှိပြီး IFC နှင့်ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် မိတ်ဖက်အဖွဲ့အစည်းများ ရွေးချယ်မှုအပိုင်းသည်လည်း အလွန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံသည် အသေးစားငွေကြေးလုပ်ငန်းနှင့် ပတ်သက်၍ IFC ၏ နာမည်ကောင်းရရှိသည့်နိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအတွင်း အသေးစားငွေကြေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာ၌ ခိုင်မာသော မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ခြင်း၊ အသေးစားငွေကြေးလုပ်ငန်းတစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်မှုနှင့်အတူ စွမ်းဆောင်ရည်မြှင့်တင်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံရှိ အသေးစားငွေကြေးလုပ်ငန်းများ ကြုံတွေ့နေရသည့် ဘဏ္ဍာရေးအရင်းအမြစ် ရှားပါးသည့်အခက်အခဲကို ကူညီဖြေရှင်းပေးခြင်း စသည့်အရေးကြီးလုပ်ငန်းစဉ်သုံးခုကို IFC က ထုတ်ပြန်ခဲ့ကြောင်း၊ IFC သည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစတင်၍ အသေးစားငွေကြေးလုပ်ငန်းကို အစိုးရတာဝန်ရှိ အဖွဲ့အစည်းများ အပါအဝင် အခြားသော အဖွဲ့အစည်းများစွာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတစ်ကြိမ်တွင်လည်း တိုးချဲ့ရင်းနှီးမြှုပ်နှံမည့်ငွေကြေးလုပ်ငန်းများအတွက် ပူးပေါင်း၍ တာဝန်ယူဆောင်ရွက်နိုင်မည့် မြန်မာနိုင်ငံအတွင်းရှိအသေးစားငွေကြေးအဖွဲ့အစည်းများကို ရွေးချယ်မည်ဖြစ်ကြောင်း၊ IFC သည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလတွင် သီတင်းတစ်ပတ်ကြာမြင့်သည့် လေ့ကျင့်သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ သက်ဆိုင်ရာအစိုးရဌာနနှင့် ပြင်ပအဖွဲ့အစည်းများမှ တာဝန် ရှိဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ သင်တန်းသားစုစုပေါင်း ၁၅၀ ခန့်ကို လေ့ကျင့်ပေးခဲ့ပြီးဖြစ်ရာ အစိုးရဝန်ထမ်းသင်တန်းသားပါဝင်မှုသည် သုံးပုံတစ်ပုံရှိသကဲ့သို့ ပြင်ပအသေးစားငွေကြေးလုပ်ငန်းများမှ ဝန်ထမ်းအရေအတွက်သည် ၅၀ ဦးခန့်ပါဝင်ကြောင်း၊ ယခုနှစ်တွင်လည်း အဆိုပါသင်တန်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့၌ ဆက်လက်ဖွင့်လှစ်ရန်စီစဉ်ထားပြီး အမျိုးသမီးသင်တန်းသားဦးရေ ပိုမိုတက်ရောက်ရန် မျှော်မှန်းထားကြောင်း၊ IFC သည် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ အလှူငွေအဖွဲ့အစည်းဖြစ်သော LIFT (Livelihoods and Food Security Trust Fund) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့်ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် အသေးစားငွေကြေးလုပ်ငန်း၏ကောင်းမွန်သောအလေ့အကျင့်ကောင်းများကို စတင်မိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ အစိုးရဝန်ကြီးဌာနများ အပါအဝင် အခြားသော အဖွဲ့အစည်းများနှင့်အတူဆောင်ရွက်မည့် IFC ၏ စီမံကိန်းတန်ဖိုးသည် ဒေါ်လာ ၃ ဒသမ ၆ သန်းရှိကြောင်း မဲခေါင်ဒေသတာဝန်ခံ Ms. Vanessa Vizcarra Bianchi က ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

နန္ဒာဝင်း၊ ဟန်နီ (WTO)



### နိုင်ငံ၏ နောက်ခံအခြေအနေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယကုန်းမြေအကျယ်ပြန့်ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံ၏ ရာသီဉတုအခြေအနေသည် ပူပြင်းသည့်နွေရာသီနှင့် အေးမြသည့် ဆောင်းဦးရာသီဉတုတို့ရှိပြီး နှစ်စဉ်အတက်အကျမြန်သည့် အပူချိန်မျိုးရှိသည်။ ပြောင်းလဲတတ်သည့် ရာသီဉတု အမျိုးအစားများရှိပြီး မိုးရေချိန်မြင့်မားခြင်း၊ အအေးလှိုင်းများ၊ တိုင်ဖွန်းမုန်တိုင်းများ စသည်တို့သည် နိုင်ငံ၏အထင်ကရ ရာသီဉတုဆိုင်ရာ လက္ခဏာများဖြစ်ကြသည်။ ၂၀၁၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စာရင်းဇယားများအရ တရုတ်နိုင်ငံ၏ လူဦးရေမှာ ၁ ဒသမ ၄၂ ဘီလီယံခန့်ရှိပြီး နှစ်စဉ်လူဦးရေတိုးတက်မှုနှုန်းမှာ သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြစ်ကာ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံတစ်ခုအဖြစ် ရပ်တည်နေသည်။

တရုတ်နိုင်ငံသည် ကမ္ဘာတွင် အရှိန်အဟုန်ဖြင့် စီးပွားရေးတိုးတက်နေသည့် နိုင်ငံတစ်ခုဖြစ်ပြီး လွန်ခဲ့သည့်နှစ်အတော်များများကတည်းက တစ်နှစ်လျှင် ပျမ်းမျှတိုးတက်မှုနှုန်း ၁၀ ရာခိုင်နှုန်းဖြင့် ပုံမှန်တိုးတက်နေမှုကို ဆက်လက်ထိန်းသိမ်းထားပါသည်။ ၂၀၁၀ ပြည့်နှစ်ကာလမှစတင်၍ အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည့်အချက်သုံးချက်မှာ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတို့ဖြစ်သည်။

### တရုတ်နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှုအခြေအနေ

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးသော ဆန်ထုတ်လုပ်သည့်နိုင်ငံဖြစ်ရုံမျှသာမက အခြားသော ဂျုံ၊ ပြောင်း၊ ပဲပိစပ်၊ မြေပဲ၊ ဝါဂွမ်းနှင့် ဆေးရွက်ကြီး စသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၏ အဓိကရင်းမြစ်ဒေသလည်းဖြစ်သည်။ ၎င်းအပြင် ဆန်ထုတ်လုပ်မှုနှင့် ဆန်စားသုံးမှုအပိုင်းတွင်လည်း မြင့်မားသည့်နိုင်ငံဖြစ်သည့် အလျောက်စုစုပေါင်း ကမ္ဘာ့ဆန်ထုတ်လုပ်မှုနှင့် စားသုံးမှု၏ ၃၀ ရာခိုင်နှုန်းရှိပါသည်။

တရုတ်နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှု အခြေအနေများသည် နိုင်ငံ၏ မြေမျက်နှာသွင်ပြင်နှင့် ရာသီဉတုတို့အပေါ် မူတည်၍ ပြောင်းလဲနေသော်လည်း အခြေခံအားဖြင့် ရေသွင်းစိုက်ပျိုးမှုကို အခြေခံသည့်သီးနှံစိုက်ပျိုးရေးပင်ဖြစ်သည်။ တရုတ်နိုင်ငံတောင်ပိုင်းသည် အပူချိန်မြင့်မားမှုနှင့် လုံလောက်သည့် မိုးရေချိန်ရရှိမှု စသည်တို့ကြောင့် ဆန်စပါးစိုက်ပျိုးမှုအတွက် သင့်လျော်သည့် သဘာဝပတ်ဝန်းကျင်ရှိပြီး ၎င်းဒေသတွင် တစ်နှစ်လျှင် နှစ်သီးစားနှုန်းဖြင့် ဆန်စပါးကိုစိုက်ပျိုးကြသည်။ ယန်ဇီမြစ်ဝှမ်းဒေသတွင် ဆန်နှင့်ဂျုံကို အလှည့်ကျစိုက်ပျိုးကြပါသည်။ မြောက်ပိုင်းဒေသသည် အပူချိန်လျော့နည်းမှု၊ မိုးရေချိန်လျော့နည်းရရှိမှုနှင့် ဆန်စပါးစိုက်ပျိုးမှု ဧရိယာအတွက် ရေကို အကန့်အသတ်ဖြင့်သာ ရရှိသည်ကိုတွေ့ရသည်။ ယင်းမြောက်ပိုင်းဒေသတွင် စိုက်ပျိုးသည့် ဆန်စပါးမျိုးများမှာ အဓိကအားဖြင့် japonica (ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့တွင် အများဆုံးစားသုံးသည့်ဆန်) စပါးမျိုးများဖြစ်ပြီး အခြားသော နိုင်ငံဧရိယာများတွင် စိုက်ပျိုးသည့် စပါးမျိုးများထက် အရည်အသွေးပိုမိုမြင့်မားသည်။ တရုတ်နိုင်ငံအနောက် မြောက်ပိုင်းဒေသရှိ ခြောက်သွေ့သည့်ကန္တာရနှင့် ကန္တာရဆန်သော ဒေသများတွင်လည်း ဆန်စပါးကို အနည်းငယ်စိုက်ပျိုးကြသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးတွင် အကြီးမားဆုံးသော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးမှုပြုသည့် နိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှုနှင့် စားသုံးမှု စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည်။ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှလွဲ၍ တရုတ်နိုင်ငံသည် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းသည့် အခြေအနေများနှင့် ကျယ်ပြန့်သော မျိုးစပ်စိုက်ပျိုးမှု လက်ခံကျင့်သုံးမှု အလေ့အထများကြောင့် အရှေ့အာရှပိုင်းတွင် ဆန်စပါးစိုက်ပျိုးထွက်ရှိမှု မြင့်မားသည့်နိုင်ငံတစ်ခုပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ဆန်စပါးစိုက်ပျိုးမှု ဧရိယာဒုတိယအကြီးမားဆုံးဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သည့် ၁၉၇၀ ပြည့်လွန်နှစ်များက အမြင့်ဆုံးရောက်ရှိခဲ့သည့် ဆန်စပါးစိုက်ပျိုးမှု အခြေအနေသည် ၂၀၁၀ ခုနှစ်ခန့်မှစတင်၍ အနည်းငယ်ကျဆင်းလာခဲ့သည်။

ကျဆင်းရသည့် အကြောင်းအရင်းများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီးနောက်ပိုင်း အစိုးရ၏ ဆန်စပါးစိုက်ပျိုးမှုပိုင်းတွင် လိုအပ်ချက်များရှိနေခြင်းနှင့် ဆန်စပါးစိုက်ပျိုးမှုနှင့်ပတ်သက်သည့် မြေယာပိုင်းတွင် Opportunity Cost များ တိုးမြင့်လာခြင်းစသည့် အချက်များကြောင့် ဆန်စပါး စိုက်ပျိုးမှုဧရိယာမှာ လျော့ကျလာခြင်းဖြစ်သည်။ မကြာသေးမီနှစ်များအတွင်းက ပင်လယ်ကမ်းခြေဒေသရှိ Guangdong နှင့် Zhejiang ပြည်နယ်များတွင် ဆန်စပါးစိုက်ပျိုးမှုဧရိယာများ လျော့ကျလာသည်ကို တွေ့ရသည်။ Hunan ပြည်နယ်သည် ဆန်စပါးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်မှာ နိုင်ငံတောင်ပိုင်းရှိ Yangtze River Valley (ယန်ဇီမြစ်ဝှမ်းဒေသ) ပင်ဖြစ်သည်။

သို့သော်လည်း နိုင်ငံ၏မြောက်ပိုင်းရှိ ဆန်စိုက်ပျိုးမှုမှာ မကြာမီနှစ်များအတွင်း သိသိသာသာ တိုးတက်လာခဲ့ပြီး အများစုမှာ Heilongjiang ပြည်နယ်နှင့် အခြားသောအရှေ့မြောက်ပိုင်း ပြည်နယ်နှစ်ခုဖြစ်သည့် Jilin နှင့် Liaoning ပြည်နယ်တို့ဖြစ်ကြသည်။ ဆန်ထုတ်လုပ်မှုပိုင်းအနေဖြင့် Henan ပြည်နယ်နှင့် Shandong ပြည်နယ်တို့မှာ သိသိသာသာပင် ထုတ်လုပ်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ဆန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ တောင်ပိုင်းပင်လယ်ကမ်းခြေဒေသများဖြစ်သော Guangdong နှင့် Zhejiang ပြည်နယ်များတွင် မြေယာနှင့် လုပ်သားကုန်ကျစရိတ် များပြားလာသောကြောင့် မြောက်ပိုင်းဒေသများသို့ ရွှေ့ပြောင်း၍ ထုတ်လုပ်ကြကြောင်း သိရသည်။

ဆန်စပါးသည် တရုတ်နိုင်ငံလူဦးရေစုစုပေါင်း သုံးပုံနှစ်ပုံခန့်၏ အဓိကပင်မအစားအစာဖြစ်သည်။ သို့သော် နိုင်ငံ၏အချို့သော နယ်မြေဒေသများ (အထူးသဖြင့် မြောက်ပိုင်းဒေသ) တွင် ဂျုံ စားသုံးမှုက ပိုအရေးပါသည်ကိုတွေ့ရပြီး ဆန်စပါးသည် နိုင်ငံလူဦးရေ အများစု၏ အဓိက အစားအစာဖြစ်သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုတာကာလခန့်ကပင် ၎င်း၏အရေးပါမှုမှာ အနည်းငယ်လျော့ပါးလာခဲ့ကြောင်းသိရသည်။

### ဆန်စပါး စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများ

သီးနှံမျိုးစုံစိုက်ပျိုးလာမှုကြောင့် လွန်ခဲ့သည့် နှစ် ၃၀ ကျော်ကာလကတည်းက တရုတ်နိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှုမှာ လျော့ကျလာသည်ကို တွေ့ရ သည်။ ယခင်က ဆန်စပါးစိုက်ပျိုးမှု ဧရိယာသည် သီးနှံအားလုံးစိုက်ပျိုးသည့် ဧရိယာစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ယခုကာလတွင် ၂၀ ရာခိုင်နှုန်းခန့်သို့ ကျဆင်းလာခဲ့သည်ကို တွေ့ရသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံ၏လူဦးရေမှာလည်း နှစ်စဉ်များပြားတိုးတက်လာသည်ကို တွေ့ရသည်။ သို့သော် ယခုနောက်ပိုင်းကာလများအတွင်း (အခြားသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည့် ဂျပန်၊ ကိုရီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံများနည်းတူ) Diet လုပ်သည့် အလေ့အထ ပြန့်ပွားလာသည့်အတွက် တရုတ်နိုင်ငံ၏ တစ်ဦးချင်းဆန်စားသုံးမှုမှာ ကျဆင်းလာပါသည်။ ၎င်းအပြင် ဆန်တင်သွင်းမှုကိုမမှီခိုဘဲ နိုင်ငံတွင်းစားသုံးမှုဖူလုံစေရန်အတွက် စိုက်ပျိုးမှုများကို မြှင့်တင်ရန်လည်းလိုအပ်နေသည်။

တရုတ်နိုင်ငံ၏ ဆန်စပါးထွက်ရှိမှုမှာ စိုက်ပျိုးသည့်ဧရိယာများထက် သာလွန်ခဲ့သည့်အတွက် ယခင်ငါးနှစ်တာကာလများထက်ပင် သုံးဆခန့် သာလွန်လာသည်ကို တွေ့ရသည်။ ထွက်နှုန်းကောင်းမျိုးစပါးများ(စပ်မျိုးများအပါအဝင်) ကို အသုံးပြုစိုက်ပျိုးခြင်း၊ နိုက်ထရိုဂျင် ဓာတ်မြေဩဇာများ အသုံးပြုခြင်းနှင့် ရေသွင်းစိုက်ပျိုးနည်းစနစ်များကဲ့သို့သော သီးနှံအထွက်တိုးစေရေး စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကြောင့် ထွက်ရှိမှု ပိုမိုလာရခြင်းဖြစ်သည်။ တစ်ဟက်တာလျှင်၄ ဒသမ ၃ တန်သာ ထွက်ရှိသည့် ကမ္ဘာ့ပျမ်းမျှ ဆန်ထွက်ရှိမှုနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ဟက်တာလျှင်၆ ဒသမ ၅ တန်ထွက်ရှိသည့် တရုတ်နိုင်ငံ၏ အထွက်နှုန်းက သာလွန်နေသည်ကို တွေ့ရသည်။

နိုင်ငံ၏ လူဦးရေများပြားလာမှုနှင့်အညီ တရုတ်နိုင်ငံအနေဖြင့် ၂၀၃၀ ခုနှစ်အရောက်တွင် ဆန်ထုတ်လုပ်မှုကို ၂၀ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ရမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် စုစုပေါင်းဆန်ထုတ်လုပ်မှုပမာဏ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေမှုကို အဟန့်အတားဖြစ်စေသည့် ဆန်ထုတ်လုပ်မှု နည်းစနစ်ပိုင်းတွင် စိုက်ပျိုးနိုင်သော မြေဧရိယာ၊ ရေရှားပါးမှုမြင့်တက်လာမှု၊ ရာသီဉတုပြောင်းလဲမှု၊ အလုပ်သမား ရှားပါးမှုနှင့် စားသုံးသူများ၏ အရည်အသွေးမြင့်ဆန်အပေါ် လိုလားချက်မြင့်မားလာမှုစသည့် အခက်အခဲပြဿနာများနှင့် ရင်ဆိုင်နေရပါသည်။ ဆန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် အောက်ပါ ပြဿနာများနှင့် အဓိကရင်ဆိုင်နေရပါသည်။

### မျိုးဗီဇကွဲများရှားပါးမှု နောက်ခံအခြေအနေ

ဈေးကွက်ဝင်ရန် တန်းမမီသည့် အရည်အသွေးနိမ့် ဆန်စပါးမျိုးဗီဇကွဲများ စိုက်ပျိုးခြင်းသည် biotic stresses ဟူသည့် သီးနှံဖျက်ပိုးနှင့် အပင်ရောဂါများ ဖြစ်ပွားမှုနှင့် abiotic stresses ဟူသည့် မိုးခေါင်ခြင်းနှင့် ဆားဓာတ်များပြားခြင်းစသည့် အခြေအနေများက ဒဏ်ခံနိုင်မှုနည်းပါးခြင်းဆီသို့ ဦးတည်စေနိုင်သည်။ ၎င်းအခြေအနေသည်အထူးသဖြင့် တရုတ် နိုင်ငံ၏ ၅၀ရာခိုင်နှုန်းသော စပ်မျိုးစပါးစိုက်ခင်းများအပေါ် အခက်အခဲကျရောက်စေသည်ကို တွေ့ရပါသည်။

**စာမျက်နှာ ၂၉ သို့**

# ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၆)မှ သင်တန်းသားများ မန္တလာလက်တွန်းထွန်စက် စက်ရုံသို့သွားရောက်လေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၆) မှ သင်တန်းသားစီးပွားရေးလုပ်ငန်းရှင် ၄၅ ဦးအား ကုန်သွယ်မှုလုပ်ငန်းများ လက်တွေ့သိရှိပြီး မိမိတို့စီးပွားရေးလုပ်ငန်းများတွင် အကျိုးရှိစွာ လုပ်ကိုင်ဆောင်ရွက်စေရန်ရည်ရွယ်၍ မတ် ၁၀ ရက်တွင် မန္တလေးမြို့စက်မှုဇုန်(၁)ရှိ Good Brothers Co.,Ltd ၏ မန္တလာလက်တွန်းထွန်စက်စက်ရုံသို့လေ့လာရေးခရီးစဉ်သွားရောက်ခဲ့ သည်။

ခရီးစဉ်တွင် Good Brothers Co.,Ltd. ၏ တာဝန်ရှိသူ မန်နေဂျာ ဦးခင်မောင်ရီက စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မန္တလေးစက်မှုဇုန်သည် မြန်မာနိုင်ငံတွင်ပထမဆုံးဇုန်ဖြစ်ပြီး မိမိတို့စက်ရုံကို ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ ၁၉၉၈ ခုနှစ်မှ ၁၉၉၉ ခုနှစ်တွင် အစီးရေ ၅၀ ခန့်ထုတ်လုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည်လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့စက်ရုံတွင် လုပ်သားအင်အား ၇၀ နဲ့ စတင်အကောင်အထည် ဖော်ခဲ့ကြောင်း၊ အင်ဂျင်နဲ့ ဂီယာများကို တရုတ်ပြည်မှ ဝယ်ယူခဲ့ပြီး ကျန်အစိတ်အပိုင်းများကို မိမိတို့စက်ရုံမှထုတ်လုပ်ကြောင်း၊ ခေတ်စနစ် ပြောင်းလဲလာသည်နှင့် အမျှ စက်မှုလယ်ယာကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ယခုလက်ရှိ လုပ်သားအင်အား ၂၀၀ နဲ့ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာတစ်နိုင်ငံလုံး ကုမ္ပဏီရုံးခွဲပေါင်း ၃၀ ကျော်ဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊



မိမိတို့စက်ရုံအနေဖြင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အဓိကဖြန့်ဖြူးရောင်းချနေပြီး တောင်သူများအတွက် အတိုးနှုန်းအနည်းဆုံးဖြင့် ချေးငွေများလည်း ထုတ်ချေးနေကြောင်း၊ ဓာတ်မြေဩဇာကိုလည်း ဖြန့်ဖြူးပြီး တောင်သူတွေအပေါ် ၃၆၀ ဒီဂရီဖြင့် ရည်ရွယ်ချက်ကြီးကြီးဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး စက်ပစ္စည်းကိရိယာများ ဝယ်ယူရန်အခက်အခဲရှိသော တောင်သူများအတွက် အရစ်ကျစနစ်ဖြင့်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် မန္တလေးမြို့ နတ်ရေကန်၌ အရောင်းစင်တာဖွင့်လှစ်ထားကြောင်း၊ နယ်တောင်သူများကို အင်ဂျင်အမျိုးမျိုး သုံးနိုင်ရန်အတွက် ဒေါင်ဖန်းကုမ္ပဏီမှ အင်ဂျင်နီယာများခေါ်ယူ၍ မြန်မာအင်ဂျင်နီယာများနှင့် ပေါင်းစပ်ထုတ်လုပ်ပြီး ရန်ကုန် ရွာသာကြီးစက်မှုဇုန်တွင် ပုစဉ်းခေါင်းယာဉ်များ ထုတ်လုပ်လျက်ရှိကြောင်း၊ သာပေါင်းမြို့တွင် စပါးအခြောက်ခံစက် တည်ဆောက်ထားပြီး လုပ်ငန်းများတိုးချဲ့နိုင်ရန် ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးမူဝါဒများ ပြုပြင်ပြောင်းလဲဖို့လိုအပ်ကြောင်း၊ ယခုလာရောက်လေ့လာသော သင်တန်းသား၊ သင်တန်းသူ စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် မန်နေဂျာ ဦးခင်မောင်ရီက ရှင်းလင်းပြောကြားခဲ့ပြီး စက်ရုံအတွင်းသို့ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**MTD, KTDA (DOT)**

## စင်ကာပူနိုင်ငံတွင် စားသုံးသူများကို အကာအကွယ်ပေးလျက်ရှိသော Lemon Law အကြောင်း သိကောင်းစရာများ

Lemon Law ဆိုသည်မှာ စားသုံးသူအကာအကွယ်ပေးရေး အက်ဥပဒေ (တရားမျှတသော ကုန်သွယ်မှုအက်ဥပဒေ) နှင့် ၎င်းရမ်းဝယ်ယူခြင်းဆိုင်ရာ အက်ဥပဒေတို့ကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ စင်ကာပူနိုင်ငံတွင် ပြဋ္ဌာန်းထားသော Lemon Law သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် စတင်အကျိုးသက်ရောက်မှုရှိခဲ့ပြီး Lemon Law အရ ကုန်စည်များကို ရောင်းချချိန်တွင် ကုန်စည်များသည် စားသုံးသူများအတွက် ကျေနပ်ဖွယ်ရာအရည်အသွေးမရှိပါက ကုန်စည်ရောင်းချသူသည် စားသုံးသူများကို ကုစားမှုများပြန်လည်ပေးအပ်ရမည်ဖြစ်သည်။ ကုန်စည်များကို ရောင်းချပြီးနောက် ခြောက်လအတွင်း ကုန်စည်တွင် အပြစ်အနာအဆာတွေ့ရှိရပါက စီးပွားရေးလုပ်ငန်းရှင်အနေဖြင့် သက်သေပြနိုင်ခြင်းမရှိလျှင် ၎င်းအပြစ်အနာအဆာကို ကုန်စည်ရောင်းချစဉ်ကတည်းက ပါရှိသည်ဟုမှတ်ယူမည်ဖြစ်သည်။ အဆိုပါအပြစ်အနာအဆာကို ရောင်းချသူမှ ပြန်လည်ပြုပြင်နိုင်ခြင်းမရှိပါက စားသုံးသူအတွက် ကုန်စည်ကို အစားထိုးပေးခြင်း သို့မဟုတ် ကုန်စည်အတွက် အပြည့်အဝ ငွေပြန်အမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

Lemon Law သည် စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြား ဆောင်ရွက်သောလုပ်ငန်း များတွင် အကျုံးဝင်ပြီး လက်လီရောင်းချသူများသည် စာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် Lemon Law အရ လိုက်နာရမည့်တာဝန်များကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ Lemon Law အရ ကုန်စည်များနှင့်စပ်လျဉ်း၍ အာမခံတွင်ပါရှိသော အာမခံချက်အတိုင်း စားသုံးသူတို့မှ တောင်းဆိုရယူနိုင်သဖြင့် ကုန်စည်များကို ဝယ်ယူရာတွင် ပေးအပ်ထားသော အာမခံအရ စားသုံးသူတို့သည် ၎င်းတို့၏ အခွင့်အရေးများကို အလေးထားကြရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်တို့သည် ၎င်းတို့ရောင်းချသောကုန်စည်များအတွက် စားသုံးသူများအား အာမခံများကို တိတိကျကျ ပေးအပ်ထားခြင်းမရှိစေကာမူ Lemon Law သည် အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့အစည်းသည် Lemon Law စတင်အသက်ဝင်သည့် ၂၀၁၂ ခုနှစ်မှစတင်၍ အပြစ်အနာအဆာပါရှိသော မော်တော်ကားများနှင့်စပ်လျဉ်းသော Lemon Law အမှုပေါင်း ၁၁၀၀ ကျော်ကို ကိုင်တွယ်လက်ခံဆောင်ရွက်ခဲ့ပြီး အဆိုပါအမှုများအနက် သုံးပုံနှစ်ပုံခန့်ကို စားသုံးသူများအတွက် စိတ်ကျေနပ်ဖွယ် ဖြေရှင်းပေးနိုင်ခဲ့သည်။ အများအားဖြင့် လျော်ကြေးငွေ ပြန်လည်ပေးအပ်စေခဲ့ကာ စားသုံးသူ လေးဦးခန့်ကသာ ကုန်စည်ကို ပြန်လည်အစားထိုးပေးရန် တောင်းဆိုခဲ့ကြသည်။ စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့အစည်းအနေဖြင့် မဖြေရှင်းနိုင်ခဲ့သော အမှုတစ်ခုသာရှိခဲ့ပြီး အဆိုပါအမှုအား အသေးစားအရေးဆိုသော ခုံရုံးသို့လွှဲပြောင်း၍ ဖိုင်ပြုလုပ်ခဲ့ကာ ဆက်လက်ဖြေရှင်းဆောင်ရွက်ခဲ့သည်။ စားသုံးသူအကာအကွယ်ပေးရေး အဖွဲ့အစည်းမှ စားသုံးသူများအား တစ်ပတ်နွမ်းကားများကို ဝယ်ယူရာတွင် သင့်လျော်သော အလေးဂရုပြုမှုထားရှိကြရန်နှင့် မော်တော်ကားဝယ်ယူရာတွင် အပြစ်အနာအဆာများ မပါရှိစေရန် ဝယ်ယူသည့်အချိန်တွင် ကျွမ်းကျင်သူအကဲဖြတ်စင်တာသို့ ပို့ဆောင်ပြီး အကဲဖြတ်မှုပြုလုပ်ကြရန် တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**မျိုးမျိုးထိုက် (စားသုံးသူ)**

## မြန်မာ့ငါး/ပုစွန်များ နိုင်ငံတကာသို့ တင်ပို့ရာတွင် ငါး/ပုစွန် ကျန်းမာမှုနှင့် ရောဂါကင်းစင်စေရန် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ

မြန်မာနိုင်ငံမှ အလှမွေးမြူရန်နှင့် စားသုံးရန်အတွက် ငါး/ပုစွန်အပါအဝင် ရေထွက်ပစ္စည်းများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ထိုသို့ တင်ပို့ရောင်းချရာတွင် တင်သွင်းသည့် နိုင်ငံမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ အထူးသဖြင့် ငါး/ပုစွန်များ တင်ပို့ရာတွင် တင်ပို့သည့်နိုင်ငံမှ Buyer ၏ လိုအပ်ချက်အားရှင်းလင်းစွာ သိရန်နှင့် အလှမွေးမြူရန်/စားသုံးရန်တို့အားလည်း တင်ပို့ရောင်းချသူများအနေဖြင့် ကွဲပြားခြားနားစွာ သိရှိရန်လည်း အထူးပင်လိုအပ်လှသည်။

ဥပမာအားဖြင့် စင်ကာပူနိုင်ငံသို့ မြန်မာနိုင်ငံ၊ မြန်မာ့ပုဂ္ဂလိက ရေထွက်လုပ်ငန်းကုမ္ပဏီတစ်ခုမှ ကျောက်ပုစွန်များ တင်ပို့လျက်ရှိရာ ထိုသို့တင်ပို့နေစဉ် ဇန်နဝါရီလအတွင်းက မြန်မာနိုင်ငံမှ တင်ပို့သည့် ကျောက်ပုစွန်များတွင် White Spot Syndrome (WSSV) တွေ့ရှိရကြောင်း စင်ကာပူသမ္မတနိုင်ငံ၏စိုက်ပျိုးထုတ်ကုန်နှင့် တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးအာဏာပိုင် (Agri-food & Veterinary Authority of Singapore – AVA) မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပေးပို့ အကြောင်းကြားလာသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန၊ ငါး/ပုစွန် ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေးဌာနစုအနေဖြင့် နိုင်ငံရပ်ခြားသို့ တင်ပို့မည့် အလှမွေးငါးပုစွန်များကို တင်ပို့ရာတွင် စားသုံးရန်မဟုတ်ဘဲ အလှမွေးရန်ဖြစ်သဖြင့် တင်ပို့မည့်အလှမွေးငါးစုဆောင်းမည့်နေရာများသို့သာ ကွင်းဆင်းစစ်ဆေးပြီး Health Certificate (HC) ထုတ်ပေးပါကြောင်း၊ စင်ကာပူသမ္မတနိုင်ငံမှ ဝယ်ယူသူ (Buyer) သည် ပုစွန်များတွင် ဖြစ်ပွားတတ်သော ဗိုင်းရပ်စ်ပိုးကို PCR ဖြင့် စစ်ဆေးသည့် လက်မှတ်တောင်းဆိုခြင်း မရှိသည့်အတွက် စစ်ဆေးပေးခြင်းမရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ထိုသို့ဖြစ်စဉ်ပေါ်ပေါက်လာသောအခါ စင်္ကာပူနိုင်ငံသို့ ကျောက်ပုစွန်များ တင်ပို့နေသည့် ကုမ္ပဏီသို့ မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန၊ ငါး/ပုစွန်ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းဌာနစုမှ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး တင်ပို့ပြီးကျန်ရှိနေသေးသော ကျောက်ပုစွန်များအား မြေမြှုပ်ဖျက်ဆီးခဲ့သည့်အပြင် အုတ်ကန်အတွင်းရှိရေများကို ပိုတက်ဆီယမ်ပါမင်ဂနိတ်နှင့် ဖော်မလင်ရောစပ်၍ ထည့်သွင်းပိုးသတ်ခြင်း၊ အသုံးပြုလျက်ရှိသော Nets နှင့် Equipments များပါ တစ်ပါတည်း သုံးရက်ခန့် ထည့်စိမ်စေခဲ့ပြီးမှ ရေများကို စွန့်ပစ်စေခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ထားသည့် ကန်များအား ကလိုရင်း (10 ppm for 3-5 days) ဖြင့် ထားရှိစေပြီး အနည်းဆုံး တစ်လခွဲ၊ နှစ်လခန့် အခြောက်ခံပြီးမှ ပြန်လည်အသုံးပြုရန် အကြံပြုဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ယခုအခါ အလှမွေးငါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိသည်ကိုလည်း ငါး/ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းတင်ပို့သည့် လုပ်ငန်းရှင်များအနေဖြင့် အထူးဂရုပြု လိုက်နာဆောင်ရွက်သင့်ပါသည်-

(က) စုဆောင်းခဲ့သည့် နေရာဒေသမှ အလှမွေးကျောက်ပုစွန်များ စုဆောင်းခြင်းကိုရပ်နားထားခြင်း၊ လက်ကျန်အကောင်များကို ငါး/ပုစွန် ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေး ဌာနစုသို့ ပေးပို့စစ်ဆေးခြင်းနှင့် သိုလှောင်ထားရှိသည့် ကန်များကို ဖော်မလင်/ကလိုရင်းဖြင့် ဆေး၍ အခြောက်ခံထားခြင်းတို့ကို ဆောင်ရွက်ထားရန်

(ခ) အလှမွေးငါးပုစွန် Live Aquarium ဖြစ်သော်လည်း အလှမွေး ပုစွန်တင်ပို့မည်ဆိုလျှင် ပုစွန်များတွင် ဖြစ်ပွားတတ်သော ရောဂါပိုးများကို PCR စစ်ဆေးပြီးမှသာ တင်ပို့ရန်

(ဂ) သိုလှောင်ကန်ကိုဆေးကြော၊ အခြောက်ခံ၊ ပိုးသတ်ခြင်းအပြင် ကျန်ရှိသောအကောင်များကို PCR စစ်ဆေးရန်ပေးပို့ခြင်း/ဖျက်ဆီးပစ်ခြင်း လက်ရှိစုဆောင်းသည့်နေရာမှ တင်ပို့မှုကို ခေတ္တရပ်နားထားရန်

မြန်မာနိုင်ငံမှ အလှမွေးမြူရန်နှင့် စားသုံးရန်အတွက် ငါး/ပုစွန် အပါအဝင် ရေထွက်ပစ္စည်းများကို နိုင်ငံတကာသို့ တင်ပို့ရောင်းချရာတွင် လုပ်ငန်းရှင်များအနေဖြင့် အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ကြပါရန် ရေးသားဖော်ပြလိုက်ပါသည်။

**သီတာကျော်(နှစ်နိုင်ငံ)**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ငါးမှုန့်တန် ၆၀၀ ကျော်တင်ပို့

မြိတ်ကုန်သွယ်ရေးစခန်းမှ မတ် ၃ ရက်မှ ၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ၈၆၂ သန်း တန်ဖိုးရှိ ငါးမှုန့် ၆၇၉ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က တန် ၅၀၀ ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်၁၇၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၀၁ သန်းတန်ဖိုးရှိ ငါးမှုန့် တန် ၃၀၀၀ ကျော်ကို တင်ပို့ခဲ့ပြီး ဖြစ်ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်အတွင်း ငါးမှုန့်အပြင် အခြားရေထွက်ကုန်များဖြစ်တဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၉ သန်း တန်ဖိုးရှိ ငါးမျိုးစုံ တန် ၉၃၀၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၄ သန်းတန်ဖိုးရှိ မွေးပုစွန် ၆၃ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိ သဲကဏန်း ၂ တန်နီးပါး၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၅၆ သန်း တန်ဖိုးရှိကင်းမွန် ၁၄၂ တန်ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄၀ သန်းတန်ဖိုး ရှိ ရေထွက်ကုန် ၂၀၅၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၆၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၈၉ တန်ပိုမိုခဲ့ပြီး တန်ဖိုးအားဖြင့်လည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၆ သန်း ပိုမိုခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ငါးဆားနယ်၊ ငါးလေးခြောက်နဲ့ ပုစွန်ဖွဲတို့ ပိုမိုတင်ပို့ခဲ့တာကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါ ပိုမိုခဲ့ရတာ ဖြစ်ပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ သကြားပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ - တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၄၅ သန်း တန်ဖိုးရှိ Re-export သကြား ၂၀၀၆၉ တန်ခွဲကိုလည်းကောင်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၁ သန်းတန်ဖိုးရှိ သကြား ၁၄၄၇ တန်ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၃၇၂၉ တန်၊ ချင်းရွှေဟော်မှ ၆၅၇၂ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ တန် ၆၃၄၀ ခွဲပိုမိုပြီး ချင်းရွှေဟော်မှ ၅၁၂၅ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက် ပေါက်ဈေးမှာ ယခင်တစ်ပတ်က ကျပ် ၇၅၄၄၀၀ ဈေးရှိခဲ့ရာမှ အဆိုပါသီတင်းပတ်အတွင်း ကျပ် ၇၈၂၈၀၀ ဈေးသို့ လည်းကောင်း၊ တစ်ဖက်နိုင်ငံဈေးမှာလည်း ယွမ် ၃၆၈၀ မှ ယွမ် ၃၈၀၀ သို့လည်းကောင်း ဈေးအနည်းငယ်မြင့်တက်ခဲ့ ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၄၃ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၂၉၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၈ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၆ သန်း တန်ဖိုးရှိ ငါးမြစ်ချင်းနဲ့ ငါးခေါင်းပွ ၂၅၄ တန်၊ မောင်တောကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၁ သန်း တန်ဖိုးရှိ ငါးစုံလေးခြောက် ၈၉ တန်တို့ကို တင်ပို့ခဲ့ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၀ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ချင်းအစို၊ သစ်ခေါက်၊ ဆီးယိုထုပ်တို့ကို ၆၈၄ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၄၄၆ သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ချင်းအစို၊ မြေပဲ၊ ဝါး (ကြီး)/(သေး)၊ ကြိမ်၊ ဆီးယိုထုပ် တို့ကို ၁၂၁၆ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁၉ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၆ မျိုး၊ တန်ချိန်အားဖြင့် ၁၅၄၈ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၆၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅၈၇ တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ မာလာဉ၊ မာလာဉခေါင်း၊ နန္နွင်းခေါင်း၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ ဆီးဆန်၊ ကွမ်းစားဂမုန်း၊ ဖန်ခါးသီးခြောက်နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

**မော်မော်အောင်**

## မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးပုံမှန်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၇၅ တန်ဖိုးရှိ ဝါးလုံးအကြီး ၂၅ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁ တန်နဲ့ နှိုင်းယှဉ်ပါက ၆ တန်လျော့နည်းခဲ့ပေမယ့် မောင်တောမှ ဝါးပုံမှန်တင်ပို့မှုရှိတာ တွေ့ရပါတယ်။ ယခင်တစ်ပတ်က ဝါးလုံးအကြီးအပြင် ဝါးလုံးအသေး တစ်တန်ခွဲကိုလည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသုံးခုမှ မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၂၅ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၆၁၈၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၂၁၆၇ တန်ခွဲ၊ လွယ်ဂျယ်မှ ၃၂၁၄ တန်ကျော်နဲ့ ကန်ပိုက်တီမှ တန် ၈၀၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းများမှ ပြောင်းဖူးစေ့ ၂၀၃၈၇ တန်ကျော်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ ၅၇၉၄ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၀၈၃၃၃ ကျပ်ရှိရာမှ မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်မှာ ၃၀၇၆၉၂ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၆၂၅ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၅ စီး ပိုမိုခဲ့ကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ ၆၃-၆၅ ကျပ်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ပီလောပီနံအမှုန့်ရော ပီလောပီနံဥပါတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၇၆၆ တန်ဖိုးရှိပီလောပီနံအမှုန့် တန် ၁၃၀ နီးပါးနဲ့ အမေရိကန်ဒေါ်လာ ၁၉၄၀ တန်ဖိုးရှိပီလောပီနံဥ ၄၇ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပီလောပီနံအမှုန့် ၆၄ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တန် ၆၀ ပိုမိုတင်ပို့ခဲ့ပြီး ပီလောပီနံဥကိုလည်း ယခင်တစ်ပတ်က တင်ပို့မှု မရှိဘဲ ယခုတစ်ပတ်မှ တင်ပို့ခဲ့တာ တွေ့ရပါတယ်။ **မော်မော်အောင်**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းနှစ်ခုမှ မတ် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၆၈ သန်း တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၆၈၅၀ ကို လည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၇ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၅၈၈ တန်ကိုလည်းကောင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ၆၀၇၅ တန်၊ လွယ်ဂျယ်မှ ၁၀၂၂ တန် တင်ပို့ခဲ့တာနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ် ကန်ပိုက်တီမှ ၁၀၇၇၅ တန် ပိုမိုခဲ့ပြီး လွယ်ဂျယ်မှ ၄၃၄ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၁၁၂ တန်ဖိုးရှိ တစ်သျှူး ငှက်ပျော တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ်ကတည်းက တစ်သျှူးငှက်ပျောကို လာအိုနိုင်ငံမြောက်ပိုင်းရှိပြည်နယ်များတွင် တရုတ်နိုင်ငံမှ ငှက်ပျောခြံရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်ခဲ့ပြီး တစ်နှစ်လျှင် မြေတစ်ဟက်တာကို အမေရိကန်ဒေါ်လာ ၇၂၀ နဲ့ ငှားရမ်းလုပ်ကိုင်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီး ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ မတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၈ သန်း တန်ဖိုးရှိကွမ်းသီး ၄၆၀၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၃၈၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၁၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးနှင့် ရိဒ်ကုန်သွယ်ရေးစခန်းတို့မှ ကွမ်းသီးများ ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၉၆ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၂၉၃၀ နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃၈၄ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၆၇၂ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ၃၁၆ သန်းတန်ဖိုးရှိနန့်ဖာလုံကုန်စုံ၊ စီးကရက်၊ ပဲစင်းငုံ၊ ဘိလပ်မြေနဲ့ မျောက်ငိုသီးတို့ကို ၂၅၈ တန်တင်ပို့ခဲ့ပြီး ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၉ သန်း တန်ဖိုးရှိစားသောက်ကုန်နှင့် ဖရဲသီးတို့ကို ၆၄ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# လှည်းကူး(CTQM)တွင် စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများအကြောင်း အသိပညာပေးသင်တန်း(၁/၂၀၁၈)နှင့် ကုန်ပစ္စည်းအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၈) ရက်တိုသင်တန်းများဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(CTQM) လှည်းကူးမြို့တွင် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများအကြောင်း အသိပညာပေး သင်တန်း(၁/၂၀၁၈)နှင့် ကုန်ပစ္စည်းအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၁၈) သင်တန်းများကို မတ် ၁၂ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သော သင်တန်းများမှာ မကြာမီထွက်ပေါ်လာမည့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေသစ်နှင့် သက်ဆိုင်သည့်အထောက်အကူပြု အသိပညာများရရှိရေးကို အဓိကရည်ရွယ်ပါကြောင်း၊ အဆိုပါဥပဒေနှင့် နည်းဥပဒေသစ်ထွက်ရှိလာပါက စားသုံးသူအကာအကွယ်ပေးရေး အငြင်းပွားမှုကဏ္ဍများနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် မိမိတို့ထိတွေ့မှုနည်းနေသော မသိရှိသေးသည့် စိုက်ပျိုးရေးဆိုင်ရာ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် သက်ဆိုင်သည့် အသုံးပြုနည်းများ၊ စံချိန်စံညွှန်းများသိရှိသွားစေရန်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးဆိုင်ရာ ပြဿနာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကုန်ပစ္စည်းအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းမှ စားသုံးသူများအတွက် အရည်အသွေးမြင့် ထုတ်ကုန်များ ပေါ်ထွက်လာစေရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရန် သိရှိသွားစေရန်လည်း ပါဝင်ပါကြောင်း၊ သင်ကြားပို့ချစဉ် ဘာသာရပ်အားလုံးအပေါ် ထိထိမိမိသိရှိစေပြီး လက်တွေ့တွင် ပြန်လည်အသုံးချနိုင်ရန်နှင့် အချိန်ကာလတို သင်တန်းများ ဖြစ်သော်လည်း သင်တန်းသားများအနေဖြင့် ရိုးရှင်းသော ခံယူချက်ဖြင့် သင်ယူကြခြင်း မဟုတ်ဘဲ လေ့လာသင်ကြား သိရှိချက်များအပေါ် မိမိတို့ဒေသတွင် ပြန်လည်အသုံးချနိုင်စေရန်၊ မိမိတို့လုပ်ငန်းခွင်တွင် အသုံးဝင်မည့် သိရှိလိုသော ဘာသာရပ်ဆိုင်ရာ အချက်အလက်များကို ထိုသင်တန်းကာလအတွင်း ပြန်လည်မေးမြန်းအဖြေရှာသည့် အသိပညာ စွမ်းရည် မြင့်မားလာစေရန်အတွက် ကြိုးစားလုပ်ဆောင်ကြရန်လည်း ထည့်သွင်းပြောကြားခဲ့ပါသည်။



အဆိုပါသင်တန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM)၊ ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန(DRI)၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(MITS)၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်း (MAPCO)၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်ကြီးများအသင်းနှင့် ဟင်းသီးဟင်းရွက်သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဆရာ၊ ဆရာမများက သင်ကြားပို့ချခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ထမ်းများနှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးသူ ၄၁ ဦး တက်ရောက်ခဲ့သည်။ **မာမာရီ (CTQM)**

## ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးတွင် အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်း စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မတ် ၉ ရက်တွင် ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေး၌ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် စားသုံးသူများအကျိုးစီးပွားကို ရှေးရှု၍ ဈေးသူ/ဈေးသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဈေးအတွင်းဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူ၏အဓိပ္ပာယ်၊ စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းတာဝန်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပေါ်ပေါက်လာပုံ၊ ဥပဒေ၏ရည်ရွယ်ချက်များ၊ စားသုံးသူများ နေ့စဉ်ကြုံတွေ့နေရသော ကုန်စည်နှင့် ဝန်ဆောင်မှုအခန်းကဏ္ဍများ၊ စားသုံးသူများနစ်နာမှုရှိလျှင် တိုင်ကြားနိုင်သော စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ရုံးခန်းဖွင့်လှစ်ထားရှိမှုအခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်များတွင်လည်း စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားခြင်း၊ စားသုံးသူများနစ်နာမှုရှိလျှင် တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ တိုင်ကြားရာတွင်လိုအပ်သော အထောက်အထားများအား အကျယ်တဝင့်ဟောပြောခဲ့သည်။

ဆက်လက်၍ ဌာနခွဲစာရေးဒေါ်မိုးမိုးကြည်က စားသုံးသူတို့အာဟာရအတွက် နေ့စဉ်စားသောက်နေသော အစားအစာများတွင် မလိုလားအပ်သော အဆိပ်အတောက်များပါဝင်နေကြောင်း၊ ဆိုးဆေးများ၏ အန္တရာယ်၊ ဈေးကွက်တွင်ရောင်းချနေသော အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို သေချာစွာရွေးချယ်အသုံးပြု စားသောက်စေလိုကြောင်း၊ ရောင်းချစေလိုကြောင်း၊ ပိုးသတ်ဆေးအကြွင်းအကျန်ပါဝင်သော အစားအစာများကို သေချာစွာ ဆေးကြော၍ စားသောက်သင့်ကြောင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဈေးဌာနတာဝန်ရှိသူများသည် ဘိုကလေးဈေးအတွင်းရှိ ဈေးဆိုင်များအား စစ်ဆေးရာ ကျန်းမာရေးနှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တားမြစ်ပိတ်ပင်ထားသော စားသောက်ကုန်များ၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများနှင့် ဆိုးဆေးပါဝင်သော အစားအသောက်များရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**လှိုင်ထွန်း**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် The 6th International Myanmar Pearl Auction (Hong Kong) ပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ The 6th International Myanmar Pearl Auction (Hong Kong) ပြပွဲကို ကျင်းပခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ သွားရောက်ပြသရောင်းချခဲ့ကြောင်းသတင်းရရှိသည်။

အဆိုပါပြပွဲသို့ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲအတွဲပေါင်း ၂၆၇ တွဲ၊ ပုလဲလုံးရေ ၅၀၁၂၂ လုံး၊ အလေးချိန် ၃၇၂၇၈ ဒသမ ၉၀ မိုမီဖြစ်သော ပုလဲများအားလုံး ရောင်းချခဲ့ရသည်။ ပြပွဲသို့ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပုလဲကုန်သည်ပေါင်း ၁၈၂ ဦး တက်ရောက်ခဲ့ပြီး ပုလဲကုန်သည် ၄၉ ဦး တင်ဒါအောင်မြင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ပုလဲအတွဲများကို ဂျပန်နိုင်ငံမှ Aqua Pearl ကုမ္ပဏီက ပုလဲအတွဲ ၄၃ တွဲအားအများဆုံးဝယ်ယူခဲ့သည်။

ယခုပြပွဲသို့ မြန်မာနိုင်ငံမှ သွားရောက်ပြသခြင်းဖြင့် မြန်မာ့ပုလဲများ၏ အရည်အသွေး မြင့်မားမှုအား ကမ္ဘာ့ပုလဲကုန်သည်များမှ မျက်မြင်နားလည်သိရှိလာခြင်းနှင့် ပြည်ပပုလဲကုန်သည်အသစ်များ တိုးတက်ရရှိလာခြင်း၊ ဒေသတွင်းကျင်းပသော ပုလဲရောင်းချပွဲများထက် ဈေးနှုန်းများပိုမိုရရှိခြင်း၊ မြန်မာ့ပုလဲများ၏ အရည်အသွေးအပေါ် နိုင်ငံတကာမှ စိတ်ဝင်စားမှုပိုမိုမြင့်မားလာခြင်း၊ မြန်မာ့ပုလဲဈေးကွက်တစ်ခု ဟောင်ကောင်တွင်ခိုင်မာစွာရပ်တည်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သိရှိရသည်။

**ဥမ္မာကြူ(ကုန်သွယ်ဖွံ့ဖြိုး)**

## နေပြည်တော် တပ်ကုန်းမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးက မတ် ၈ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး (ရုံးချုပ်)၊ စားသုံးသူရေးရာဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်တက်ရောက်၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပါသည်။

ထို့နောက် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးဆွေလှိုင်ဦးက မိမိတို့ဌာန၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး နေပြည်တော်ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက နေပြည်တော်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်ကျင့်ဝတ်များကို အသေးစိတ်ရှင်းလင်းပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များမှ သိလိုသည်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်နိုင်(နေပြည်တော်)**

## ဧရာဝတီတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်ခြင်းအခမ်းအနားကို မတ် ၁၀ ရက်က ပုသိမ်မြို့ Swen Hotel တွင်ကျင်းပရာ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ဗဟိုမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးအောင်တို့ပါဝင်သည့် ရွေးကောက်ပွဲကော်မရှင်မှ ဦးစီးရွေးချယ်အတည်ပြုခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့သစ်တွင် စီမံခန့်ခွဲရေးကော်မတီဝင် ၁၁ ဦးနှင့် အလုပ်အမှုဆောင်နှစ်ဦးအား ရွေးချယ်ခဲ့ပြီး ၎င်းတို့အထဲမှ ဥက္ကဋ္ဌ ဦးထွန်းဇော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်လေးလေးဝါ၊ ဒုတိယဥက္ကဋ္ဌ၊ ဦးနေလွင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူဝင်းနှင့် အတွင်းရေးမှူးအဖြစ် ဦးထွန်းဇံဖြိုးတို့ကိုရွေးချယ်၍ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် (MYEA) အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းလျက်ပြောင်းလဲလာသော ခေတ်နှင့်အညီ တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အတွင်းရေးမှူး ဦးထွန်းဇံဖြိုးက ပြောကြားခဲ့ပါသည်။ **ထွန်းထွန်း(ပုသိမ်)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Ease of Doing Business Ranking တိုးတက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် “Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲ”ကို မတ် ၁၄ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် Doing Business Ranking နှင့်ပတ်သက်၍ မြန်မာနိုင်ငံအား ၂၀၂၀ ခုနှစ်တွင် အဆင့် ၁၀၀ အတွင်း ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အဆင့် ၂၄ ဆင့် တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကကဏ္ဍများ အချင်းချင်း အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှသာလျှင် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်နှင့် တိုးတက်မှုဖြစ်စဉ်များကို သိရှိနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်မှပေးပို့သော Doing Business Questionnaire များကို ဖြေဆိုကြသည့် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများက ကောင်းစွာနားလည်နိုင်ရန်လည်း လိုအပ်ကြောင်း၊ ဖြေဆိုသူများဘက်ကလည်း အသေးစိတ်လေ့လာ၍ ပြုပြင်ပြောင်းလဲမှုများကို မှန်မှန်ကန်ကန် ထည့်သွင်းဖြေဆိုနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားသည့် အခြေအနေများကိုလည်း အများပြည်သူတို့သိရှိနိုင်အောင် Website, Media များမှတစ်ဆင့် အသိပေးဆောင်ရွက်မှုများလည်း ပြုလုပ်နေပြီဖြစ်ပါကြောင်း၊ Ease of Doing Business Ranking တိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင်ဖြစ်သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ညွှန်းကိန်းအလိုက် ဆောင်ရွက်မည့်အစီအမံများအား အသီးသီး ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**







MKa
MKa Trading Co.,Ltd
Patient Safety Begins With You
7742-8888
လူကြီးမင်းတို့၏ ဆေးရုံနှင့်အသင်းအဖွဲ့ စည်းများတွင် လိုအပ်သော
အရေးပေါ်လူနာတင်ယာဉ်များအတွက်
နည်းပညာပံ့ပိုးကူညီပေးခြင်း၊ တပ်ဆင်ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းပေးခြင်း၊ တင်သွင်းရောင်းချပေးခြင်းများကို
ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Official Partner Dlouhy ( Austria) , Poolpan (Thailand) , Ferno (USA) , Weinmann (Germany) , Hope (Singapore)
NO 11, 1st Floor, Kamayut Rail Station Road, 4Quarter, Hlaing, Yangon, Myanmar.
Ph-No : +951 - 537783 / 84 +959 - 5027000




ရွှေမဲခေါင် ကားဝန်ဆောင်မှုလုပ်ငန်း
ဖြ အမှတ် (၁၃၄/က)၊ ... ကျောက်မြောင်းနာရီစင်ဗလီရှေ့၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၈၆၁ ၉၅၇၈ ၊ ၀၉ ၅၄၂ ၇၀၀၂ ၊ ၀၉ ၄၉၆ ၀၀၉၅၄




MMM
Car Sales Center
Email.mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre
min min maung Services Co.,Ltd
မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အထူး သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။
အမှတ် (၁၉/၂၀) , ပဟိုလမ်းမကြီး နာနတ်တောဂုန်းကျော်နှင့် လှည်းတန်းဂုန်းကျော်ကြား (၇) ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ ထူးခြားဖြစ်စဉ်ပြောင်းလဲမှုများနှင့် နိုင်ငံအသီးသီးမှ WTO သတ်မှတ်ချက်နှင့်အညီ လိုက်ပါဆောင်ရွက်မှုများ

ညီညီအောင် (WTO သံမှူး)

**၂၀၁၈ ခုနှစ် ပထမသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ ခန့်မှန်းချက်သတင်းထုတ်ပြန်မှု**

၂၀၁၈ ခုနှစ် ပထမသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator နှင့်ပတ်သက်၍ ခန့်မှန်းချက်သတင်းအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

၂၀၁၈ ခုနှစ် ပထမသုံးလပတ်အတွက် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ Outlook Indicator ညွှန်းကိန်းမှာ ၁၀၂ ဒသမ ၃ အဖြစ် ဖော်ပြလျက်ရှိပါသည်။ ယင်းမှာ ၂၀၁၇ ခုနှစ် စတုတ္ထသုံးလပတ်အတွက် ညွှန်းကိန်း ၁၀၂ ဒသမ ၂ နှင့်နှိုင်းယှဉ်လျှင် ကုန်သွယ်မှုတိုးတက်မှုအခြေအနေမှာ အနည်းငယ်ပိုမိုတိုးတက်သည့် အနေအထားတွင်ရှိပါသည်။ ကုန်စည်ကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုအခြေအနေမှာ လက်ရှိအခြေအနေ၌ တည်ငြိမ်လျက်ရှိသော်လည်း အတက်ဘက်သို့ ဦးတည်လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ ကမ္ဘာ့ကုန်သွယ်မှုတစ်ခုလုံးအတွက် ခြုံငုံကြည့်မည်ဆိုပါက ကုန်သွယ်မှုမှာ ဆက်လက်အားကောင်းမည်ဟု ခန့်မှန်းထားပါသည်။

Container Port များနှင့်ပတ်သက်သော လုပ်ငန်းဆောင် ရွက်နိုင်မှု ညွှန်းကိန်းများမှာ ယေဘုယျအားဖြင့် အတက်ဘက်သို့ဖော်ညွှန်းနေဆဲဖြစ်ပြီး ပို့ကုန်အမှာစာရရှိမှုညွှန်းကိန်းမှာလည်း ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် အမြင့်ဆုံးအခြေအနေများနှင့်ပတ်သက်သော လုပ်ငန်းဆောင်ရွက်နိုင်မှုညွှန်းကိန်းများမှာ ယေဘုယျအားဖြင့် အတက်ဘက်သို့ဖော်ညွှန်းနေဆဲဖြစ်ပြီး ပို့ကုန်အမှာစာရရှိမှု ညွှန်းကိန်းမှာလည်း ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသည်။ ယင်းမှာ ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်အထိ ကုန်စည်စီးဆင်းမှုကို ပုံမှန်အခြေအနေသို့ ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု ညွှန်းဆိုနေခြင်းဖြစ်သည်။သို့ရာတွင် ကားထုတ်လုပ်နိုင်မှုနှင့် လျှပ်စစ်ပစ္စည်းများနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချမှုမှာ ပုံမှန်ထက်အားနည်းခဲ့သဖြင့် ယင်းမှာစားသုံးသူများ၏ ဝယ်ယူနိုင်စွမ်းအားနည်းလာမှုကို ဖော်ညွှန်းလျက်ရှိသည်။ အဆိုပါ အချက်များအရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ၂၀၁၇ ခုနှစ်အတွက် ကုန်စည်ကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုနှုန်းအား ၃ ဒသမ ၆ ရာခိုင် နှုန်းသို့ခန့်မှန်းခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက် ကုန်စည်ကုန် သွယ်မှုဆိုင်ရာ တိုးတက်မှုနှုန်းအနေဖြင့် ၃ ဒသမ ၂ ရာခိုင်နှုန်းကိုသာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်က ခန့်မှန်းခဲ့ကြောင်း သတင်းထုတ်ပြန် ချက်တွင် ဖော်ပြပါရှိသည်။

**အိန္ဒိယနိုင်ငံမှ တင်သွင်းမည့်ပဲအချို့၏ အကောက်ခွန်နှုန်းထားများ တိုးမြှင့်**

အိန္ဒိယနိုင်ငံအနေဖြင့် ပဲမျိုးစုံနှင့်ပတ်သက်၍ အကောက်ခွန်နှုန်းထားများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ နှုန်းထားတိုးမြှင့်ကောက်ခံခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပဲထုတ်လုပ်သူနှင့် စားသုံးသူများ၏ အကျိုးအား အကာအကွယ်ပေးရန်နှင့် ပြည်တွင်းပဲဈေးနှုန်း တည်ငြိမ်ရေးတို့ကို အထောက်အကူပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့တင်ပြထားသည့် Bound Rate အတွင်းမှနေ၍ ပဲအချို့၏ အကောက်ခွန်နှုန်းထားများကို မြှင့်တင်ခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံမှ အကောက်ခွန်နှုန်းမြှင့်တင်ခဲ့သော ပဲအမျိုးအစားများ၏ MFA Applied Rate MFN Bound Rate တို့မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) H.S Code 07131000 : Peas အတွက် အကောက်ခွန်နှုန်း 50 % (Bound Duty Rate : 50 %)

(ခ) H.S Code 07132000 : Chickpeas အတွက် အကောက်ခွန်နှုန်း 40 % (Bound Duty Rate : 100 %)

(ဂ) H.S Code 07133100 : Beans of the species Vigna mungo, Hepper အတွက် အကောက်ခွန်နှုန်း 0 % (Bound Duty Rate : 100 %)

(ဃ) H.S Code 07134000 : Lentil အတွက် အကောက်ခွန်နှုန်း 30 % (Bound Duty Rate : 100 %) နှင့်

(င) H.S Code 07136000 : Pigeon Peas အတွက် အကောက်ခွန်နှုန်း 10 % (Bound Duty Rate : 100 %)

**အိန္ဒိယအစိုးရ၏ ပဲမျိုးစုံတင်သွင်းမှု မူဝါဒနှင့်ပတ်သက်၍ အဖွဲ့ဝင် နိုင်ငံများကမေးခွန်းများ မေးမြန်းခဲ့မှု**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကျင်းပပြုလုပ်သည့် Committee on Agriculture (COA) အစည်းအဝေးတွင် အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်းတို့အား Notification No. 22/2015-2020 ဖြင့် တစ်နှစ်လျှင် တန်ချိန်သုံးသိန်းစီသာ တင်သွင်းခွင့်ပြုရန် သတ်မှတ်ခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျတို့မှ မည်သည့် ရည်ရွယ်ချက်ဖြင့် ကန့်သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားသောကုန်စည်များအား ယင်းကဲ့သို့ကန့်သတ်ရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်းများမေးမြန်းခဲ့ကြသည်။

ယင်းမေးခွန်းများနှင့်ပတ်သက်၍ အိန္ဒိယ WTO အဖွဲ့ရုံး ကိုယ်စားလှယ်က ၎င်းတို့၏ သက်ဆိုင်ရာဌာနချုပ်မှ အဖြေပေးပို့လာခြင်းမရှိသေးကြောင်းနှင့် ပေးပို့လာပါက ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။ အိန္ဒိယ WTO အဖွဲ့ရုံးကိုယ်စားလှယ်၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ ဩစတြေးလျ WTO အဖွဲ့ရုံးကိုယ်စားလှယ်မှ ၎င်းတို့အနေဖြင့် ယင်းမေးခွန်းအား မေးမြန်းထားသည်မှာ လေးလကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ ပြန်ကြားချက်မရရှိသေးကြောင်း ယင်းအတွက် စိတ်ပျက်မိကြောင်း၊ အိန္ဒိယ၏ အဆိုပါမူဝါဒနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်သင့်ကြောင်း ဆွေးနွေးခဲ့သည်။ ဩစတြေးလျ WTO အဖွဲ့ရုံးကိုယ်စားလှယ်၏ ဆွေးနွေးချက်ကို ကနေဒါ၊ ဥရောပသမဂ္ဂ၊ ယူကရိန်းနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထောက်ခံဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု ကန့်သတ်ချက်မူဝါဒမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းနှင့်ကိုက်ညီခြင်းဟု အဖွဲ့ဝင်နိုင်ငံအချို့အနေဖြင့်ယူဆကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထံတင်ပြ၍ ဆက်လက်အရေးဆိုသွားရန် အလားအလာရှိကြောင်း သိရှိရသည်။

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ Mini-Ministerial အစည်းအဝေးကို အိန္ဒိယနိုင်ငံမှလက်ခံကျင်းပမည်**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေးပြီးဆုံးပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဆိုင်ရာ ဝန်ကြီးများပါဝင်သော Mini-Ministerial Meeting ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၁၈ ခုနှစ် မတ် ၁၉ရက်မှ ၂၀ ရက်အထိ ကျင်းပသွားရန် အိန္ဒိယနိုင်ငံမှ စီစဉ်လျက် ရှိသည်။

အလွတ်သဘောကျင်းပမည့် ယင်းအစည်းအဝေးအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှုစနစ်အနေဖြင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ဂျီနီဗာရှိကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ဆွေးနွေးလျက်ရှိသော ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးသွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းအစည်းအဝေးသို့တက်ရောက်ရန်အတွက် အိန္ဒိယနိုင်ငံမှ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ မြန်မာနှင့် တောင်ကိုရီးယားတို့ အပါအဝင် အာဖဂန်နစ္စတန်၊ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ ချီလီ၊ ကမ္ဘောဒီးယား၊ ကိုစတာရီကာ၊ ကျူးဘား၊ မာလီ၊ မက္ကဆီကို၊ မော်ရိုကို၊ နီပေါ၊ နယူးဇီလန်၊ နိုင်ဂျီးရီးယား၊ နော်ဝေ၊ အိုမန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ရုရှား၊ အီဂျစ်၊ ဂါနာ၊ ဂွာတီမာလာ၊ ဂိုင်ယာနာ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျမေကာ၊ ကာဂျစ်စတန်၊ ကင်ညာ၊ မလေးရှား၊ ရီဝမ်ဒါ၊ ဆော်ဒီအာရေဗျ၊ ဆီနီဂေါ၊ စင်ကာပူ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ တန်ဇန်နီးယား၊ ထိုင်း၊ တူနီးရှား၊ တူရကီ၊ ယူဂန်ဒါ၊ ဗီယက်နမ် နိုင်ငံများအား ဖိတ်ကြားခဲ့ကြောင်း သိရှိရသည်။

ဖိတ်ကြားထားသည့် နိုင်ငံများအနက် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ တက်ရောက်မည့် အဖွဲ့ခေါင်းဆောင်ဝန်ကြီးများအတွက် ခရီးစရိတ်ကျခံပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါအစည်းအဝေးတွင် အိန္ဒိယအနေဖြင့် ၎င်းတို့၏ အရေးကြီး Issue ဖြစ်သော Public Stock Holding (PSH) နှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် သဘောတူညီချက်ရလဒ် ထွက်ပေါ်လာရေးကို ဆွေးနွေးလာဖွယ်ရှိပါသည်။ အိန္ဒိယသည် အာဂျင်တီးနားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ (၁၁) ကြိမ်မြောက် ဝန်ကြီးအဆင့်ညီလာခံအစည်းအဝေးတွင် PSH အတွက် ရလဒ်ထွက်ပေါ်ရန် ဦးဆောင်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လက်ရှိစေ့စပ်ညှိနှိုင်းမှုများတွင် Doha Development Agenda (DDA) ဆိုင်ရာ Mandate များကို အပြီးသတ်သဘောတူညီချက်ရရှိနိုင်ရန် အချက်ကိုအဓိကကိုင်စွဲကာစေ့စပ်ညှိနှိုင်းလျက်ရှိပါသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံသည် Issues အသစ်များဖြစ်သော E-commerce Investment Facilitation Trade and Gender နှင့် MSMEs တို့ကို ဆွေးနွေးညှိနှိုင်းရန်အတွက် သဘောတူထောက်ခံထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

လက်ရှိထွက်ပေါ်နေသော သတင်းများအရ အိန္ဒိယအနေဖြင့် ယခုကျင်းပမည့် Mini-Ministerial Meeting တွင် ၎င်း၏ဦးစားပေး Issue အတွက် တရုတ်နိုင်ငံ၏ ထောက်ခံအားပေးမှုကို ရရှိနိုင်ရန် တရုတ်နိုင်ငံမှဦးဆောင်ဆွေးနွေးလျက်ရှိသော Investment Facilitation နှင့်ပတ်သက်၍ ထောက်ခံလာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)



# အလုပ်အကိုင်မပေးနိုင်ခြင်း၊ လုပ်ခလစာကွာဟလွန်းခြင်း၊ ပညာရည် နိမ့်ကျခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမား စံချိန်တင် တိုးပွားခြင်း

**မောင်လွင်ပြင်**



အလုပ်လက်မဲ့လျှော့ချရေးအတွက် ပြည်တွင်း၌စက်မှုဇုန်များ ဖော်ဆောင်ရေး စီစဉ်ဆောင်ရွက်နေသော်လည်း ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းအခြေချ အလုပ်သွားရောက်လုပ်ကိုင်သူများ စံချိန်တင် မြင့်တက်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်နေကြခြင်းတွင် ယခင်အတိုင်း ရည်ရွယ်ချက်များ မပြောင်းလဲဘဲရှိသည်။ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းရှားပါးနေခြင်း၊ လုပ်ခလစာ နည်းပါးလွန်းခြင်းနှင့် လုပ်ခလစာကွာဟမှု မြင့်မားနေခြင်းတို့ကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အနိမ့်ဆုံးအခကြေးငွေကို ကျပ် ၄၈၀၀ အဖြစ် မတ် ၅ ရက်က အတည်ပြုသတ်မှတ်လိုက်ချိန်တွင် ထိုင်းနိုင်ငံက အခြေခံလုပ်ခလစာကို တစ်ရက် ၃၁၅ ဘတ်ဖြင့် တိုးမြှင့်သတ်မှတ်ပြီး ရှင်းပေးနေသည်။ တစ်ရက်လုပ်ခလစာ ၃၁၅ ဘတ်ကို မြန်မာကျပ်ငွေ လက်ရှိပေါက်ဈေး ၄၁ ကျပ်ဖြင့် တွက်လျှင် ကျပ် ၁၃၀၀၀ ခန့်ဖြစ်နေသည့်အတွက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိုင်းဘက်သို့ တဖွဲဖွဲသွားနေခြင်းမှာ အထူးအဆန်းကိစ္စမဖြစ်တော့ပါ။ ယခုလများတွင်လည်း စံချိန်တင်သွားရောက်နေကြမည်ဖြစ်သလို နောင်လများတွင်လည်း သွားရောက်နေကြဦးမည်ဟု ထင်မြင်မိသည်။ မြန်မာရွှေ့ပြောင်းအလုပ်သမားများ စံချိန်တင် ရလောက်အောင်သွားခဲ့ကြသည့်စာရင်းကို လေ့လာကြည့်သောအခါ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် မြဝတီ-မဲဆောက်လမ်းကြောင်းမှ ထိုင်းနိုင်ငံသို့ တရားဝင် MOU လုပ်သားအဖြစ် အမျိုးသား ၁၀၆၀၆ ဦး၊ အမျိုးသမီး ၆၃၈၂ ဦး စုစုပေါင်း ၁၆၉၈၈ ဦး၊ ဖေဖော်ဝါရီလတွင် အမျိုးသား ၈၆၉၂ ဦး၊ အမျိုးသမီး ၆၄၁၇ ဦး စုစုပေါင်း ၁၅၁၀၉ ဦးတို့ရှိခဲ့ကြသည်ဟု သိရသည်။

သို့သော် ထိုင်းနိုင်ငံသို့ အလုပ်သွားလုပ်သည်ဆိုရာတွင် အများသိပြီးဖြစ်သည့်အတိုင်း အခက်အခဲအကျပ်အတည်းပေါင်းများစွာကိုတော့ ရင်ဆိုင်ရသည်။ ရင်ဆိုင်ရပေသည့် မြန်မာနိုင်ငံတွင် အလုပ်အကိုင်မရှိ ထိုင်ငိုင်နေရသည့် အဖြစ်ထက်စာလျှင်တော်သေးသည်။ လုပ်ခလစာအားဖြင့်လည်း ပြည်တွင်းကရသည်ထက် သုံးဆနီးပါး သာလွန်နေသဖြင့် ဘဝအာမခံချက်ရှိသည်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသည်ဟူသော အရှိန်ကလည်း ပြည်တွင်း၌ကျန်ရစ်ခဲ့သည့် မိသားစုအတွက် လုံခြုံမှုပေးနေသေးသည် စသည့် အားသာချက်များကြောင့် မချစ်သော်လည်း အောင့်ကာနမ်းနေကြရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် အထောက်အထားမရှိလျှင်တော့ ထိုင်းအာဏာပိုင်အချို့၏ ရစ်ခြင်း၊ ညှစ်ခြင်း၊ ဖမ်းဆီးခြင်းများကို ရင်ဆိုင်ရမည်မှာ သေချာသည်။ ထို့ကြောင့် အထောက်အထားခိုင်ခိုင်လုံလုံဖြင့် တရားဝင် MOU လုပ်သားအဖြစ် သွားရောက်သည်က များကြသည်။ ထို့ကြောင့်လည်း ထိုင်းနိုင်ငံသို့ တရားဝင် MOU လုပ်သားအဖြစ် သွားရောက်မှု စံချိန်တင်မြင့်တက်နေခြင်းဖြစ်သည်။ အထောက်အထားမရှိသူများ ဖမ်းဆီးခံရနိုင်ပြီး မြန်မာနိုင်ငံဘက်သို့ ပြန်လာကြသူများသည် ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်း ၆၀၀၀၀ ကျော်ရှိနေခြင်းကလည်း တရားဝင် MOU လုပ်သားတိုးပွားလာခြင်းကို အားပေးနေသည်။

ထိုင်းနိုင်ငံဘက်တွင် အလုပ်သွားရောက်လုပ်ကိုင်ပါသည်ဆိုမှဖြင့် သူတို့နိုင်ငံသားများမလုပ်သော၊ မလုပ်ချင်သော အလုပ်များကို သွားရောက်လုပ်ကိုင်ခြင်းသာ ဧကန်ဖြစ်ရပါတော့သည်။ ထိုင်းနိုင်ငံတွင်မှမဟုတ် အခြားသောနိုင်ငံများတွင်လည်း ထိုနည်းအတိုင်း တစ်ပုံစံတည်းဖြစ်သည်။ သူများနိုင်ငံသားများ မလုပ်ကြသော၊ ခက်ခဲပင်ပန်းကြမ်းတမ်းသောအလုပ်များကို သေချာပေါက်လုပ်ရမည်မှာ မြေကြီးလက်ခတ်မလွဲချေ။ ယင်းအလုပ်များကို သရီးဒီအလုပ်များဟုလည်းခေါ်သည်။ အန္တရာယ်များသောအလုပ်များ (dangerous)၊ ခက်ခဲကြမ်းတမ်းသောအလုပ်များ (difficult)၊ ညစ်ပတ်ပေရေသောအလုပ်များ (dirty) တို့ဖြစ်သည်။ ယင်းအလုပ်များကို မညီးမညူလုပ်ကိုင်ကြရာတွင် အချို့သောရွှေ့ပြောင်းအလုပ်သမားများသည် ကျန်းမာရေးပျက်စီးသွားခြင်းကို ရင်းလိုက်ရသည်လည်းရှိသည်။ ကိုယ်လက်အင်္ဂါ ပေးဆပ်လိုက်ရသည်လည်းရှိသည်။ အချို့အသက်ပင် စတေးလိုက်ရသည်လည်းရှိသည်။ သူတို့နိုင်ငံ၏ ဥပဒေများအရ အလုပ်သမားနစ်နာကြေး၊ လျော်ကြေးငွေများ ထိုက်ထိုက်တန်တန်ရလိုက်ခြင်းတော့ရှိသည်။သို့သော် လုပ်ခလစာကွာခြားမှုအရ ဘာတတ်နိုင်မှာနည်း။ ကျန်းမာရေးပျက်စီးကာမှ ပျက်စီး၊ အသက်ခန္ဓာရင်းကာမှ ရင်းလိုက်ရပါစေ သူများမလုပ်ချင်သော အလုပ်များကို ကျွန်လိုသွားလုပ်နေရရှာသည့် ရွှေ့ပြောင်းအလုပ်သမားတို့၏ လက်ငင်းအခြေအနေသည် ကံကြမ္မာကို ယိုးမယ်ဖွဲ့ရမည့် အနေအထားသာရှိနေတော့သည်။

မိမိတို့နိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်း ရှားပါးနေသရွေ့ကတော့ ယင်းပြဿနာများ ဆက်တိုက်ဖြစ်ပွားနေဦးမည်။ လုပ်သားအရင်းအမြစ်ဆုံးရှုံးနေမှုများကိုလည်း မည်သို့မျှတားဆီးရလိမ့်မည်မဟုတ်ချေ။ လူ့စွမ်းအားအရင်းအမြစ်နှင့် ဦးနှောက်ယိုစီးမှုများက စကားထဲပင်ထည့်ပြောဖို့မရှိလောက်အောင် ဖြစ်ပါလိမ့်မည်။ ခက်သည်က မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားအလွန်ရှားပါးနေဆဲ အခြေအနေတွင်ရှိသည်။ ပညာရေးစနစ်ကလည်း ကျွမ်းကျင်လုပ်သားဖြစ်ရေး ကြိုတင်လေ့ကျင့်သင်ကြားပေးသော ပညာရေးစနစ်မျိုးမဟုတ်သေး။ ပညာသင်ယူ၊ သင်ကြားနေ ခြင်းများသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဖြစ်မလာသေး။ ဘွဲ့ရပြီးသော်လည်း အလုပ်အကိုင်က အဆင်သင့်မရှိသဖြင့် လူငယ်အများစုကလည်း ပညာရေးကိုတန်ဖိုးမထား၊ ကျောင်းနေသည့်အရွယ်တွင် ကျောင်းနေလိုက်ရသည်ဆိုသည့် တာဝန်ကျေသဘောမျိုးသာဖြစ်နေသည်။

ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း အချိတ်အဆက်မရှိဘဲ အလှမ်းကွာနေသောအခါ ကျွမ်းကျင်လုပ်သားများလည်း ရှားပါးလာသည်။ ပညာရေးအရင်းအမြစ်များလည်း လေလွင့်ပြီး အလဟဿဖြစ်ကုန်သည်။ ထို့ကြောင့် ရွှေ့ပြောင်းအလုပ်သမား စံချိန်တင်တိုးပွားနေခြင်းကို ရှုမြင်လျှင် ပညာရေးစနစ်ကိုလည်း ရှုမြင် ဖို့လိုသည့်အပြင် ပြည်တွင်းတွင်ပညာတတ်လူငယ်များအား အလုပ်အကိုင် အဆင်သင့် ဖန်တီးပေးမထားနိုင်ခြင်းကိုလည်း ရှုမြင်ဖို့လိုမည်ဟု ယူဆသည်။ ယခုတော့ ပြည်တွင်းတွင် ပညာရည်နိမ့်ကျသဖြင့် ကျွမ်းကျင်လုပ်သားရှားပါးသည်။ ကျုံလှီသော ပညာမတတ် အလုပ်လက်မဲ့လူငယ်များတိုးပွားသည်။ ပညာကိုအားမကိုးချင်သော စိတ်ထားများထွန်းကားနေသည်။ ယင်းတို့သည်ရွှေ့ပြောင်း အလုပ်သမားအဖြစ် ဘဝပြောင်းသွားရေးကို တွန်းပို့နေသည်ဟုဆိုလျှင် ဆိုသူမလွန်ချေ။

ယခုတော့ ရွှေ့ပြောင်းအလုပ်သမားအရေး ဖြေရှင်းရေး၊ လုပ်သားအရင်းအမြစ် မဆုံးရှုံးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ပြည်တွင်း၌ စီးပွားရေးနာလန်ပြန်ထူရေး ဆောင်ရွက်နေကြသည်။ ပင်မစီးပွားရေးကဏ္ဍကြီး ပြန်နိုးထရန် အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာရေး အစိုးရက ချေးငွေအထောက်အပံ့များဖြင့် မြေတောင်မြှောက်နေသည်။ အသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ မြေတောင်မြှောက်ပေးရာတွင် စက်မှုဇုန်များဖော်ဆောင်ရေးကိုလည်း စီစဉ်လာကြသည်။ ၂၀၁၈ ခုနှစ် မတ် ၁ ရက်က သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ဆုံးတိုးတက်မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းသတင်းစာရှင်း လင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်စည်ပင်သာယာနယ်နိမိတ် ၁၁ မြို့နယ်တွင် စက်မှုဇုန်များတည်ထောင်ရန် လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည်ဟု ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းအတွင်း စည်ပင်သာယာရေးနယ်နိမိတ်ဝင်မြို့နယ် ၁၁ မြို့နယ်၌ မြို့ပြစီမံကိန်းများဖော်ဆောင်ရန် အခြေအနေရှိနေသည်။ ယင်းမြို့ပြစီမံကိန်းကြီးများ ဖော်ဆောင်ခြင်းနှင့်အတူ ယင်းမြို့နယ် ၁၁ မြို့နယ်တွင် စက်မှုဇုန်များလည်း တစ်ပါတည်း ဆောင်ရွက်မည့်အစီအစဉ်ရှိနေသည်။ ထို့ကြောင့် လေ့လာဆန်းစစ်မှုများပြုလုပ်နေခြင်းဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားရေး၊ အလုပ်လက်မဲ့လျှော့ချရေး၊ ရွှေ့ပြောင်းအလုပ်သမား လျော့နည်းသွားရေးစသည်တို့အတွက် ပြည်တွင်း၌စက်မှုဇုန်များ တည်ထောင်ရန်လိုနေသည်။ စက်ရုံ၊ အလုပ်ရုံများတိုးပွားလာဖို့လည်း လိုအပ်နေသည်။ စက်မှုဇုန်တစ်ခု ဖြစ်ဖြစ်မြောက်မြောက် ပေါ်ပေါက်ဖို့ဟူသည် အခက်အခဲများစွာကိုတော့ ကျော်ဖြတ်ရရိုးထုံးစံရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလည်းလိုသည်။ ပြည်တွင်းလုပ်ငန်းရှင်များ စိတ်ဝင်စားဖို့လည်း လိုသည်။ အစိုးရကအခြေခံအဆောက်အဦများ ကြိုတင်ပြင်ဆင်ထားပေးဖို့လည်းလိုသည်။ ယခုနေတော့ စက်မှုဇုန်တည်ထောင်လိုသည့် ဆန္ဒအဆင့်မှာပင် ရှိနေဆဲမို့ထိုင်းနိုင်ငံသို့ရွှေ့ပြောင်း အခြေချအလုပ်သွားလုပ်ကြမည့်သူများ မိမိတို့အိပ်မက်အတိုင်း ဆက်မက်လိုက်ကြပါဦး။ ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲများအား လာမည့်ဘေး ပြေးတွေ့သဘောထားကာ အားမွေးထားလိုက်ကြပါဦးဟု တိုက်တွန်းလိုက်ရပါသည်။

# ကယားပြည်နယ်အတွင်း ကုန်စည်တင်သွင်းမှုနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများ

မတ်လ ဒုတိယတစ်ပတ်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဟင်းချိုမှုန့် အမေရိကန်ဒေါ်လာ ၂၄၀၀တန်ဖိုးရှိ ကီလို ၂၀၀၀၊ သန့်ရှင်းရေးသုံးဆပ်ပြာရည် အမေရိကန်ဒေါ်လာ ၂၈၇၅ တန်ဖိုးရှိ ကီလို ၂၃၀၀၀၊ ဘာဒီကော်ဖီမစ် အမေရိကန်ဒေါ်လာ ၅၀၀ တန်ဖိုးရှိ ကီလို ၂၅၀၊ ပဲနို့အမေရိကန်ဒေါ်လာ ၅၉၀ တန်ဖိုးရှိလီတာ ၁၀၀၀၊ ပလတ်စတစ်ဖျာ အမေရိကန်ဒေါ်လာ ၉၅၀ တန်ဖိုးရှိ ကီလို ၁၉၀၀၊ စပွန်ဆာအချိုရည် အမေရိကန်ဒေါ်လာ ၇၅၀ တန်ဖိုးရှိ လီတာ ၁၀၀၀ တို့ဖြစ်ပြီး ကုန်သွယ်မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၁၁၅ ရရှိကြောင်း မယ်စဲ့နယ်စပ် ကုန်သွယ်ရေးစခန်း၏ စာရင်းများအရ သိရှိရပါတယ်။

ကယားပြည်နယ်မှ မန္တလေး-မူဆယ်သို့ ဒေသထွက်ဧည့်မထ ဆန်အိတ်ပေါင်း အိတ် ၅၃၀၊ တန်ချိန် ၂၇ တန်ခန့် တင်ပို့ထားရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၁၆၈ တန်ခန့် တင်ပို့မှုလျော့နည်းလာပါတယ်။

ကယားပြည်နယ်အတွင်းသို့ ပြည်မဘက်မှ ဆန်အိတ် ၈၆၀၊ ရွှေဘိုမှ အိတ် ၆၅၀ တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်းအိတ် ၁၅၁၀၊ တန်ချိန် ၇၆ တန်ရှိကြောင်း၊ ပြောင်းတင်ပို့မှုမှာလည်း ပြောင်းအိတ်စုစုပေါင်း ၆၉၆၅ အိတ်၊ တန်ချိန် ၃၄၁ တန်ခန့် တင်ပို့ထားပြီး ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန်ပေါင်း တန် ၄၄၀ ခန့်တင်ပို့မှု လျော့နည်းလာခဲ့ကြောင်း တွေ့ရှိရပါတယ်။

ယခုကဲ့သို့ တင်ပို့မှုလျော့နည်းလာရခြင်းမှာ တောင်သူလက်ကျန် နည်းပါးလာခြင်းကြောင့်ဖြစ်သည်ဟု တောင်သူများထံမှ လေ့လာသိရှိရပါတယ်။

မတ်လ ၁၅ ရက်ထိ ပြောင်း (ခြောက်) တစ်ပိဿာ ဈေးနှုန်းမှာ ၅၆၅ ကျပ်၊ ဧည့်မထ (မိုး) စပါး တင်း ၁၀၀ လျှင် ကျပ် ၇၆၇၀၀၀ ၊ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၆၄၀၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧည့်မထ (ဒေသ) ဆန် တစ်အိတ် ကျပ် ၃၀၀၀၀ ၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ဈေးရှိကြောင်း ကယားပြည်နယ် စားသုံးသူ ကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်)**

Vol: 18, No.12 Monday March 19 2018

# ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေး) (၂၀၁၈-၂၀၂၁) အမှုဆောင်များ ရွေးချယ်တင်မြှောက်

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(မန္တလေး) (၂၀၁၈-၂၀၂၁) သက်တမ်းကာလအမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကိုမတ်၁၄ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် ရွှေပြည်သာဟိုတယ်ခန်းမတွင် ကျင်းပခဲ့သည်။ အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲတွင် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဝင် ၇၆၅ ဦးအနက် အသင်းသား ၃၁၂ ဦး လာရောက်၍ ပွင့်လင်းမြင်သာစွာ လာရောက်မဲပေး ရွေးချယ်ကြသည်။ ရွေးကောက်ပွဲစည်းမျဉ်းအရ အမှုဆောင်အမည်စာရင်းတင်သွင်းသူသည်ကိုယ်တိုင်လာရောက်မဲပေး ရွေးချယ်ခံရမည်ဆိုသော အချက်ပါရှိပြီး အမှုဆောင် လျှောက်ထားသူ ၉၅ ဦးအနက် ၇၅ ဦး ရွေးချယ်ရန်ရှိသော်လည်း ၄၄ ဦးသာ လာရောက်အရွေးချယ်ခံခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်ကပြောသည်။

ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(မန္တလေး)အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ ဒေါ်ခင်လေးမြင့်၊ ဦးစိုးနိုင်တို့ပါဝင်သော ရွေးကောက်ပွဲကြီးကြပ်မှုကော်မရှင်က အသင်းသားအများစု သဘောတူညီချက် စည်းမျဉ်းဥပဒေအတိုင်း ပွင့်လင်းမြင်သာစွာ ကျင်းပပေးနိုင်ခဲ့သည်။ ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌ အပါအဝင်၊ဒုတိယဥက္ကဋ္ဌခုနှစ်ဦး၊ အတွင်းရေးမှူးနှစ်ဦး၊တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဗဟိုအလုပ်အမှုဆောင် ၁၄ ဦးနှင့် အမှုဆောင် ၁၉ ဦးကိုရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရက်တစ် (၂၀၁၁) | ယာယီ | ၂၀၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ပရိုဘောက် (၂၀၁၁) | ယာယ | ၁၀၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဝှရှ် (၂၀၀၃) | J | ၂၂၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန်၊ 2 ဂရိတ် |
| ၄။ | နွတ်ချ် (၂၀၁၃) | I | ၂၇၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မစ်ဆူဘီရှိ၊ အာဗီအာ (၂၀၁၁) | ယာယီ | ၃၉၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟာရီယာ (၂၀၀၃) | M | ၄၇၀ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ခရောင်း (၂၀၀၄) | D | ၂၆၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | နီဆန်းဂျူကီ (၂၀၀၁) | ယာယီ | ၃၃၀ သိန်း | 1.8 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ဟိုက်ဂျက် (၂၀၁၄) | ယာယီ | ၁၂၅ သိန်း | 0.6 ဓာတ်ဆီ၊ နယ်လိုင်စင် |

# အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၄၀ x ၅၀)ပေ | MB (၁) ၊ BR (၂)၊ RC (၁) ထပ်၊ | ၂၅၀၀ သိန်း | လမ်းသန့်၊ အသင့်နေ၊ ဖုန်းပါ၊ အဝီစိတွင်းပါ | ၀၁/၅၆၃၀၇၀ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀)ပေ | RC (၁) ထပ် | ၂၁၀၀ သိန်း | ပြင်ဆင်ပြီး၊ အသင့်နေ | ၀၉/၅၁၁၇၂၆၂ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံလမ်း | (၄၀ x ၆၀)ပေ | BN (၂) ထပ် | ၃၉၀၀ သိန်း | | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | ဒဂုံ(မြောက်) မြို့နယ်၊ (၃၅)ရပ်ကွက် | (၄၀ x ၆၀)ပေ | BN (၂) ထပ် | ၁၈၀၀ သိန်း | မြေပိုပါ၊ လမ်းသန့် | ၀၉/၉၇၆၂၁၁၂၃ |
| ၅။ | မြေ | သဃ်န်းကျွန်းမြို့နယ်၊ သုဇိတာ | (၃၀ x ၉၀)ပေ | မြေသီးသန့် | ၂၄၅၀ သိန်း | လမ်းသန့် | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၆။ | မြေ | လှည်းကူးမြို့နယ်၊ မြို့အထွက်၊ ကွက်သစ် | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၆၀ သိန်း | လမ်းမကြီးအနီး | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၇။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁) ၊ SB(၂) | ၁၆၀၀ သိန်း | ဓာတ်လှေကားပါ၊ လမ်းသန့်၊ ပြင်ဆင်ပြီး | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အဆင့်မြင့် တိုက်ခန်း | ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ | ၉၀၀ စ/ပေ | MB (၁) ၊ BR(၁) | ၁၆၀၀ သိန်း | လမ်းသန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်၊ ပြည်တော်သာ(၄) လမ်း | (၃၀ x ၅၀)ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | ထောင့်ကွက် | ၀၉/၅၁၁၇၂၆၂ |

# အများနှင့်အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



အများနှင့်အကျိုးဝင်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ စီးပွားရေးအကျိုးအမြတ်များလူ့အဖွဲ့အစည်းအကျိုးပြုရေး၊ဆင်းရဲမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူ နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်း ဥက္ကဋ္ဌဦးကျော်မင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့Team Leaderနှင့် ကမ္ဘာ့ဘဏ် အကြီးတန်းအရာရှိဟောင်း PeterJ.Brimble က အများနှင့်ဆိုင်သောစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ စီးပွားရေးအကျိုးအမြတ်များဖြင့် လူ့အဖွဲ့အစည်းအကျိုးပြုရေး၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာများကို ဆွေးနွေးပြီး တက်ရောက်လာသည့် စီးပွားရေး လုပ်ငန်းရှင်များ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# မန္တလေးအိမ်ခြံမြေဈေးကွက် အနည်းငယ်လှုပ်ရှား အငှားဈေးကွက် အားကောင်းပြီးဈေးတက်

မန္တလေး အိမ်ခြံမြေဈေးကွက်သည် အေးနေရာမှ သင်္ကြန်မတိုင်မီ မတ်လပထမပတ်မှစတင်ကာ တဖြည်းဖြည်း ပြန်လည်လှုပ်ရှားလာကြောင်း သိရသည်။ မန္တလေးမြို့ဧရိယာ အိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ရှားလာသော်လည်း ဈေးတက်ခြင်း၊ ကျခြင်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ် အနေအထားရှိကြောင်း၊ မန္တလေးမြို့တွင်း ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်များထက် ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် ကျပ်သိန်း ၃၀၀ ဝန်းကျင် ပေ ၃၀ × ပေ ၄၀ မြေကွက်နှင့် အိမ်ပါအသင့်နေနိုင်သော နေရာများ အရောင်းအဝယ်သွက်လျက်ရှိသည်။ မန္တလေးမြို့တွင်း ဧရိယာတွင် အရောင်းထက် အငှားဈေးကွက် အားကောင်းနေပြီး ဈေးနှုန်းများလည်း နှစ်ဆခန့် မြင့်တက်လျက်ရှိသည်။ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အတွင်း လုံးချင်း ငှားရမ်းမှုဈေးနှုန်းများ မြင့်တက်နေပြီး ယာယီနေထိုင်မှုဗီဇာဖြင့် မန္တလေးမြို့သို့ စီးပွားရေး လာရောက်လုပ်ကိုင်ကြသော နိုင်ငံခြားသားများ ငှားရမ်းမှုများပြီး မန္တလေးမြို့တွင်း ကွန်ဒိုများဝယ်ယူခြင်း၊ ငှားရမ်းနေထိုင်ခြင်းများ နည်းပါးကြောင်း အိမ်ခြံမြေဈေးကွက်မှ သိရှိရပါသည်။

**သီဟကိုကို(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်တွင် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရွှေဘိုမြို့၊ ဧဒင်ခန်းမ၌ မတ် ၈ ရက်က KFW (ငွေကြေးထောက်ပံ့ပေးသောအဖွဲ့အစည်း)၊ BUREAU VERITAS (ငွေကြေးထောက်ပံ့ပြီး အကောင်အထည်ဖော်ပေးသော အဖွဲ့အစည်း)၊ ASSISTAsia(ပူးပေါင်းဆောင်ရွက်ပေးသောအဖွဲ့အစည်း) နှင့် MRF တို့မှ ရွှေဘိုခရိုင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ညှိနှိုင်းချိတ်ဆက်ပြီး အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ရွှေဘိုခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော် နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ MRF မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ BUREAU VERITAS မှ သင်တန်းဆရာနှင့် တာဝန်ရှိသူများ၊ ASSIST Asia မှ စီမံကိန်းမန်နေဂျာ ဦးကိုလွင်၊ Pioneer Agri Biz မှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ခန့်နှင့် ရွှေဘိုခရိုင်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များ၊ ရွှေဘိုပေါ် ဆန်းစိုက်ပျိုးသည့် တောင်သူများ တက်ရောက်ခဲ့ကြပြီး အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **နှင်းနှင်းခိုင် (ရွှေဘို)**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ပို့ကုန် လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင် သစ်များကို မွေးထုတ်ပေးနိုင်ရန် Trade Training Institute ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ကာ နိုင်ငံတကာ ကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့/လက်တွေ့များ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက်ရှိသည်။ ယခုအခါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၁၁) ကို ၂၀၁၈ ခုနှစ်၊ မတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ၊ နိုင်ငံတကာ ကုန်သွယ်မှု သီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန် စံညွှန်းများ၊ ဈေးကွက် သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဝန်ကြီးဌာန အသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ သင်တန်းတွင် ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) (နံနက် ၀၉း၃၀ နာရီမှ ၁၂း၃၀ နာရီထိ) ဖြင့် သုံးလခွဲ ကြာမြင့်မည်ဖြစ်ပါသည်။

သင်တန်းသားများ လက်ခံနေပြီဖြစ်ကြောင်းနှင့် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)**

# ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် Welt Hunger Hilfe တို့ ပူးပေါင်း၍ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်နည်း သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ စီစဉ် ကြီးကြပ်မှုနှင့် Welt Hunger Hilfe တို့ ပူးပေါင်း၍ အခြေခံဒီဇယ် အင်ဂျင်ပြုပြင်နည်း သင်တန်းဖွင့်ပွဲကို မတ် ၁၂ ရက်တွင် ဘိုကလေးမြို့၌ ကျင်းပခဲ့ပြီး သင်တန်းကာလမှာ မတ် ၃၁ ရက်ထိဖြစ်ပြီးရက် ၂၀ ကြာ ဖွင့်လှစ်မှာဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများအဖြစ် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စက်မှုကျွမ်းကျင် -၄ ဦးဇင်မင်း၊ အငယ်တန်း စာရေး ဦးထက်နိုင်ထွန်းတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမှာဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်လှစ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ သင်တန်းဖွင့်လှစ်ချိန် အဆင်ပြေချောမွေ့စေရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အနီးကပ်ကြီးကြပ်လျက် ကုန်ကျစရိတ်များ အားလုံးကို Welt Hunger Hilfe မှ ပံ့ပိုးကူညီပေးမှာဖြစ်ပြီး သင်တန်းတွင် ဒီဇယ်တစ်လုံးထိုး အင်ဂျင် အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ နော်ဇယ်၊ ပလန်ဂျာများဖြုတ်/တပ်ခြင်း၊ အင်ဂျင်ဟတ်ဖြုတ်/တပ်ခြင်း၊ ဆီလိုက်မှန်/မမှန် စစ်ဆေးခြင်းတို့ကို ကျွမ်းကျင်သည်အထိ သင်ကြားပေးမှာဖြစ်ပြီး အခြေခံပညာတတ်မြောက်၍ လူငယ်များ ဒီဇယ်အင်ဂျင်ပြုပြင်နည်း သင်တန်းဆင်းပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်ရန်၊ ထိုက်တန်သော အခကြေးငွေများရရှိကာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် လုပ်ငန်းခွင်၌ စနစ်တကျ တတ်မြောက်ထားသော ကျွမ်းကျင်ဝန်ထမ်းများ ထွက်ပေါ်လာပြီး ဒီဇယ်အင်ဂျင်စက်ပစ္စည်းနှင့် ဆက်စပ်သော အခြားစက် ပစ္စည်းများအား ပြင်ဆင်တတ်စေရန်၊ ဒေသခံလူငယ်များ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်း စားသုံးသူရေးရာဦးစီးဌာန မြောင်းမြခရိုင်မှာ ပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံးတွင် မတ် ၉ ရက်က ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုသင်တန်း(၁/၂၀၁၈)ဆင့်ပွားသင်တန်းကို မြောင်းမြခရိုင်ရှိဝန်ထမ်းများအား ပို့ချခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (CTQM)တွင် ရက်တိုသင်တန်း တက်ရောက်ခဲ့သော လက်ထောက် ကြီးကြပ်ရေးမှူး ဦးစိုးသန်းက ပဲစင်းငုံဟင်းချို၊ မတ်ပဲ၊ ပဲတီစိမ်းအခြမ်း(ပဲဝါလေး)ကြာဆန်ဟင်းချိုနှင့် ပဲစင်းငုံဟင်း စသည့် ချက်ပြုတ်နည်း ၆ မျိုး၊ အာဟာရပြည့်ပဲခေါက်ဆွဲ၊ ပဲရွှေကြည် ဆနွင်းမကင်း၊ ပဲလမုန့်၊ ပဲစင်းငုံဖျော်ရည်၊ ပဲကြာဆန်ပဲတို့ဟူးကြော်၊ ပဲချောင်း၊ ပဲစင်းငုံအာဟာရမုန့်နှင့် အချိုမှုန့်အစားထိုးဟင်းခပ်မှုန့် စသည့် အစားအသောက်/ မုန့်လုပ်နည်း ၉ မျိုးတို့ကို ရှင်းလင်းပို့ချခဲ့ပြီး ပဲစင်းငုံသီးစုံဟင်း ချက်ပြုတ်နည်းအား လက်တွေ့သရုပ်ပြခဲ့ကြောင်း၊ ၎င်းဆင့်ပွား သင်တန်းသို့ စားသုံးသူ ရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်မှ ဝန်ထမ်း ၁၈ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**တိုးလွင်(မြောင်းမြ)**

## အင်ဒိုနီးရှားနိုင်ငံ Tangerang တွင် "Association of Indonesia Regencies Government (APKASI) Otonomi Expo 2018: Trade Tourism and Investment" ကုန်စည်ပြပွဲ ကျင်းပမည်

အင်ဒိုနီးရှားနိုင်ငံ Tangerang ရှိ International Convention Exhibition (ICE) တွင် ဇူလိုင် ၆ ရက်မှ ၈ ရက်ထိ "Association of Indonesia Regencies Government (APKASI) Otonomi Expo 2018: Trade Tourism and Investment" ကုန်စည်ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ ပြည်တွင်းပြည်ပနိုင်ငံများမှ စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြခန်းများရယူ၍ ဖွင့်လှစ်ပြသနိုင်ပါကြောင်း၊ အသေးစိတ်သိရှိလိုပါက www.apkasi.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ပြပွဲနှင့်ပတ်သက်၍ မေးမြန်းလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇, ၄၃၀၁၂၈၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄ သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဆုမွန်သိန်း (TD)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ


| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁၉-၃-၂၀၁၈ မှ ၂၅-၃-၂၀၁၈ ရက်နေ့ထိ
## ဒေါ်မြတ်မြတ်အေး
## (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** ရာသီအလိုက်ထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့်အကျိုးပေးတတ်သည်။ အချစ်ရေးတွင်စိတ်သဘောထားချင်း တူညီသူနှင့် တွေ့ရလိမ့်မည်။ အိမ်ထောင်ရေးအခြေအနေပျော်ရွှင်ကြည်နူးမှုများ ရှိနေမည်။ ကျန်းမာရေးအနေဖြင့် ကြီးမားသော ဝေဒနာမခံစားရတတ်ပါ။ ကိုက်ခဲခြင်းနှင့် အကြောအားနည်းခြင်းများ ဖြစ်တတ်ပါသည်။

**ယတြာ။ ။စက္ကူပန်း ၇ခက်လှူ၍ဂုဏ်တော်ကိုးပါးရွတ်ဖတ်ပူဇော်ပါ**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် ပိုးထည်၊ ချည်ထည်လုပ်ငန်းတို့နှင့် အကျိုးပေးတတ်ပါသည်။ ပညာရေးသင့်တင့်ကောင်းမွန်နေမည်။ အချစ်ရေးတွင်လုပ်ဖော်ကိုင်ဖက်ရင်းနှီးခင်မင်မှုအပေါ် တွင်ချစ်ခင်ကြင်နာလိုသောစိတ်များဖြစ်ပေါ် နေတတ်ပါသည်။ အိမ်ထောင်မရှိသေးလျှင်အိမ်ထောင်ကျရန်အခြေအနေဖြစ်နေတတ်ပါသည်။ ကျန်းမာရေးတွင် အပူကြောင့်ဖြစ်သော နှာစေးခြင်း၊ နှာမွန်ခြင်း၊ ဖျားနာခြင်းဖြစ်တတ်ပါသည်။ **ယတြာ။ ။ မိတ်ဆွေအပေါင်းအသင်းတို့အား လက်ဖက်ထမင်းကျွေး၍ လက်ဖက်ရည်တိုက်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးကိစ္စများတွင် အရှိန်ကောင်းလာတတ်သည်။ သက်နှ်ပရိက္ခရာဆိုင်လုပ်ငန်း၊ ပရိဘောဂပစ္စည်းများနှင့်ပတ်သက်သော လုပ်ငန်းများဆောင်ရွက်ရတတ်သည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင် အခွင့်အရေးများကို ရယူတတ်သည်။ အိမ်ထောင်ရေးသာယာပျော်ရွှင်မှုရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အံ့သြလောက်အောင် ကြံ့ ခိုင်မှုရှိနေတတ်ပါသည်။

**ယတြာ။ ။စာကလေးများကို စပါးကျွေးပေးပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလက်ငုတ်လက်ရင်းများကို ဆက်လက်၍ ငွေအရင်းအနှီးနှင့်ထပ်မံတိုးချဲ့၍လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ အလှကုန်ပစ္စည်းများ၊ အမျိုးသမီးအသုံးအဆောင်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်မှု အားကောင်းတတ်ပါသည်။ ပညာရေးအခက်အခဲအနည်းငယ်ရှိလိမ့်မည်။ အချစ်ရေးစိတ်ရှုပ်ရတတ်သဖြင့်စိတ်ဓာတ် ခိုင်မာတည်ကြည်စွာနေပါမှ အရာရာကိုအေးဆေးစွာဖြတ်သန်းနိုင်မည်။ ကျန်းမာရေးကောင်းမွန်ပါမည်။

**ယတြာ။ ။ကျန်းမာရေးညံ့သူများကို ဆေးဝါးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** သြဇာရှိသူများ၏ ပြုပြင်မှုကိုခံရတတ်သည်။ ငွေကြေးဥစ္စာများရရှိလာတတ်သည်။ မြေတွင်းထွက်ပစ္စည်းများနှင့် ပွဲရုံလုပ်ငန်းများသယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ အကျိုးပေးပါသည်။ ပညာရေးအောင်မြင်မည်။ အချစ်ရေးတွင်နှစ်ကိုယ်တူချစ်မေတ္တာဖလှယ်နိုင်သူဖြစ်မည်။ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးနေတတ်ပါသည်။ ကျန်းမာရေးတွင် မျက်စိ၊ သွား၊ နားနှင့် ပတ်သက်သော ဝေဒနာသတိရှိသင့်ပါသည်။ ရောဂါကြီးကြီးမားမားမဖြစ်နိုင်ပါ။

**ယတြာ။ ။ ပဲပြုတ်ထမင်းဆီဆမ်းကျွေးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးဝန်းကျင်တွင် အကောင်းဆုံးဆက်ဆံ၍ အောင်မြင်အောင်လုပ်ကိုင် ဆောင်ရွက်နေရတတ်သည်။ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေရတတ်သည်။ ပညာရေးတွင် အနည်းငယ်အပင်ပန်းခံရတတ်သည်။ အချစ်ရေးကံကောင်းပါသည်။ အိမ်ထောင်ဖက်နှင့်အတူ စီးပွားရေးကိုကြိုးစားလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ခေါင်းအုံ၊ ခေါင်းမူးခြင်းနှင့် ဝမ်းချုပ်ခြင်း၊ သွားနာ၊ သွားကိုက်ဖြစ်တတ်သည်။ **ယတြာ။ ။ ပိတောက်ညွန့်လှူ၍ ကံပွင့်ဂါထာရွတ်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရှယ်ယာဝင်လိုသူများ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသူများ၊ ဆက်သွယ်ကမ်းလှမ်းလာတတ်ပါသည်။ အချစ်ရေးသာယာဖြောင့်ဖြူးမည့် ရင်ခုန်လှုပ်ရှားမည်။ အချစ်ကို မျှော်လင့်နေမိတတ်ပါသည်။ ကျန်းမာရေးတွင် နှလုံးနှင့်ပတ်သက်သော နှလုံးခုန်မြန်ခြင်းနှင့် နှလုံးမကောင်းခြင်းတို့ကို သတိပြုသင့်ပါသည်။ **ယတြာ။ ။ အပေါင်းအဖော်များကို ဘေးဘယာကင်းအောင် ဘယာကြော် ကျွေး၍ လက်ဖက်ရည်တိုက်ပါ။**

# မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသား စွန့်ဦးတီထွင် လုပ်ငန်းရှင်များအဖွဲ့ ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆွေးနွေး

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုဖိုရမ်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အ ထိ မင်္ဂလာဟိုတယ် နေပြည်တော်တွင် ကျင်းပခဲ့ပြီး အဆိုပါဖိုရမ်မှ ဆွေးနွေးချက်များအရ တိုင်းရင်းသားလူမျိုးတို့၏ စီး ပွားရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသား စွန့်ဦးတီထွင် လုပ်ငန်းရှင်များအဖွဲ့ကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားစွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မတ် ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်း၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (မန္တလေး တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးမိုးကျော်ကျော်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မန္တလေးမြို့ရှိ တိုင်းရင်းသား လူမျိုးများအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းပန်ဆိုင်းက တိုင်းရင်းသား စွန့်ဦးတီထွင် လုပ်ငန်းရှင်များအဖွဲ့ ဖွဲ့စည်းနိုင်ရေး အကြံပြုဆွေးနွေးခဲ့ပြီး တိုင်းရင်းသားလူမျိုးစု ၁၆ ဖွဲ့မှ ပါဝင် ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂/၂၀၁၈)ကျင်းပ

မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၂/၂၀၁၈)ကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက်က မြောက်ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ စည်သူခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းသော ကုန်စည်/ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲနိုင်ရေး အဓိကဆောင်ရွက်ပေးနေသော လုပ်ငန်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ယခင်လ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုအခြေအနေ၊ ယခုလတွင် ခရိုင်အတွင်းရှိကျောင်း၊ ဈေး၊ မြို့နယ်/ရပ်ကွက်ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ခရိုင်အတွင်းရှိဈေးများသို့ကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေ၊ ဖေဖော်ဝါရီလအတွင်း ကုန်စည်၊ ဝန်ဆောင်မှုနှင့် ပတ်သက်၍ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးသို့တိုင်ကြားလာသည့်လယ်ထွန်စက်ပစ္စည်းရောင်းချသည့်ကုမ္ပဏီမှ Spare Part ပစ္စည်းအလွယ်တကူဝယ်ယူ၍မရရှိခြင်းအပေါ် တိုင်ကြားလာမှုနှင့် ကျောင်းများတွင်ရောင်းချနေသော ခွဲခြားရန်ခက်ခဲသည့် ကုန်ပစ္စည်းများနှင့် တားမြစ်ထားသောမြေဆီများကို မြို့နယ်အတွင်း ဆက်လက် ရောင်းချနေမှုများအပေါ် တိုင်ကြားလာမှုများကို စေ့စပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြပြီးနောက် အစည်းအဝေးတက်ရောက်လာကြသည့်အဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထားလှိုင် (ရန်ကုန်)**

# မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းပြုလုပ်

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် မတ် ၁၀ ရက်က ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြု ဆင့်ပွားသင်တန်းကို စာတွေ့လက်တွေ့ပို့ချခဲ့ရာ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၅၁ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ ဆင့်ပွားသင်တန်းသို့ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု(လှည်းကူး)တွင် ပဲစားသုံးမှုမြှင့်တင်ရေး အထောက်အကူပြုသင်တန်းသို့ တက်ရောက်ခဲ့သော ဝန်ထမ်းများမှ ပြန်လည်ပို့ချပေးခဲ့ရာ မတ်ပဲဘယာကြော်ပြုလုပ်နည်း၊ ပဲတီစိမ်း (ပဲဝါလေး)ဘယာကြော်ပြုလုပ်နည်း၊ ပဲစင်းငုံသီးစုံဟင်း၊ ပဲရွှေကြည်ဆနွင်းမကင်း (ပဲစင်းငုံ)ဖြင့် ပြုလုပ်နည်း၊ ပဲစင်းငုံမစ်ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ပို့ချခဲ့ပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ အခွံချွတ်ခွဲခြမ်းစားသုံးခြင်း၏ ကျန်းမာရေး အကျိုးကျေးဇူးများအကြောင်းကို အသေးစိတ်ဆွေးနွေး ရှင်းလင်းခဲ့သည်။

ထို့နောက် သင်တန်းသားများမှ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေး နွေးခဲ့ပြီး မတ်ပဲဘယာကြော်များ၊ ပဲစင်းငုံသီးစုံဟင်း၊ ပဲစင်းငုံဖြင့် ပဲရွှေကြည်ဆနွင်းမကင်းများပြုလုပ်ခြင်း၊ ပဲစင်းငုံမစ်ရှိတ်ပြုလုပ်ခြင်းများကို အဖွဲ့ဖြင့် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စန္ဒာစိုးလွင် (မကွေး)**

# မြိတ်မြို့ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၌ စားသုံးသူအသိပညာပေး ဟောပြောပွဲနှင့် ကျေးရွာရှိဈေးဆိုင်များသို့ သွားရောက်၍ စစ်ဆေး/အသိပညာပေးခြင်းပြုလုပ်

မြိတ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မတ် ၁၄ ရက်တွင် ကန်သာယာကျေးရွာရှိ ကန်သာယာကျောင်းတိုက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေး ဟောပြောရာတွင် ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအားလည်းကောင်း၊ ခွင့်မပြုဓာတုဆိုးဆေးများ အကြောင်းကိုလည်းကောင်း၊ လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ထားသော စားသောက်ကုန်နှင့် ဆေးဝါးများ၏ ဆိုးကျိုးများအကြောင်းကို လည်းကောင်း၊ သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသော အစားအသောက်များ၊ တာရှည်ခံဆေးများပါသော အစားအသောက်များအား သတိပြု ရွေးချယ်စားသောက်နိုင်ရန် အသိပညာပေးဟောပြောခဲ့ရာ သင်တန်းသူ/သင်တန်းသားများ၊ ရပ်မိ/ရပ်ဖများ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြိတ်စားသုံးသူ**

# စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး MOU လက်မှတ်ရေးထိုး

မြန်မာနိုင်ငံကုန်သည်/ စက်မှုအသင်းချုပ်(UMFCCI)နှင့် မြန်မာနိုင်ငံအခြေစိုက် India Myanmar Chamber of Commerce (IMCC) တို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို မတ် ၁၄ ရက်က ရန်ကုန်မြို့ရှိကုန်သည်/စက်မှုအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့သည်။




ယခုလက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာတွင် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နှင့် စီးပွားရေးဆိုင်ရာသတင်းအချက်အလက်များဖလှယ်နိုင်ရေး အပြန်အလှန် နားလည်မှုတည်ဆောက်၍ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် စဉ်ဆက်မပြတ် ဆွေးနွေးသွားရေးနှင့် ပြန်လည်သုံးသပ်သွားရေးတို့ ပါဝင်ကြောင်း သိရသည်။

စာချွန်လွှာအား မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးနှင့် IMCC ဥက္ကဋ္ဌ Mr.Sunil Seth တို့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံအခြေစိုက်အိန္ဒိယသံရုံးမှ ပထမအတွင်းဝန် Mrs.Shweta Singh၊ India Myanmar Chamber of Commerce မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်/စက်မှု အသင်းချုပ်တွဲဖက် အထွေထွေအတွင်းရေးမှူးချုပ်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

# ကျား/မတန်းတူညီမျှရေး အချက်ပေးခေါင်းလောင်းတီးခြင်း အစီအစဉ် ရန်ကုန်စတော့အိတ်ချိန်း၌ ပြုလုပ်

ကမ္ဘာ့ဘဏ်အုပ်စု၏အဖွဲ့ဝင် IFC၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့ ပူးပေါင်းပြီး 'ကျား/မတန်းတူညီမျှရေးအ တွက် အချက်ပေးခေါင်းလောင်းသံတီးခြင်း' အစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဖြစ်သော မတ် ၉ ရက်က ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပပြုလုပ်ခဲ့သည်။



ယခုလိုဆောင်ရွက်မှုသည် ကမ္ဘာ့ စီးပွားရေးလောကတွင် အမျိုးသမီးများ ပါဝင်လာရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်နိုင်ရန် ပုဂ္ဂလိက ကဏ္ဍမှ အားပေးပံ့ပိုးနေမှုကို တင်ပြခြင်းဖြစ်ပြီး နိုင်ငံတကာမှ စတော့အိတ်ချိန်း ၆၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

"ကျား/မတန်းတူညီမျှရေး အတွက်အချက်ပေးခေါင်းလောင်းတီးခြင်း အစီအစဉ်ကို ရန်ကုန်စတော့အိတ်ချိန်းမှာ ဒုတိယအကြိမ်ကျင်းပတာဖြစ်ပါတယ်။ ဒီပဏာမခြေလှမ်းက မြန်မာနိုင်ငံမှာရှိတဲ့ ကုမ္ပဏီတွေမှာကျား/မတန်းတူညီမျှရေးကို ဆက်လက်ဆောင်ရွက်သွားဖို့ အတွက် အထောက်အကူဖြစ်စေမယ်လို့ ကျွန်မမျှော်လင့်ပါတယ်" ဟု မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင် ဒေါ်တင်မေဦးက ပြောသည်။

ယခုအစီအစဉ်ကို IFC၊ မြန်မာ နိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့နှင့်အတူ Business Coalition for Gender Equality၊ Myanmar Institute of Director၊ Professional Women Network နှင့် Women Coporate Directors၊ Myanmar Chapter တို့မှ ပူးပေါင်းပါဝင်ခဲ့သည်။

"သုတေသနတွေအရ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်တာဟာ တိုင်းပြည်ရဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP)၊ ကုန်ထုတ်စွမ်းအား၊ ရင်းနှီးမြှုပ်နှံမှုကနေ ပြန်ရတဲ့ အကျိုးအမြတ်တွေကို တိုးမြှင့်စေပြီး အဖွဲ့အစည်းတွေရဲ့ စွမ်းရည်အပေါ် ထိရောက်မှုရှိစေပါတယ်။ ကုမ္ပဏီအဖွဲ့အစည်းတွေရဲ့ ကျား/မတန်းတူညီမျှရေးကို နှိုးဆော်ရာမှာ ပါဝင်လာတဲ့ စတော့အိတ်ချိန်းတွေရဲ့ ပူးပေါင်းမှုကိုလည်း IFC က ကြိုဆိုပါတယ်"ဟု IFC၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Vikram Kumar က ပြောသည်။

# ရေထွက်စားသောက်ကုန်ထုတ်လုပ်ရန် လိုအပ်သောပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရန် တင်ပြ

ရေထွက်ပစ္စည်းစားသောက်ကုန်များ ထုတ်လုပ်ရန်အတွက် လိုအပ်သောပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသည့်အပေါ် အခွန်ကင်းလွတ်ခွင့် ပြု ပေးရန်တင်ပြခဲ့ကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမျိုးညွန့်က ပြောသည်။

ယခုလအတွင်း ရန်ကုန်မြို့ ကုန် သည်/စက်မှုအသင်းချုပ်ရုံးတွင် ပြုလုပ်သော နိုင်ငံတော်ဒုတိယသမ္မတ (၁) ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်ကိုယ်စားလှယ်များတွေ့ဆုံပွဲ၌ ရေထွက်ပစ္စည်း ထုတ်လုပ်တင်ပို့ရေးကဏ္ဍ ဆွေးနွေးရာတွင် ယခုလိုတင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေထွက်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းတဲ့ စားသောက်ကုန်များအဖြစ်ထုတ်လုပ်ရန်အတွက် ထောက်ခံချက်ပါသော စက်ရုံသုံးပစ္စည်းများ၊ သန့်ရှင်းရေးသုံးပစ္စည်းများအပြင် တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ရန်အတွက် လိုအပ်သော Ingredients နဲ့ အခြားပစ္စည်းများကို ပြည်ပကနေ တင်သွင်းနေရပါတယ်။ Re-export အတွက် ဒီပစ္စည်းတွေကို ပြည်ပမှတင်သွင်းရတဲ့အခါ အခွန်များပေးဆောင်ရသည့် အပြင် အပိုဆောင်းစရိတ် (Overhead Cost)များ သက်သာရန်အတွက် အခွန်ကင်းလွတ်ခွင့်ပြုပေးရန်လိုအပ်ပါတယ်" ဟု ဦးမျိုးညွန့်က ပြောသည်။

ထို့ပြင် စက်ရုံအလုပ်ရုံများ တည်ဆောက်ရင်းနှီးမြှုပ်နှံ၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများအား နိုင်ငံတကာဈေးကွက် နှင့် ယှဉ်ပြိုင်နိုင်ရန်၊ နိုင်ငံတကာစံချိန်စံညွှန်း (Food Safety)နှင့်ကိုက်ညီသော စားသောက်ကုန်ထုတ် စက်ရုံများဖြစ်လာ စေရန်အတွက် ပြည်ပသို့တင်ပို့ခြင်းအပေါ် ဝင်ငွေခွန်အပါအဝင်အခွန်အခများ သက်သာအောင်ပြုလုပ်ပေးပါက နှစ်စဉ်ဒေါ်လာသန်းတစ်ထောင်တင်ပို့ရန်ခက်ခဲမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ ပြည်ပသို့ရေထွက်ပစ္စည်းတင်ပို့ရာတွင် အမေရိကန်ဒေါ်လာသန်း ၆၅၀ အထိ တင်ပို့ထားနိုင်ပြီး ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန် ဒေါ်လာ သန်း ၅၀ ခန့် ပိုမိုတင်ပို့ထားနိုင်ကြောင်း သိရသည်။

# အူရီဒူး၏ တစ်မိနစ်ပြော တစ်ကျပ်လှူအစီအစဉ်မှ ကျပ်တစ်ဘီလီယံကျော် ပံ့ပိုးနိုင်ရန် ရည်မှန်းထားဟုဆို

အူရီဒူး၏ တစ်မိနစ်ဖုန်းပြောပြီးပါက တစ်ကျပ်လှူဒါန်းမည့်အစီအစဉ်မှ ပညာရေးနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျပ်တစ်ဘီလီယံကျော်ဖြင့်ပံ့ပိုးပေးနိုင်ရန် ရည်မှန်းထားကြောင်း အူရီဒူးမြန်မာ၏ စီအီးအို Mr. Vikram Sinha ကပြောသည်။



အူရီဒူးမြန်မာ၏ 'မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ' လူမှုအကျိုးပြုအစီအစဉ်ကို ၂၀၁၇ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၌ ပြုလုပ်ပေးခဲ့ပြီး အူရီဒူးဖုန်းအသုံးပြုသူအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မည်သည့်မိုဘိုင်းဖုန်းကိုမဆိုဖုန်းခေါ်ဆိုလိုက်သည့် မိနစ်တိုင်းအတွက် အူရီဒူး၏ဝင်ငွေထဲမှ တစ်ကျပ်ကို တိုက်ရိုက်လှူဒါန်းသွားခြင်းဖြစ်ကာ ဒေသတစ်ခုအတွက် ကောက်ခံသည့် သက်တမ်းမှာ ရက် ၉၀ ဖြစ်ကြောင်း သိရသည်။

"ပညာရေးကို မြှင့်တင်ပေးခြင်းဖြင့် ကလေးတွေ၊ လူမှုပတ်ဝန်းကျင်နဲ့ တိုင်းပြည်အတွက်ပါ သိသိသာသာ တိုးတက်စေပါတယ်။ ကလေးတွေ ပညာသင်ကြားနိုင်ခွင့် မမျှတမှုကိုဖယ်ရှားနိုင်ဖို့ အထောက်အပံ့ရရှိအောင် ရန်ပုံငွေမတည်လှူဒါန်းနိုင်ဖို့အတွက် ပူးပေါင်းပါဝင်ပေးတဲ့ မြန်မာပြည်သူတွေရဲ့ ရက်ရောမှုကိုလည်း တကယ်လေးစားမိပါတယ်။ အူရီဒူးက မတည်လှူဒါန်းငွေများဟာဆိုရင် မြန်မာနိုင်ငံကျေးလက်ဒေသနေ ပညာသင်ကြားရေး အခက်အခဲဖြစ်နေတဲ့ ကလေးငယ်တွေအတွက် အထောက်အပံ့ ဖြစ်မှာပါ"ဟု အူရီဒူးမြန်မာ၏ CEO Mr.Vikram Sinha က ပြောသည်။

အူရီဒူး၏ လှူဒါန်းမှုကို ပညာရေးနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (သို့မဟုတ်) လူငယ်ဖွံ့ဖြိုးရေးကျောင်းတို့ကို သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ညှိနှိုင်းကာ စနစ်တကျရွေးချယ်ခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထုတ်ပြန်ချက်များအရ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများသည် ကလေးငယ်သုံးသိန်းကျော်၏ ပညာရေးအတွက် တာဝန်ယူ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်အောင် စုစည်းသည်**



## မြို့ကြီးများ၏ ၁၉-၃-၂၀၁၈ မှ ၂၃-၃-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၃-၂၀၁၈) | အင်္ဂါ(၂၀-၃-၂၀၁၈) | ဗုဒ္ဓဟူး(၂၁-၃-၂၀၁၈) | ကြာသပတေး(၂၂-၃-၂၀၁၈) | သောကြာ(၂၃-၃-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F |
| ရန်ကုန်မြို့ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F |
| မန္တလေးမြို့ | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၂˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F |
| မြစ်ကြီးနား | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F |
| လားရှိုး | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| ကျိုင်းတုံ | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | နေသာ ၃၂˚C/၇၉˚F |
| လွိုင်ကော် | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F |
| တောင်ကြီး | ၁၀% ၄˚C/၄၀˚F | နေသာ ၂˚C/၃၆˚F | နေသာ ၂˚C/၃၅˚F | နေသာ ၃˚C/၃၇˚F | နေသာ ၈˚C/၄၆˚F |
| မော်လမြိုင် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၂˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F |
| ဘားအံ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၅˚C/၉၅˚F | တိမ်အသင့်အတင့် ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F |
| တောင်ငူ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၇˚C/၉၉˚F |
| မုံရွာ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| ပုသိမ် | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F |
| မြိတ် | နေသာ ၃၃˚C/၉၁˚F | ၃၀% ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F |
| စစ်တွေ | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F |
| မကွေး | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F |
| ဖလမ်း | နေသာ ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၆˚C/၇၉˚F | နသာ ၂၇˚C/၈၁˚F | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F |

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဒေသတွင် မုတ်သုံအကြို မိုးများ စတင်ရွာသွန်း

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဒေသအားလုံးနီးပါးတွင် မတ် ၁၅ ရက် က မိုးများအနှံ့အပြား ရွာသွန်းခဲ့ကြောင်း sky weather ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အာသံ၊ အရူနာချာပရာဒေ့ရှ်၊ မဏိပူရ၊ မဂ္ဂါလာယာနှင့် မီဇိုရမ်ဒေသတို့အပါအဝင် ပြည်နယ်များတွင် မိုးကောင်းမွန်စွာရွာသွန်းခဲ့သည်။ သို့ရာတွင် နာဂလင်းနှင့် ထရိုင်ပူရတို့တွင် ရာသီဥတုခြောက်သွေ့ခဲ့သည်။

ယခုရွာသွန်းသော မိုးလေဝသ အခြေအနေကိုကြည့်ပါက ဒေသတွင်း၌ ဆိုင်ကလုန်းမုန်တိုင်းများ ကျရောက်နိုင်မည့်လက္ခဏာကို တွေ့ရပြီး အာသံ၊ မဂ္ဂါလာယာနှင့် ယင်းတို့နှင့်ထိစပ်နေသောနေရာများတွင် ယင်းအခြေအနေများ ဖြစ်ပွားလာနိုင်သည်။

ရာသီဥတု ခန့်မှန်းရေးအဖွဲ့၏ အဆိုအရ မုတ်သုံအကြိုမိုးများသည် အာသံ၊ အရူနာချာပရာဒေ့ရှ်၊ မဏိပူရ၊ မဂ္ဂါလာယာနှင့် မီဇိုရမ်ဒေသတို့တွင် မတ် ၁၈ ရက်အထိ ရံဖန်ရံခါရွာသွန်းမည့် အလားအလာရှိသည်။ နာဂလင်းဒေသမှာမူ မတ် ၁၆ ရက်မှစ၍ မိုးကောင်းစွာ ရွာသွန်းလျက်ရှိသည်။ မိုးရွာသွန်းခြင်းနှင့်အတူ မိုးကြိုးများနှင့် အနည်းငယ်ပြင်းထန်သောလေများ တိုက်ခတ်နိုင်သည်။

အိန္ဒိယ အရှေ့မြောက်ပိုင်းဒေသများတွင် မုတ်သုံအကြိုကာလအတွင်း ယေဘုယျအားဖြင့် မိုးများပြင်းထန်စွာ ရွာသွန်းလေ့ရှိသည်။ သို့ဖြစ်ရာ လာမည့်ရက်များတွင် အလားတူမိုးရွာသွန်းမှုမျိုးကို ပိုမိုတွေ့ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ ယခုကဲ့သို့ မိုးရွာသွန်းမှုကြောင့် ပြည်နယ်အများစုအတွင်းရှိ ရာသီဥတု အခြေအနေသည် သာသာယာယာပို၍ ရှိလာနိုင်သည်။

ဂျမ္မူနှင့် ကက်ရှ်မီးယားတို့တွင် ဖြစ်ပေါ်ရင်သော အနောက်ဘက်မှဝင်လာသည့် မိုးသက်မုန်တိုင်းများသည် အာသံနှင့် အရူနာချာပရာဒေ့ရှ် ဒေသ တောင်တန်းများသို့ ဦးတည်တိုက်ခတ်ပြီး မိုးများ ဆက်လက်ရွာသွန်းနိုင်သည်။ ထို့အပြင် ဘင်္ဂလားပင်လယ်အော်မှ တိုက်ခတ်လာသော အရှေ့တောင်လေများကလည်း ဒေသတွင်းသို့ ရေငွေ့များ သယ်ဆောင်လာမည်ဟု ခန့်မှန်းရသည်။

ဉာဏ်တင်

## ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်အလယ်ပိုင်းဒေသ၌ တိုင်ဖုန်းမုန်တိုင်းများ ကျရောက်နိုင်

ယခုနှစ်တွင် ဗီယက်နမ်ကုန်းတွင်းပိုင်းဒေသ၌ တိုင်ဖုန်းမုန်တိုင်း ငါးခုမှ ခြောက်ခုအထိ ဖြစ်နိုင်သည်ဟု ဗီယက်နမ် အမျိုးသား ဇလဗေဒနှင့် မိုးလေဝသခန့်မှန်းရေးဌာနက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ယခုနှစ်တွင် အရှေ့ပင်လယ်ဒေသတွင် တိုင်ဖုန်းမုန်တိုင်းနှင့် အပူပိုင်းလေထုဖိအားနည်းဒေသ ၁၂ ခုနှင့် ၁၃ ခုခန့် ရှိနိုင်ကြောင်း မိုးလေဝသခန့်မှန်းရေးဌာနက ပြောသည်။ ယင်းသို့ဖြစ်ပွားမှုများ အနက် ငါးခုမှခြောက်ခုအထိသည် ဗီယက်နမ်နိုင်ငံ၏ ကုန်တွင်းပိုင်းဒေသ အထူးသဖြင့် အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနိုင်သည်။

ယခုနှစ်ပထမနှစ်ဝက်တွင် စုစုပေါင်းရရှိမည့် မိုးရွာသွန်းမှုပမာဏသည် မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့၌ ယခင်နှစ်က ပျမ်းမျှရရှိခဲ့သော ပမာဏထက်မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ရေလွှမ်းမိုးမှုသည် အလယ်ပိုင်းဒေသနှင့် ဗဟိုကုန်းမြင့်ဒေသတို့၌ ယခင်နှစ်ကထက်စော၍ ဖြစ်ပွားနိုင်သည်။ အဆိုပါဒေသများရှိမြစ်များတွင် အမြင့်ဆုံးရေမှတ်မှာလည်း ယခင်နှစ်ကထက် ပိုမိုမြင့်မားနိုင်သည်။

ဒီရေမြင့်တက်မှုမှာ တောင်ပိုင်းပင်လယ်ကမ်းရိုးတန်းဒေသများ၌ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင်လည်းကောင်း၊ အလယ်ပိုင်းဒေသတွင် နိုဝင်ဘာလလယ်နှင့် ဒီဇင်ဘာလလယ်တို့တွင်လည်းကောင်း ဖြစ်ပွားမည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်းပြင်းထန်ပြီး လှိုင်းကြီးမှုများကို အလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပွားနိုင်သည်။ ယခုနှစ် လာမည့်ကာလ အနည်းငယ်အတွင်း ရှည်ကြာပြင်းထန်သော အအေးလှိုင်းများကြောင့် အလယ်ပိုင်းကမ်းခြေဒေသများနှင့် အရှေ့တောင်ပိုင်းဒေသများတွင် သုံးမီတာနှင့် လေးမီတာအမြင့်ရှိ လှိုင်းလုံးများဖြစ်ပွားမည်ဟု ခန့်မှန်းထားသည်။ ယခုနှစ်အတွင်း ပထမဆုံးမုန်တိုင်းမှာ ဇန်နဝါရီက ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလအတွင်းတွင် လေထုနိမ့်ကျသော ရာသီဥတုအခြေအနေကို တွေ့ရသည်။ သို့ဖြစ်ရာ အရှေ့ပင်လယ်ပြင်တွင် ယခင်နှစ်ကထက်စော၍ မုန်တိုင်းကျနိုင်မည်ဟု ခန့်မှန်းရသည်။

ဉာဏ်တင်

# ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနစ်ရပ်တို့၏ (၂/ ၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီတို့၏ ၂/၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေးသို့ ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁/၂၀၁၈ ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများတင်ပြခဲ့ပြီး အသိပညာပေး ဟောပြောခြင်း ၁၁၃ ရာခိုင်နှုန်း၊ စစ်ဆေးခြင်း ၁၄၃ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်ထက်ကျော်လွန်ခဲ့ကြောင်း၊ ရေသန့်လုပ်ငန်းနှင့် ပတ်သက်၍ ကော့ကရိတ်မြို့နယ်တွင် ကွင်းဆင်းလေ့လာစစ်ဆေးခဲ့ရာ ရေသန့်စက်ရုံ လေးရုံရှိကြောင်းနှင့် ၎င်း စက်ရုံများသည် FDA နှင့် စက်မှုကြီးကြပ်လိုင်စင်မရသေးသည်ကို တွေ့ရကြောင်း၊ FDA နမူနာယူ၍ စစ်ဆေးဆဲဖြစ်ကြောင်း၊ ကျန်မြို့နယ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘားအံမြို့နယ် ဇွဲကပင်ကုန်း၊ အမှတ် ၉ ရပ်ကွက်ရှိ ဆီကြော်လုပ်ငန်း၊ ပေါင်မုန့်လုပ်ငန်း၊ ကိတ်မုန့်လုပ်ငန်း ငါးခုအား စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်းနှင့် ၎င်းလုပ်ငန်းများသည် FDA နှင့်စက်မှုကြီးကြပ် လိုင်စင်မရှိကြောင်း၊ ဆီကြော်လုပ်ငန်းသည် မည်သည့်လိုင်စင်မှမရှိ၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် ဆွေးနွေးခဲ့ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းငါးမျိုးကို ကဏ္ဍအလိုက် အသိပညာပေးရန် စာရင်းကောက်ယူနေဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများအား လည်းကောင်း၊ စစ်ဆေးမှုများတွင် ဆက်စပ်ဌာန (FDA၊ စက်မှုကြီးကြပ်၊ စည်ပင်)တို့မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် မတ်လတွင် ဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း လျာထားချက်များအား ဆွေးနွေးခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကာ အစည်းအဝေး တက်ရောက်သူများမှလည်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်**
**(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့(၃/ ၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ်လ ၁၃ ရက်၊ နံနက် (၁၀း၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ကုန်ပစ္စည်း၏ Traceability သည် အရေးကြီးစဉ်းစားရန် Issue တစ်ခုဖြစ်ကြောင်း၊ Chemical ဖြန့်ဖြူးရောင်းချနေသည့်ဆိုင်များကို လိုက်နာရမည့်စည်းကမ်းများ သတ်မှတ်ပေးရန်လိုအပ်သဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၂/ ၂၀၁၈)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဆက်စပ်ဌာနများဖြင့် ပူးပေါင်း၍ မြို့နယ်များသို့ အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ခဲ့သည့်အခြေအနေ၊ ပဲပြား၊ ပဲသွေးများတွင် ဖော်မလင်ထည့်သွင်း၍ ဆက်လက်ရောင်းချနေမှုကို ထိရောက်သည့်ပြစ်ဒဏ်ပေးရန် လိုအပ်သည့် အခြေအနေ၊ ဓာတုဗေဒနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်များအား ကြီးကြပ်ထိန်းချုပ်နိုင်ရန် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေအနေတို့ကို ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဖေဖော်ဝါရီလအတွင်း တိုင်ကြားမှုများကို လက်ခံဖြေရှင်းခဲ့သည့်အခြေအနေ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည့်အခြေအနေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့သည့် အခြေအနေနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။

**ခင်မြဦး (စားသုံးသူ) ရန်ကုန်**

# ရေဦးမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ မြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို ခရိုင်၊ ရေဦးမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနအပါအဝင် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ မတ်လ ၂ ရက်တွင် ရေဦးမြို့မစည်ပင်သာယာဈေးနှင့် ဈေးပတ်ဝန်းကျင်ရှိ ဆေးအရောင်းဆိုင် ခုနစ်ဆိုင်၊ မြို့ပေါ်ရပ်ကွက်များရှိ ဆေးအရောင်းဆိုင်ခြောက်ဆိုင် စုစုပေါင်း ၁၃ ဆိုင်သို့ ကွင်းဆင်းပြီး မှတ်ပုံတင်အမှတ်မပါရှိသော ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ၊ ရက်လွန်ဆေးဝါးများ ရောင်းချမှုရှိ၊ မရှိကိုလည်းကောင်း၊ ရောင်းချခွင့်လိုင်စင် ရှိ၊ မရှိကိုလည်းကောင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဗူးများ ရှိ၊ မရှိကိုလည်း ကောင်း လှည့်လည်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အောင်ဆန်းရပ်ကွက်ရှိ သစ္စာမွန်ဆေးဆိုင်သည် ဆေးဝါးရောင်းချသူလိုင်စင်အပြင် ထိန်းချုပ်ဆေးဝါးရောင်းချခွင့်လိုင်စင်ကိုပါ ပြုလုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရပြီး ကျန်ဆိုင်များမှာ ဆေးဝါးရောင်း ချသူလိုင်စင်များ ပြုလုပ်ထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ စတားဝမ်း ဆေးဆိုင်တစ်ဆိုင်သာလျှင် ဆေးဝါးရောင်းချသူလိုင်စင် သက်တမ်းကုန်ဆုံး နေ၍ သက်တမ်းတိုးဆောင်ရွက်ရန် စည်းရုံးဆွေးနွေး ပညာပေးခဲ့ကြောင်း၊ ဆေးဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးသတ်ဆေးဗူးများ ချိတ်ဆွဲထားရန် စည်းရုံးဆွေးနွေးခဲ့ကြောင်း၊ ဆေးဆိုင်များအားလုံး မှတ်ပုံတင်အမှတ်မပါရှိသော ဆေးဝါးများ၊ တားမြစ်ဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ၊ ရက်လွန် ဆေးဝါးများ ရောင်းချမှုမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ယခုကဲ့သို့ပင် နောင်တွင်လည်းရောင်းချခြင်းမပြုကြရန် ဆွေးနွေးပညာပေးခဲ့ကြောင်း၊ ယခု အကြိမ်သည် ပညာပေးဆောင်ရွက်သည့်အကြိမ်ဖြစ်ပြီး ဒုတိယအကြိမ်တွင် တွေ့ရှိပါက သိမ်းဆည်းဖျက်ဆီးမည်ဖြစ်ကာ တတိယအကြိမ်တွင် ဆက်လက်တွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သည်အထိ ပြုလုပ်မည်ဖြစ် ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**အောင်ညွှန့်(ရေဦး)**


■

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ပေါ်ရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပြီး မတ် ၆ ရက်တွင် ရွှေဘိုမြို့ပေါ်ရှိ ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင် ၁၀ ဆိုင်တွင် စံမညီဆေးဝါးများ၊ တရားမဝင်ဆေးဝါးများ၊ ဆေးဝါးအတုများနှင့် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြပါတယ်။

စစ်ဆေးရာ၌ တိုင်းရင်းဆေးဝါးအနေဖြင့် ဆေးဆိုင် ၁၀ ဆိုင်တွင် နှစ်ဆိုင်၌ မေတ္တာရှင်အမှတ်တံဆိပ် လေးဘက်နာ၊ အဆစ်အမြစ်နာ၊ ဂေါက်ရောဂါနှင့် အကိုက်အခဲပျောက် တိုင်းရင်းဆေးဝါးများရောင်းချနေသည်ကို တွေ့ရှိရသဖြင့် ၎င်းဆေးသည် Diclofenac ရောနှောပါဝင်သည့်အတွက် အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် သုံးစွဲရန်မသင့်ကြောင်း ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အများပြည်သူသိရှိရန် အသိပေးကြေညာပြီးဖြစ်၍ မရောင်းချရန်နှင့် အနောက်တိုင်းဆေးဝါးအနေဖြင့် ဆေးဆိုင် ၁၀ ဆိုင်တွင် ခြောက်ဆိုင်၌ သက်တမ်းလွန်ဆေးဝါး ၆၃ မျိုးနှင့် FDA ထောက်ခံချက်မရှိသည့်ဆေးဝါး နှစ်မျိုးစစ်ဆေးတွေ့ရှိသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရွှေဘိုခရိုင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင်(ရွှေဘို)**



စာမျက်နှာ (၁၄) ➤➤➤ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် ······ မှ အဆက်

### ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲမှု

၂၀၀၀ ပြည့်လွန်နှစ်များမှစတင်၍ ဆန်စပါးစိုက်ခင်းများတွင် နိုက်ထရိုဂျင် ဓာတ်မြေဩဇာအသုံးပြုမှုမှာ တစ်ဟက်တာလျှင်၁၈၀ ကီလိုဂရမ်နှုန်းဖြစ်ပြီး ကမ္ဘာ့ ဓာတ်မြေဩဇာအသုံးပြုမှုထက် ၇၅ ရာခိုင်နှုန်းသာလွန်နေသည်ကို တွေ့ရပါသည်။ အချို့ကိစ္စရပ်များတွင် ဓာတ်မြေဩဇာ အလွန်အကျွံ သုံးစွဲမှုသည် အပင်ရှင်သန်ဖြစ်ထွန်းမှုနှင့် ပိုးမွှားရောဂါ ကျရောက်မှုခံနိုင်ရည်ကို မြင့်တင်စေနိုင်သော်လည်း အထွက်နှုန်းကိုကား လျော့နည်းစေသည်။

### ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှု

ပျမ်းမျှအားဖြင့် တရုတ်နိုင်ငံမှ စပါးစိုက်တောင်သူများသည် ပိုးမွှားကျရောက်ခြင်းကြောင့် သီးနှံဆုံးရှုံးမှုကို စိုးရိမ်ကြသည့်အတွက် ပိုးသတ်ဆေးများကို ၄၀ ရာခိုင်နှုန်းထက်ပိုကာ အလွန်အကျွံသုံးစွဲကြသည်။ ကိစ္စရပ်အတော်များများတွင် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုသည် ဆန်စပါး၏ ဂေဟစနစ်ကို လျော့ကျစေခြင်း၊ သီးနှံဖျက်ပိုးများကို နှိမ်နင်းပေးသည့် အကျိုးပြုသတ္တဝါများကို သေစေခြင်း စသည့်အကြောင်းများကို ဖြစ်ပွားစေနိုင်ခြင်းကြောင့် သီးနှံဖျက်ပိုးမွှား ကျရောက်ခြင်းကို ပိုမို အားပေးသကဲ့သို့ပင် ဖြစ်နေသည်။

### ရေသွင်းစိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အဦများ ယိုယွင်းလာမှု

တရုတ်နိုင်ငံ၏ ရေသွင်းစိုက်ပျိုးရေးဆိုင်ရာ အခြေခံ အဆောက်အဦအများစုမှာ ၁၉၇၀ ပြည့်လွန်ကာလများကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကတည်းကပင် တည်ရှိပြီး ရေသွင်းစိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အဦများကို ပြုပြင် ထိန်းသိမ်းခြင်းနှင့် အသစ်များအစားထိုးတပ်ဆင်ခြင်းတို့မှာ လွန်စွာ ရှားပါးသည်။ ရေသန့်အရင်းအမြစ်များ လျော့နည်းကျဆင်းလာမှုပြဿနာရပ်များသည် တရုတ်နိုင်ငံ၏ ရေသွင်းစပါးစိုက်ပျိုးသည့် မြေဧရိယာများကို ကြီးမားစွာ ထိခိုက်စေခဲ့ပါသည်။

### လျော့ရဲသည့် သီးနှံစီမံခန့်ခွဲမှုများ

လုပ်သားရွှေ့ပြောင်းမှုများနှင့် လုပ်အားခများ မြင့်တက်လာခြင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် လုပ်သားသွင်းအားစု များလျော့ကျလာမှုတို့သည် အပေးအယူဖြင့် ညှိယူဆောင်ရွက်သည့် သီးနှံစီမံခန့်ခွဲမှုများအဖြစ် အကျိုးသက်ရောက်စေပြီး အထွက်နှုန်းကို လျော့ကျစေပါသည်။

### မြေနှင့် ရေအခက်အခဲများ

တရုတ်နိုင်ငံတွင် ရေအရင်းအမြစ်နှင့် မြေယာရရှိနိုင်မှု အခက်အခဲများကြောင့် ဆန်စိုက်ပျိုးထုတ်လုပ်နိုင်မှုသည် အချိန်အတော်ကြာကျဆင်းခဲ့ပြီး စက်မှုလုပ်ငန်း ပြောင်းလဲတည်ဆောက်ခြင်းကိုသာ ဦးတည်နေပါသည်။ ဆန်၊ စပါး စိုက်ပျိုးသောမြေနေရာ အကျယ် 74 million acres တွင် အထွက်နှုန်း ၃၀ မီလီယံဟက်တာအထိ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မကြာသေးမီနှစ်များအတွင်း နှစ်စဉ်ပြုလုပ်လာနိုင်ခဲ့ပြီး အဆိုပါ ကာလမတိုင်မီ ၁၉၇၆ ခုနှစ်တွင် ၃၆ မီလီယံဟက်တာ (89 million acres) မှ ၂၀၀၃ ခုနှစ်တွင် ၂၇ မီလီယံဟက်တာ (67 million acres) သို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။ မြို့ပြဖွံ့ဖြိုးမှုပုံစံသို့ ပြောင်းလဲလာခြင်း၊ ကောက်ပဲသီးနှံအမျိုးမျိုး ထုတ်လုပ်လာခြင်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းတို့သည် အဆိုပါ ကျဆင်းမှု၏ အဓိက အကြောင်းအရာများ ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးမြေယာများ အရည်အသွေးလျော့ကျမှုသည် တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်မှု၏ အဓိကရေရှည်ထုတ်ပြန်ချက်တစ်ရပ်ဖြစ်ပြီး မကြာသေးမီက ညစ်ညမ်းသောရေများကို အသုံးပြုပြီးစိုက်ပျိုးခြင်းနှင့် လယ်ယာမြေများ၏ ငါးပုံတစ်ပုံနီးပါးသည် စက်ရုံများ၏စွန့်ပစ်အညစ်အကြေးများကြောင့် ညစ်ညမ်းစေမှုများဖြစ်စေခဲ့ကြောင်း တရုတ်အစိုးရမှ ထုတ်ပြန်ချက်ချမှတ်ခဲ့ပါသည်။ ဟူနမ်ပြည်နယ် ဆန်စပါးစိုက်ပျိုးသော နေရာများတွင် အန္တရာယ်ရှိသော သတ္တုများကို တွေ့ရှိခဲ့ပြီး ၎င်းပြည်နယ်မှ သဘော်ဖြင့် ကုန်



တင်ပို့မှုကို ပိတ်ပင်ရန် Guangdong ၏ ပြည်နယ်အစိုးရက ထုတ်ပြန်ချက်ချမှတ်ထားကြောင်း သိရသည်။

### တရုတ်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုနှင့် ထွက်ရှိမှု အခြေအနေ

ဆန်သည် ကမ္ဘာပေါ်တွင်ပြောင်းပြီးလျှင် ဒုတိယအရေးပါဆုံးသော နှံစားသီးနှံဖြစ်သည်။ လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်၏ ရိတ်သိမ်းချိန် ရာသီတွင် ကမ္ဘာအနှံ့အပြား၌ ကြိတ်ခွဲပြီးဆန်ထုတ်လုပ်မှုမှာ မက်ထရစ်တန် သန်းပေါင်း ၄၈၂ သန်းရှိသည်။ အစဉ်အလာအားဖြင့် အာရှတိုက်သည် ကမ္ဘာ့ဆန်စပါးထုတ်လုပ်မှု၏ အကြီးမားဆုံးသော ဝေစုကို ရရှိပိုင်ဆိုင်ထားသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် တရားဝင်စာရင်းဇယားများအရ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု မက်ထရစ်တန်ချိန် သန်းပေါင်း သန်း ၂၁၀ဖြင့် ကမ္ဘာ့ဆန်ထုတ်လုပ်မှုတွင် ပထမအနေဖြင့် ဦးဆောင်နေပြီး အိန္ဒိယက ဒုတိယအနေဖြင့် ရပ်တည်နေသည်။ တရုတ်နိုင်ငံသည် ၂၀၁၃-၁၄ ခုနှစ်အတွင်း ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။ တရုတ်၏ ဆန်ထုတ်လုပ်မှု တိုးတက်လာခြင်းသည် အဆိုပါ ကာလတစ်လျှောက် နှစ်စဉ် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာပြီး ၂၀၁၂-၁၃ ခုနှစ်တွင် မက်ထရစ်တန် ၁၄၂ ဒသမ ၅ သန်းထိရှိခဲ့သည်။ ထိုကဲ့သို့ ထုတ်လုပ်မှုမြင့်မားလာသော်လည်း ပြည်တွင်းစားသုံးမှုအပေါ် ထောက်ပံ့ရန်ထက်ဝယ်လိုအား မြင့်တက်လာပြီး ဆန်ပိုလျှံမှုမှသည် လိုငွေပြသည်အထိ ဖြစ်လာခဲ့ကြောင်း လေ့လာသိရှိရသည်။

တရုတ်နိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် ပြည်တွင်းနှင့် ဒေသတွင်း လိုအပ်ချက် ပြည့်မီစေရန် ကာလရှည်စပါးမှ ကာလလတ်၊ ကာလ လတ်စပါးမှ ကာလတိုစပါးအမျိုးမျိုး ပြောင်းလဲထုတ်လုပ်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဆန်ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံသည် ကာလလတ်နှင့် ကာလတိုဆန်စပါးများကို အသုံးပြုကြောင်း သိရသည်။ စင်စစ်အားဖြင့် ဆန်စပါးစိုက်ပျိုးရာမြေယာများကို ဆည်ရေပေးစနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမြေ၏ သုံးပုံနှစ်ပုံနီးပါးတွင် နှစ်မျိုးစပ်စိုက်ပျိုးသည်ဟု သိရသည်။ ထိုသို့ စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးကြကာ မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲခြင်းဖြင့် တရုတ်၏ ဆန်စပါးထုတ်လုပ်မှုသည် ဟက်တာတစ်ခုလျှင် ၆ ဒသမ ၆ မီတာနှင့်အထက် တိုးတက်ဖြစ်ထွန်းလာကြောင်းနှင့် ထိုကဲ့သို့ထုတ်လုပ်နိုင်မှုသည် အာရှနိုင်ငံများအကြား အမြင့်မားဆုံး ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဆန်စက်မှုလုပ်ငန်းများသည် လယ်ယာစိုက်ပျိုးရာနေရာများနှင့် ကြိတ်ခွဲခြေလှေ့ရာနေရာများ၌ ပထဝီအနေအထား အလိုက် တည်ရှိကြပြီး သမိုင်းအစဉ်အလာအရ labor intensive enterprises များနှင့် လုပ်ငန်းငယ်များ ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် လူ့အရင်းမြစ်များနှင့် သဘာဝအရင်းမြစ်များဖြစ်သည့် လုပ်သား၊ မြေယာနှင့် ရေစသည့် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းအပေါ် တန်ပြန်ဆောင်ရွက်ချက်အနေဖြင့် capital intensive enterprises များသို့ ပြောင်းလဲလုပ်ဆောင်လာကြကြောင်း၊ အစားအသောက် လုံခြုံဘေးကင်းစေရေးနှင့် တရုတ်နိုင်ငံ၏ စက်ရုံ အလုပ်ရုံများကို ခေတ်မီတိုးတက်စေရေးအလို့ငှာ အစိုးရအနေဖြင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်မျိုးစပ်ဆန်စပါးမျိုးစုံ တိုးတက်လာရေး၊ အထောက်အပံ့ များပေးရေးနှင့် ဈေးနှုန်းအရထောက်ပံ့ဆောင်ရွက်ပေးရေးတို့အပေါ် လွယ်ကူချောမွေ့မှုရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်မှုများကြောင့် တရုတ်နိုင်ငံ စက်ရုံအလုပ်ရုံများသည် အခြားသော ဆန်စပါးအဓိကထုတ်လုပ်သည့် အာရှဒေသရှိနိုင်ငံများထက် ပိုမိုမြင့်မားစွာ ကုန်ထုတ်လုပ်မှုများပြားလျက်ရှိကြောင်း ဖော်ပြထားသည်။

ဆန်စပါးကြိတ်ခွဲခြေလှေ့သည့်ကဏ္ဍတွင် ကြိတ်ခွဲခြေလှေ့စက် ၁၀၀၀၀၀ ခန့်ဖြင့် ဖွဲ့စည်းထားပြီး ဆန်စပါးထွက်ရှိရာဒေသရှိမြို့ များတွင် အဓိကအားဖြင့် တည်ရှိကြောင်း သိရသည်။ သို့သော်လည်း အဆိုပါကဏ္ဍအား ပိုမိုခိုင်မာစေရန်နှင့် စဉ်ဆက်မပြတ် ခေတ်မီစေရေးအတွက် ပိုမိုကောင်းမွန်သော အခြေခံအဆောက်အဦနှင့် တန်ဖိုးပြောင်းလဲခြင်း အဆင့်တို့ကဲ့သို့သော မြို့ပြပုံစံဖြစ်ပေါ်လာစေရေးနှင့် ဝင်ငွေအဆင့်မြင့်မားလာစေရေးတို့ကို တွန်းအားပေးလုပ်ဆောင်လျက် ရှိကြောင်း သိရသည်။ ထို့အပြင် တည်ရှိပြီးသောလုပ်ငန်း ဆောင်တာများကို အဆင့်မြှင့်တင်ရန်နှင့် ပိုမိုကြီးမားလာစေရန် ရင်းနှီးမြှုပ်နှံမှုများအဖြစ် လုပ်ငန်းသစ်များ ပေါင်းစပ်ပါဝင်လာလျက်ရှိကြောင်းကိုလည်း ဖော်ပြထားသည်။

တရုတ်ဆန်စပါးများ၏ တန်ဖိုးပြောင်းလဲမှုကွင်းဆက်တွင် ပါဝင်သူအများအပြားရှိပြီး စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ၎င်းတို့၏ ဆန်စပါးများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့လည်းကောင်း၊ ပြည်နယ်ပိုင် ဆန်စပါးသိုလှောင်ရုံများသို့လည်းကောင်း၊ လုပ်ငန်းစဉ် ဆောင်ရွက်ပေးသူများသို့လည်းကောင်း၊ စားသုံးသူများသို့လည်းကောင်း ရောင်းချနိုင်သည်။ ထိုမှအဆင့်ဆင့်ရောင်းချလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ပြည်နယ် ဆန်စပါးထိန်းချုပ်ရေးအသင်းအနေဖြင့်လည်း အစိုးရ၏ဝယ်ယူမှု၊ သိုလှောင်သိမ်းဆည်းမှုနှင့် ဆန်စပါးထောက်ပံ့ပေးသည့်သူများကို စီမံခန့်ခွဲမှုတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၂၅ သန်း သိမ်းဆည်းထားရှိခဲ့သော်လည်း ပြတ်လပ်မှုရှိခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် သန်း ၅၀ တိုးမြှင့်သိမ်းဆည်းရန် လျာထားခဲ့ကြသည်။ ဆန်ခွဲဝေဖြန့်ဖြူးရေးကဏ္ဍအနေဖြင့် အလယ်ပိုင်းဒေသများရှိ ချိတ်ဆက်လျက်ရှိသော လုပ်ငန်းအရေအတွက်ကို လျှော့ချခြင်းနှင့် value chain ကို ခေတ်မီစေရန်အတွက် ပထဝီအနေအထားတစ်ခုချင်းစီ ၏ တိုးချဲ့ဆောင်ရွက်လာမှုများကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများ လျင်မြန်စွာတိုးတက်လာသည့်အတွက် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များကို လျှော့ချနိုင်သည့်အပြင် အရည်အသွေးမြင့်မားလာသောကြောင့် ယှဉ်ပြိုင်နိုင်မှုကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။

### ဆန်စပါးထုတ်လုပ်မှု အခွင့်အလမ်းများ

တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် Indica ဆန်စပါးမျိုးအုပ်စုအတွက် မျိုးပွားမှုလုပ်ငန်းစဉ်များအား စမ်းသပ်ပြင်ဆင်ဆောင်ရွက်ခြင်းတွင် ကမ္ဘာ့နံပါတ် (၁) နေရာမှ ရပ်တည်နေပြီး Indica ဆန်စပါး မျိုးအုပ်စုသည် အာရှတိုက်ဒေသအတွင်း အကျယ်ပြန့်ဆုံး စိုက်ပျိုးလေ့ရှိသည့် မျိုးအုပ်စုဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏အောင်မြင်မှုသည် အာရှတိုက်သား ဆန်ထုတ်လုပ်သူများနှင့် စားသုံးသူများအတွက် အကျိုးကျေးဇူးများစွာကို ဖန်တီးပေးမည့် အလားအလာများရှိနေကြောင်း သိရသည်။

ဆက်လက်ဖော်ပြပါမည်။

# ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ မဲခွဲ၊ လီဗာပူးနှင့် မန်စီးတီး၊ ဂျူဗင်နှင့် ရီးရဲလ်တို့တွေ့ဆုံ







၂၀၁၇-၂၀၁၈ ဘောလုံးရာသီ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆွစ်ဇာလန်နိုင်ငံ နိုင်ယွန်မြို့တွင် မတ် ၁၆ ရက်က မဲခွဲခဲ့ရာ လီဗာပူးနှင့် မန်စီးတီး၊ ဂျူဗင်တပ်နှင့် ရီးရဲလ်တို့ ထိုက်တိုက်တွေ့ဆုံနေသည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲရွေးချယ်ခဲ့ရာတွင် ဆီဗီလာနှင့် ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်နှင့် ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာနှင့် ရိုးမား၊ လီဗာပူးနှင့် မန်စီးတီးတို့ တွေ့ဆုံနေသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ဘိုင်ယန်မြူးနစ်မှာ ဆီဗီလာနှင့် ဆုံတွေ့နေခြင်းကြောင့် ပွဲချောင်သည်ဟု ဆိုရမည်ဖြစ်သလို ဘာစီလိုနာမှာလည်း ရိုးမားနှင့် ဆုံတွေ့နေခြင်းကြောင့် ပွဲချောင်သည့် အနေအထားတွင် ရှိနေသည်။ သို့သော် ဂျူဗင်တပ်နှင့် ရီးရဲလ်တို့ဆုံတွေ့သည့် ပွဲမှာ ပွဲကြပ်တစ်ပွဲဖြစ်လာနိုင်ပြီး အင်္ဂလန် ပရီးမီးယားလိဂ် အသင်းများဖြစ်သည့် လီဗာပူးနှင့် မန်စီးတီးတို့ပွဲမှာလည်း အကြိတ်အနယ်ရှိလာမည့် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်သည်။

ကွာတားဖိုင်နယ်သို့ တက်လာနိုင်ခဲ့သည့် လီဗာပူးအသင်းမှာ ပေါ်တိုအသင်းကို နှစ်ကျော့ပေါင်း ၅-၀ ဂိုးဖြင့် လည်းကောင်း၊ ရီးရဲလ်အသင်းမှာ ပီအက်စ်ဂျီအသင်းကို နှစ်ကျော့ပေါင်း ၅-၂ ဂိုးဖြင့်လည်းကောင်း၊ ဂျူဗင်တပ်အသင်းက စပါးအသင်းကို နှစ်ကျော့ပေါင်း ၄-၃ ဂိုးဖြင့် လည်းကောင်း၊ မန်စီးတီးအသင်းက ဘေဆယ်အသင်းကို နှစ်ကျော့ပေါင်း ၅-၂ ဂိုးဖြင့် လည်းကောင်း၊ ဆီဗီလာအသင်းက မန်ယူအသင်းကို နှစ်ကျော့ပေါင်း ၂-၁ ဂိုးဖြင့် လည်းကောင်း၊ ဘာစီလိုနာအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ကျော့ပေါင်း ၄-၁ ဂိုးဖြင့် လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းက ဘက်ဆစ်တပ်အသင်းကို နှစ်ကျော့ပေါင်း ၈-၁ဂိုးဖြင့်လည်းကောင်း၊ ရိုးမားနှင့် ရှက်တာဒိုးနက်တို့မှာ နှစ်ကျော့ပေါင်း ၂-၂ ဂိုးဖြစ်ခဲ့သော်လည်း အဝေးဂိုးစည်းမျဉ်းအရ ရိုးမားက ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များအဖြစ် ဧပြီ ၃ ရက်ညတွင် ဆီဗီလာနှင့် ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်နှင့် ရီးရဲလ်မက်ဒရစ်၊ ဧပြီ ၄ ရက်ညတွင် ဘာစီလိုနာနှင့် ရိုးမား၊ လီဗာပူးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီးကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်များအဖြစ် ဧပြီ ၁၀ ရက် ညတွင် ရိုးမားနှင့် ဘာစီလိုနာ၊ မန်စီးတီးနှင့် လီဗာပူး၊ ဧပြီ ၁၁ ရက်ညတွင် ဘိုင်ယန်မြူးနစ်နှင့် ဆီဗီလာ၊ ရီးရဲလ်မက်ဒရစ်နှင့် ဂျူဗင်တပ်တို့ ကစားရမည်ဖြစ်သည်။

တစ်ဆက်တည်းတွင် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲခဲ့ရာ လိုက်ပ်ဇစ်နှင့် မာဆေး၊ အာဆင်နယ်နှင့် CSKA မော်စကို၊ အက်သလက်တီကိုနှင့်စပို့တင်းလစ္စဘွန်း၊ လာဇီယိုနှင့် ဆဲလ်ဘတ်တို့ ဆုံတွေ့နေသည်။ ■

# မာရှယ်ကို ဂျူဗင်တပ် ပစ်မှတ်ထား ရိုဂျိုကို မန်ယူအသင်းစာချုပ်သက်တမ်းတိုး

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် မန်ယူတောင်ပံကစားသမား မာရှယ်ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ဂျူဗင်တပ်အသင်းသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ၎င်းတို့ပထမဦးဆုံးခေါ်ယူမည့် ကစားသမားမှာ မာရှယ်ဖြစ်လာနိုင်ကြောင်းနှင့် ၎င်းကစားသမားကို ပေါင် ၅၇ သန်းပေးဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။





အဆိုပါပြင်သစ်နိုင်ငံသားမာရှယ်သည် မန်ယူအသင်းနှင့် ၂၀၁၉ ခုနှစ်အထိ စာချုပ်သက်တမ်းရှိနေသည်။ မန်ယူနည်းပြ မော်ရင်ဟိုသည် ကစားသမားအသုံးပြုမှုတွင် အလှည့်ကျပုံစံမျိုးရှိနေခြင်းကြောင့် မာရှယ်နှင့် ရက်ချ်ဖို့ဒ်တို့မှာ တစ်လှည့်စီ ပွဲထွက်ခွင့်ရရှိနေခြင်းဖြစ်သည်။

အသက်(၂၂)နှစ်ရှိ မာရှယ်သည် ၂၀၁၅ခုနှစ်က မိုနာကိုအသင်းမှ မန်ယူအသင်းသို့ရောက်ရှိလာပြီး ၈၂ပွဲတွင် ၂၄ ဂိုးသွင်းပေးထားသည်။ အခြားတစ်ဖက်တွင် မန်ယူအသင်းသည် နောက်ခံကစားသမား ရိုဂျိုကို ၂၀၂၁ခုနှစ်အထိ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်းသိရသည်။ မန်ယူအသင်းသည် ရိုဂျိုကို ၂၀၁၄ ခုနှစ်က စပို့တင်းအသင်းမှ ယူရိုသန်း ၂၀ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

# မန်စီးတီးကို အကောင်းဆုံး ရင်ဆိုင်သွားမည်ဟု ကလော့ပြောကြား



ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်တွင် အင်္ဂလန်ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ထိပ်တိုက်တွေ့ဆုံနေရာ မိမိတို့အနေဖြင့် မန်စီးတီးအသင်းကို အကောင်းဆုံးရင်ဆိုင်သွားမည်ဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ဂျာကင် ကလော့ပ်က ပြောကြားလိုက်သည်။

ကလော့ပ်က 'ဒီပွဲက အရမ်းကိုခက်ခဲတဲ့ ပွဲတစ်ပွဲဖြစ်လာမယ်ဆိုတာကို သိထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ မန်စီးတီးကို အကောင်းဆုံးရင်ဆိုင်ပြီး ဆီမီးဖိုင်နယ်တက်ရောက်နိုင်အောင် ကြိုးစားသွားမှာပါ။ မန်စီးတီးအသင်းက လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲ အမှတ်ပေးဇယားမှာ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ ဒီပွဲက ကွာတားဖိုင်နယ်အဆင့်ဆိုပေမယ့် ဗိုလ်လုပွဲလို သဘောထားပြီး ကစားသွားမှာပါ။ ကျွန်တော်တို့အသင်းဟာ မန်စီးတီးနဲ့ ဆုံတွေ့ရတာထက် ဘိုင်ယန်မြူးနစ်နဲ့ ဘာစီလိုနာတို့လို အသင်းတွေနဲ့ မဆုံတွေ့တာကိုပဲ ကံကောင်းတယ်လို့ ဆိုရမှာပါ'ဟုပြောကြားခဲ့သည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ အင်္ဂလန်နှစ်သင်းသာ တက်ရောက်နိုင်ခဲ့သော်လည်း အဆိုပါနှစ်သင်းမှာ ကွာတားဖိုင်နယ်တွင် ထိပ်တိုက်ဆုံတွေ့နေခြင်းကြောင့် ဆီမီးဖိုင်နယ်သို့ အင်္ဂလန်တစ်သင်းသာ တက်ရောက်နိုင်တော့မည်ဖြစ်သည်။




# ဘာစီလိုနာက ရိုးမားကို သက်သောင့်သက်သာဖြင့် အနိုင်ယူသွားဖွယ်ရှိဟု တော့တီဆို

ရိုးမားအသင်း ကစားသမားဟောင်း တော့တီက ဘာစီလိုနာအသင်းအနေဖြင့် မိမိတို့အသင်းကို ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် သက်သောင့်သက်သာဖြင့် အနိုင်ယူသွားဖွယ်ရှိနေကြောင်း ပြောကြားလိုက်သည်။

တော့တီက 'ကျွန်တော်တို့အသင်းဟာ ဥရောပထိပ်သီးရှစ်သင်းထဲမှာ ပါဝင်လာတာကိုတော့ အရမ်းပဲဝမ်းသာမိပါတယ်။ အသင်းတိုင်းက ကွဲပြားခြားနားမှုတွေ ကိုယ်စီရှိနေကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အသင်းဟာ ဘာစီလိုနာကို နောက်ကောက်ချနိုင်ဖို့ဆိုတာကတော့ စိတ်ကူးယဉ်အိပ်မက်တစ်ခုသာ ဖြစ်မှာပါ။ ဘာစီလိုနာမှာ မက်ဆီနဲ့ ဆွာရက်စ်တို့လို ကစားသမားကောင်းတွေရှိနေတာက အားသာချက်တစ်ခုပါ။ ပြိုင်ပွဲကို အကောင်းဆုံးပြင်ဆင်ပြီးကစားသွားမှာ ဖြစ်ပေမယ့် ဘာစီလိုနာရဲ့ ခြေစွမ်းကိုတော့ ယှဉ်နိုင်ဖို့မမြင်ပါဘူး။ ဒါပေမဲ့ ဘာစီလိုနာကို အကောင်းဆုံးယှဉ်ပြိုင်ကစားပြီး ကျွန်တော်တို့ရဲ့ ခြေစွမ်းကို ပြသချင်ပါသေးတယ်'ဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ရိုးမားအသင်းတို့မှာ ခြေစွမ်းချင်းကွာဟမှုရှိနေသလို ဘောလုံးကျွမ်းကျင်သူများကလည်း ဘာစီလိုနာ၏ ကွာတားဖိုင်နယ်ပွဲစဉ်မှာ အခက်အခဲမရှိနိုင်ဘဲ ပွဲချောင်လွန်းလှသည်ဟု သုံးသပ်မှုများရှိနေသည်။

ဟန်နေသစ် စုစည်းသည်

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX)အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

ယခင်တစ်ပတ်မှအဆက်

## ၁။ နောက်ခံ

### ၁၊၁။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံ (UNCTAD) တွင် GSP အစပြုဆောင်ရွက်ချက်ကို စတင်ခြင်း

၁၉၆၄ ခုနှစ်က UNCTAD ၏ ပထမဆုံး အထွေထွေ အတွင်းရေးမှူးချုပ်က ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ထိုနိုင်ငံများမှ သွင်းကုန်များအပေါ် ကင်းလွတ်ခွင့်များကို တစ်ဖက်သတ်ခွင့်ပြုပေးကြရန် စတင်အဆိုပြုခဲ့သည်။ ၎င်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်ကို ၁၉၆၈ ခုနှစ်တွင် နယူးဒေလီတွင် ကျင်းပပြုလုပ်သည့် UNCAD II ညီလာခံ၌ ဆုံးဖြတ်ချက်အမှတ် ၂၁(၂)ဖြင့် ချမှတ်ပေးခဲ့သည်။ ဤသို့ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို အထူးဦးစားပေးပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအပေါ် အထူးအလေးပေးသော ယေဘုယျသဘောဆောင်သည့် အပြန်အလှန် ကျင့်သုံးရန်မလိုသည့် ခွဲခြားဆက်ဆံမှုမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်စနစ် စတင်ပေါ်ပေါက်လာခဲ့သည်။

### ၁၊၂။ အခွင့်အရေးအများဆုံးရရှိသောနိုင်ငံအဖြစ် သတ်မှတ်ခြင်း (MFN) နှင့် အီးယူဈေးကွက်သို့ဝင်ရောက်နိုင်မှု

သို့စေကာမူ GATT/WTO ၏ အဖွဲ့ဝင်နိုင်ငံများအကြား အခွင့်အရေးအများဆုံးရရှိသောနိုင်ငံစနစ် (MFN) မူက အတားအဆီးတစ်ရပ် ဖြစ်နေခဲ့သည်။ အကြောင်းမှာ ၎င်းက GATT/WTO ၏ သတ်မှတ်အုပ်စုမှ အဖွဲ့ဝင်များအတွက် တစ်ဖက်သတ် ကုန်သွယ်မှုအခွင့်အရေးပေးခြင်းကို ယေဘုယျအားဖြင့် ကန့်သတ်တားမြစ်ထားသောကြောင့်ဖြစ်သည်။ GATT သဘောတူညီချက်ကို စတင်စဉ်းစားခဲ့စဉ်က ဒေသတွင်းကုန်သွယ်မှုသဘောတူညီချက်များ (၎င်းတို့တွင် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်များနှင့် အကောက်ခွန်အသင်းအဖွဲ့များ ပါဝင်သည် - GATT အပိုဒ်၊ ၁၄) ကိုသာ MFN အထွေထွေမူမှ ကင်းလွတ်ခွင့်ပြုထားခဲ့သည်။ ထို့ကြောင့် GATT/WTO ဆိုင်ရာ အထွေထွေကောင်စီက ၁၉၇၀ ပြည့်နှစ်တွင် အထူးကင်းလွတ်ခွင့်ကို ပြုလုပ်ပေးခဲ့ရပြီး GSP သည် အခွင့်အရေး အပေးဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းဆိုင်ရာ GATT/WTO မူများ၏ နောက်ထပ် ခြွင်းချက်တစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုပေးခဲ့ရသည်။ ဤကင်းလွတ်ခွင့်က စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် အကောက်ခွန်သက်သာကင်းလွတ်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန် ခွင့်ပြုခဲ့သည်။ ၎င်းမှာ အခွင့်အရေးပေးသည့် နိုင်ငံတစ်ခုစီက မည်သည့် (အကျိုးကျေးဇူးခံစားသည့်) ဖွံ့ဖြိုးဆဲနိုင်ငံသည် မိမိအစီအစဉ်တွင် အကျုံးဝင်မည်၊ မည်သည့်ကုန်ပစ္စည်းများ ပါဝင်မည်၊ ကျသင့် သည့် အကောက်ခွန်ကို မည်သို့ ဆုံးဖြတ်မည်ကို လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်နိုင်စေသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ ဂျပန်၊ နော်ဝေ၊ အမေရိကန်ပြည်ထောင်စု၊ တူရကီနှင့် ဆွစ်ဇာလန်တို့အပါအဝင် နိုင်ငံများစွာတွင် GSP ကို ကျင့်သုံးနေကြပြီဖြစ်ပြီး ကျယ်ပြန့်မှုနှင့် လွှမ်းခြုံမှုတို့မှာမူ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသည်။

အီးယူနှင့်ပတ်သက်၍ ဆိုပါက အီးယူဈေးကွက်သို့ ဝင်ရောက်သည့် ကုန်ပစ္စည်းများအတွက် အကျုံးဝင်သော အခြေခံကျသည့်ဖြစ်ရပ် ပုံစံ (၃)ခုရှိသည်။

- WTO MFN အခွန်အကောက်ဆိုင်ရာ သတ်မှတ်ချက်
- နှစ်ဦးနှစ်ဖက် သဘောတူညီချက်များအပေါ် အခြေခံသည့် အထူးအခွင့်အရေးပေးသော ဝင်ရောက်ခွင့် (ဥပမာ - လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်၊ အသင်းဖွဲ့စည်းခြင်း၊ သဘောတူညီချက်၊ စီးပွားရေး မိတ်ဖက်ပြုမှု သဘောတူညီချက်) နှင့်
- အီးယူ၏ တစ်ဖက်သတ်ချမှတ်ထားသော စည်းမျဉ်းများပေါ် အခြေခံပြီး အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်ပုံစံဖြင့် တစ်ဖက်သတ်ခွင့်ပြုထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးအခွင့်အရေးပေးဝင်ရောက်ခွင့်

### ၁၊၃။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် ၎င်းတို့အတွက် အထူးအခွင့်အရေးပေးခြင်း (လက်နက်မှလွဲ၍အရာရာတိုင်း)

ခြုံကြည့်ပါက GSP သည် အောင်မြင်မှုရှိကြောင်း လက်တွေ့ပြသနိုင်ခဲ့သော်လည်း နိုင်ငံအားလုံးအတွက်တော့ မဟုတ်ပါ။ အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် အခြားနိုင်ငံများထက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့သည်မှာတော့ အမှန်ဖြစ်သည်။ ၎င်းတို့၏ ထုတ်ကုန်များသည် ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့ အဓိက ဈေးကွက်ကြီးများတွင် ပိုမိုလွှမ်းမိုးနေရာယူလာနိုင်ခဲ့ကြသည်။ နောက်ထပ်ဖြစ်ရပ်တစ်ခုကလည်း စီးပွားရေးအခြေခိုင်မာသည့် ပိုမိုအဆင့်မြင့်သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခွင့်အလမ်းသာစေခဲ့သည်။ GSP သဘောတရားကို စတင်ခဲ့ပြီးနောက်ပြုလုပ်ခဲ့သည့် WTO အဓိက ဆွေးနွေးပွဲကြီးနှစ်ကြိမ်နှင့် ကဏ္ဍအလိုက် ရည်ရွယ်သည့် အစပြု လုပ်ဆောင်ချက်များက စက်မှုလုပ်ငန်းထွက်ကုန်များအပြင် သွင်းကုန်ပစ္စည်းအားလုံးအတွက် အကောက်ခွန်နှုန်းထားများကို အကြီးအကျယ် ဖြတ်တောက်ပစ်ခဲ့သည်။ ဤဖြစ်ရပ်ကို 'အကောက်ခွန်ကမ်းပါးပြိုခြင်း'ဟု ခေါ်ဆိုကြသည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကနဦးတွင် အလွန်မြင့်မားနေသည့် အကောက်ခွန်နှုန်းထားများသည် တစ်ကမ္ဘာလုံးတွင် သွင်းကုန်အပေါ် အကောက်ခွန်နှုန်းထားများ လျှော့ချရန် ဘက်စုံဝိုင်းဝန်းကြိုးပမ်းမှုတွင် ပျော်ကျပြိုဆင်းသွားခြင်းဟု အဓိပ္ပါယ်ရသည်။

ဤဖြစ်ရပ်ကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် လက်ရှိစာရင်းဝင်နိုင်ငံများထက် ကုန်သွယ်မှုအခွင့်အရေးများကို ပိုမိုရရှိသင့်သည်ဟူသည့် အစပြုလုပ်ဆောင်ချက်သို့ ဦးတည်သွားစေခဲ့သည်။ ဤအစပြုလုပ်ဆောင်ချက်က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်းကို အလှူရှင်နိုင်ငံများက အပြည့်အဝ ပယ်ဖျက်ပေးခြင်းဖြင့် ၎င်းဖွံ့ဖြိုးမှုနည်းနိုင်ငံများ၏ စီးပွားရေးနှင့် စက်မှုအခြေခံတို့ကို ပိုမိုလျင်မြန်စွာ တိုးတက်လာစေပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆွဲဆောင်နိုင်စေရန်ဖြစ်သည်။ ဤနည်းအားဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ပေါင်းစည်းပါဝင်နိုင်ရန်နှင့် ထောင်စုနှစ် ရည်မှန်းချက်များ (MDGs) ကို ပိုမိုလျင်မြန်စွာ ပြည့်မီစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အီးယူသည် EBA ဆုံးဖြတ်ချက်ဟု ခေါ်ဆိုနိုင်သည့် ဆုံးဖြတ်ချက်အမှတ် (EC) 416/2001 ကို လက်ခံကျင့်သုံးခဲ့ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လက်နက်များနှင့် ခဲယမ်းမီးကျောက်များမှလွဲ၍ တင်သွင်းလာသည့် ထုတ်ကုန်ပစ္စည်းမှန်သမျှကို အရေအတွက် ကန့်သတ်ချက်မထားဘဲ အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်ပြုခဲ့သည်။ (အချိန်အတိုင်းအတာတစ်ခုအထိ ငှက်ပျောသီး၊ သကြားနှင့် ဆန်တို့ကို ခြွင်းချက်အဖြစ် ထားရှိခဲ့သည်။)

အီးယူသည် ၎င်း၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ ဆုံးဖြတ်ချက်ကို ကမ္ဘာတစ်ဝန်းလုံးရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကျိုးအရှိဆုံးကိစ္စအဖြစ် ယူဆခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် EBA မှ အကျိုးခံစားရသူများက EU သို့ တင်ပို့ကုန်တန်ဖိုး စုစုပေါင်းသည် ယူရို ၁၇ ဘီလီယံရှိခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကောက်ခွန်လျှော့ပေါ့ပေးသည့် EU ၏ အကောက်ခွန်သက်သာကင်းလွတ်ခွင့် အစီအစဉ်အရ တင်သွင်းခဲ့မှုများ အားလုံး၏ ၃၄ ရာခိုင်နှုန်းရှိခဲ့သည်။

ဆက်လက်ဖော်ပြပါမည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြား ကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ယခင်တစ်ပတ်မှအဆက်

(င) အများသုံးပစ္စည်းများအတွက် စစ်ဆေးချက်အောင်လက်မှတ် မတောင်းထားခြင်း၊ အခြားစာရွက်စာတမ်းများမရှိခြင်း။

(စ) အများသုံးနေရာများကိုအသစ်ဆောက်ခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်းများတွင် ကျန်းမာရေးစိစစ်မှုမပြုပါက။

(ဆ) အခန်းတွင်းလေပေးစနစ်မှာ နိုင်ငံတော်၏သတ်မှတ်ချက်များနှင့် မညီညွတ်ပါက၊ လေသန့် ပေးမှုစနစ်နှင့် သတ်မှတ်ချက်များ မညီညွတ်ပါက။

(ဇ) သတ်မှတ်ချက်အတိုင်း ကျန်းမာရေးလိုင်စင်ကို မကြေငြာပါက၊ ကျန်းမာရေးစစ်ဆေးချက်နှင့် အဆင့်အတန်းကို မကြေငြာပါက။

(ဈ) သတ်မှတ်ချက်အတိုင်း ကျန်းမာရေးလိုင်စင်စစ်ဆေးမှုမပြုပါက။

(၄) လုပ်ငန်းရှင်အနေဖြင့်မိမိလုပ်ငန်းတွင်းကျန်းမာရေးကဏ္ဍ၊ အရေးပေါ် ကိစ္စများကို အချိန်မီ မတားဆီးခြင်းကြောင့် အန္တရာယ်ပိုမိုကြီးလာခြင်း၊ လိမ်ညာခြင်း၊ အချိန်မီသတင်းပေးပို့မှု မပြုခြင်းတို့ရှိပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေဖြင့် ယွမ် ၅၀၀၀ အထက်၊ ယွမ် ၃၀၀၀၀ အောက် ဒဏ်တပ်နိုင်သည်။ အပြစ်ကြီးပါက လုပ်ငန်းရပ်တန့်စေခြင်း (သို့မဟုတ်) လိုင်စင်ရုပ်သိမ်းခြင်း၊ ဥပဒေအရအရေးယူခြင်းများလုပ်နိုင်သည်။

**အပိုင်း၆-ပူးတွဲ**

၅၃။ နိုင်ငံတော်အရည်အချင်းကြီးကြပ်ရေးနှင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနချုပ်ရုံးမှ ဤစည်းမျဉ်းစည်းကမ်းကို တာဝန်ယူရှင်းလင်းသည်။

၅၄။ ဤစည်းမျဉ်းစည်းကမ်းမှာ ----- ခုနှစ် ----- လ ----- ရက်နေ့မှစ၍ကျင့်သုံးသည်။

❑

# သီရိလင်္ကာနှင့် စင်ကာပူနိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆို

နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားပေးမြှင့်တင်သွားရန်အတွက် သီရိလင်္ကာနှင့်စင်ကာပူနိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်အား စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၏ သီရိလင်္ကာနိုင်ငံသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း သီရိလင်္ကာနိုင်ငံက ကိုလံဘိုမြို့တွင် ဇန်နဝါရီ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူစာချုပ်တွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်း၊ ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် အစိုးရဝယ်ယူမှုများပါဝင်ကြောင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်းသည် စင်ကာပူနိုင်ငံမှ သီရိလင်္ကာနိုင်ငံအား အိန္ဒိယသမုဒ္ဒရာအတွင်း လျင်မြန်စွာတိုးတက်လာမည့် အလားအလာရှိသော ကုန်သွယ်ရေး အချက်အချာနေရာတစ်ခုအဖြစ် အသိအမှတ်ပြုကြောင်းပြသလိုက်ခြင်းလည်းဖြစ်သည်။

သဘောတူစာချုပ်အရ သီရိလင်္ကာနိုင်ငံသည် ၁၅ နှစ်အတွင်း ကုန်စည်လိုင်းပေါင်း ၈၀ ရာခိုင်နှုန်းအား အကောက်ခွန်ဖယ်ရှားပေးရမည်ဖြစ်သော်လည်း သီရိလင်္ကာအနေဖြင့် ဈေးသက်သာသော လူသုံးကုန်ပစ္စည်းများနှင့် သွင်းအားစုများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာခြင်းတို့မှတစ်ဆင့် အကျိုးအမြတ်များ ရရှိလာမည်ဖြစ်သည်။

ထို့အပြင် စင်ကာပူနိုင်ငံသည် ၂၀၁၈ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ရာ သီရိလင်္ကာနိုင်ငံအား RCEP တွင် ပါဝင်လာရေး အထောက်အပံ့ပေးသင့်ကြောင်းနှင့် RCEP တွင် ပါဝင်လာခြင်းဖြင့် သီရိလင်္ကာနိုင်ငံအနေဖြင့် ကြီးမားသော ဒေသတွင်းဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံ၏ အဓိကဦးစားပေးအချက်မှာ စင်ကာပူနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သီရိလင်္ကာသို့ ပိုမိုစီးဝင်လာရေးဖြစ်သည်။ စာရင်းအင်း အချက်အလက်များအရ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံ၏ FDI စုစုပေါင်းတွင် စင်ကာပူနိုင်ငံမှ ၅ ဒသမ ၃ ရာခိုင်နှုန်းသာ ပါဝင်သည်။ သီရိလင်္ကာ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် အခြေခံအဆောက်အဦ၊ နည်းပညာ ဝန်ဆောင်မှု၊ ခရီးသွား လုပ်ငန်းနှင့် ပညာရေးကဏ္ဍများတွင် စင်ကာပူမှ FDI များရရှိရန် ဦးတည်ထားပါသည်။

သီရိလင်္ကာနိုင်ငံအနေဖြင့်စင်ကာပူနိုင်ငံ၏ Sustainable FDI-led development ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့လာသိရှိရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း၊ စင်ကာပူ၏ Economic Development Board (EDB) သည် ၎င်း၏ ပြည်ပရုံးခွဲကွန်ရက်ချိတ်ဆက်မှုကြောင့် ထင်ရှားသောအဖွဲ့အစည်းဖြစ်သဖြင့် EDB ၏ ကျွမ်းကျင်မှု အတွေ့အကြုံများကို အတုယူလေ့လာ၍ သီရိလင်္ကာ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့အား ပြန်လည်ဖွဲ့စည်းသင့်ကြောင်းနှင့် သီရိလင်္ကာအနေဖြင့် စင်ကာပူ လုပ်ငန်းများမှ အသိပညာဗဟုသုတများ ရယူနိုင်ကြောင်း သိရှိရပါသည်။

ဒါ့အပြင် သီရိလင်္ကာအနေဖြင့် စင်ကာပူနိုင်ငံသို့ တင်ပို့သည့် ကျောက်မျက်ရတနာ၊ သန့်စင်ပြီး ရေနံ၊ အထည်အလိပ်၊ လျှော်တို့ကို အဓိကတင်ပို့ပြီး လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် ဝန်ဆောင်မှုများ တင်ပို့လျက်ရှိပါသည်။ သီရိလင်္ကာနိုင်ငံ လုပ်ငန်းများသည် FTA ကြောင့် အစိုးရအထောက်အပံ့ပေးထားသည့် အာဆီယံနှင့် တရုတ်မှ သွင်းကုန်များ စင်ကာပူမှတစ်ဆင့် ဝင်ရောက်လာမည်ကို စိုးရိမ်လျက်ရှိသည်။ FTA ၏ ပင်ရင်းနိုင်ငံ စည်းမျဉ်းအရ စင်ကာပူတွင် တန်ဖိုး မြှင့်ထုတ်လုပ်မှုမှာ အနည်းဆုံး ၃၅ ရာခိုင်နှုန်း ပါဝင်ရမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ high-income market သို့ တင်ပို့နိုင်ရန်အတွက် သီရိလင်္ကာလုပ်ငန်းများအနေဖြင့် စံချိန်စံညွှန်းနှင့် အရည်အသွေး သတ်မှတ်ချက်ဆိုင်ရာ ဗဟုသုတများ ပိုမိုတိုးပွားလာစေရန် ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါ FTA ကြောင့် စင်ကာပူနိုင်ငံအနေဖြင့်လည်း စီးပွားရေးအကျိုးအမြတ်များ မလွဲမသွေ ရရှိမည်ဖြစ်ပြီး စင်ကာပူလုပ်ငန်းများသည် သီရိလင်္ကာနိုင်ငံ၏ အစိုးရဝယ်ယူမှု စီမံချက်အကြီးစားများတွင် လေလံဝင်ရောက်ယှဉ်ပြိုင်ခွင့်များ ရရှိလာမည်ဖြစ်ပါသည်။

ထို့အပြင် ယခုFTA အရစင်ကာပူရင်းနှီးမြှုပ်နှံသူများအား ခွဲခြားဆက်ဆံမှုများမှ အကာအကွယ်ပေးသွားမည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ ရရှိလာမည်ဖြစ်ပါသည်။ လက်ရှိတွင် စင်ကာပူလုပ်ငန်း ၉၀ ခန့်သည် သီရိလင်္ကာ၏ ဆောက်လုပ်ရေး၊ အခြေခံအဆောက်အဦ၊ ကုန်ထုတ်လုပ်မှု၊ အစားအသောက်နှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

**သတင်းရင်းမြစ်။ The Diplomat**

**ကေခိုင်ကျော် (နှစ်နိုင်ငံ)**

# အာမခံလုပ်ငန်းများ ပိုမိုပေါင်းစည်းလျက်ရှိသော အာဆီယံ လုပ်ငန်းများပေါင်းစည်းရေးအတွက် အခြေခံကောင်းများ

| သိန်းမြင့်ဝေ |

ပထဝီဝင်နိုင်ငံရေးဆိုင်ရာ မသေချာမှုများ (Geopolitical Uncertainties) ဖြစ်ပေါ်နေသော်လည်း အာမခံ လုပ်ငန်းများသည် လုပ်ငန်းအချင်းချင်းပေါင်းစည်းရန် သို့မဟုတ် ကုမ္ပဏီအချင်းချင်း ပေါင်းစပ်ရန် စိတ်အား ထက်သန်နေကြသည်။ ကုမ္ပဏီများပေါင်းစည်းခြင်း (Consolidation of Comparies) သို့မဟုတ် ကုမ္ပဏီတစ်ခုက အခြားကုမ္ပဏီတစ်ခုကို ဝယ်ယူခြင်းကို Mergers and Aquisitions (M & A) ဟူ၍ ခေါ်ဆိုပါသည်။ တစ်နည်းအားဖြင့် ကုမ္ပဏီနှစ်ခုကို တစ်ခုတည်းဖြစ်သွားအောင် ပေါင်းစပ်သည့် ဖြစ်စဉ်ကို M & A ဟူ၍ ခေါ်ဆိုသည်။ ၂၀၁၇ ခုနှစ်တွင် M & A လုပ်ဆောင်ချက်အများစုကို အာရှ-ပစိဖိတ်ဒေသတွင် ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ကမ္ဘာတစ်ဝန်းရှိအာမခံကုမ္ပဏီ ၈၄ ရာခိုင်နှုန်းသည် M & A လုပ်ဆောင်ချက်ကို တစ်ကြိမ်မှ သုံးကြိမ်အထိ ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း သိရှိရပါသည်။

အရှေ့တောင်အာရှဒေသရှိ ထွန်းသစ်စဈေးကွက် (Emerging Markets) သည် အာမခံကုမ္ပဏီကြီးများကို ဆွဲဆောင်လျက်ရှိသည်။ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တည်ငြိမ်ခြင်းကြောင့်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းသစ် (New Business Lines) လုပ်ကိုင်လိုသော အာမခံလုပ်ငန်းများ အတွက်လည်းကောင်း၊ ကုန်ဖြန့်လမ်းကြောင်းသစ် (New Distribution Channels) ရှာဖွေလိုသော အာမခံကုမ္ပဏီ များအတွက်လည်းကောင်း အရှေ့တောင်အာရှရှိ ကြီးမားသောဈေးကွက် (Sizable Population) ကို ရယူအသုံးချ နိုင်ပါသည်။ ရငွေအခြေခံကျယ်ပြန့်လာခြင်း (Wider Revenue Base) က အာမခံလုပ်ငန်းများအတွက် စကေး အလိုက် အကျိုးကျေးဇူး (Economies of Scale) နှင့် ကုန်ကျစရိတ်သက်သာခြင်းကို ဖြစ်စေသည်။ သို့သော်လည်း စည်းမျဉ်းစည်းကမ်းတင်းကျပ်ပြီး ပြိုင်ဆိုင်မှုရှိသော ဈေးကွက်အတွင်း Cost of Compliance ကြီးမြင့်နေခြင်းက အာမခံလုပ်ငန်းများ၏ အမြတ်ရရှိနိုင်မှုကို လျော့ကျစေပါသည်။ Cost of Complaince ဆိုသည်မှာ အာမခံ ကုမ္ပဏီများ သတ်မှတ်ထားသည့် စဉ်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ အတိုင်း လိုက်နာဆောင်ရွက်မှုရှိ၊ မရှိစစ်ဆေးရာတွင် ကုန်ကျသည့် စရိတ်ကို ဆိုလိုသည်။ စည်းကမ်းလိုက်နာစေရေးအတွက် ကျခံရသည့် ကုန်ကျ စရိတ်ဖြစ်ပါသည်။

လုပ်ငန်းတစ်ခုက အခြားမျိုးတူလုပ်ငန်းတစ်ခုကို ဝယ်ယူ၍ လုပ်ငန်းပေါင်းစပ်ခြင်း (Aquisitions) သည် နိုင်ငံခြားဈေးကွက်တစ်ခုအတွင်း စီးပွားရေးလုပ်ငန်းတစ်ခုကို မြန်မြန်စတင်နိုင်သည့် နည်းလမ်းဖြစ်ပါသည်။ အမေရိကန်အခြေစိုက် Prudential အာမခံကုမ္ပဏီသည် ၂၀၁၃ ခုနှစ်အတွင်းအာရှတိုက်သို့ Aquisitions ပုံစံဖြင့် ပထမဆုံးရောက်ရှိလာခဲ့သည်။ Prudential ကုမ္ပဏီက အာရှတိုက်ရှိ Thanachart Lift အသက်အာမခံကုမ္ပဏီကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ Thanachart Life ကုမ္ပဏီသည် Thanachart ဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ နောက်ပိုင်းတွင် Prudential အာမခံကုမ္ပဏီသည် Thanachart ဘဏ်နှင့် ပူးပေါင်း၍ မဟာဗျူဟာမြောက်အသက်အာမခံလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းက AIA အသက်အာမခံ ကုမ္ပဏီနှင့် ပြိုင်ဆိုင်နိုင်ရန် Prudential ကုမ္ပဏီအတွက် အခွင့်ကောင်းဖြစ်ခဲ့ပါသည်။ AIA သည် အာရှတိုက်တွင် လွန်ခဲ့သော နှစ်ပေါင်း ၇၀ မှစတင်လည်ပတ်ခဲ့သည့် အတွေ့အကြုံရှိသော အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်ပါသည်။

**M & A အတွက် လူကြိုက်များလာသောဒေသ**

အရှေ့တောင်အာရှဒေသသည် M & A အတွက် လူကြိုက်များလာသောဒေသဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း အာရှတိုက်၏ M & A ဆောင်ရွက်မှုအရေအတွက်မှာ အမြင့်ဆုံးသို့ရောက်ရှိပြီး စံချိန်တင်ခဲ့သည်။ အရှေ့တောင်အာရှဒေသအတွင်း M & A ဆောင်ရွက်ရာတွင် အမြင့်ဆုံးစံချိန်တင်ခဲ့သော နိုင်ငံမှာ ထိုင်းနိုင်ငံ ဖြစ်သည်။ ထိုင်းနိုင်ငံသည် ပြည်သူပိုင်လုပ်ငန်းများကိုလည်း M & A ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကကုမ္ပဏီများ၏ M & A ကိုလည်း အားပေးခဲ့သည်။ ထိုင်းနိုင်ငံ၏ ၂၀၁၆ ခုနှစ်အတွင်း M & A ပြုလုပ်မှုသည် ၂၀၁၅ ခုနှစ်ထက် သုံးဆ ပိုမိုများပြားခဲ့ပါသည်။ ကုမ္ပဏီများပေါင်းစည်းမှု (M & A) တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁ ဘီလီယံထိ ရောက်ရှိမြင့်တက်ခဲ့သည်။


အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အကောင်အထည်ဖော်ခြင်းကလည်း ထိုင်းကုမ္ပဏီများအား M & A ပိုမိုပြုလုပ်လာစေသည်။ ၂၀၁၅ ခုနှစ်မှစတင်၍ AEC သည် ဒေသဆိုင်ရာဈေးကွက်အခွင့်အလမ်းများစွာကို ပေးစွမ်းလျက်ရှိပါသည်။ အထူးသဖြင့် အာဆီယံဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိပြီး စားသုံးသူအရေအတွက်မှာ ၆၂၅ သန်းကျော်ရှိပါသည်။ ထို့ပြင် အာဆီယံဒေသအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဒေသဆိုင်ရာ ချိတ်ဆက်မှု (Regional Connectivity) ကို တိုးမြှင့်ဆောင်ရွက်နေပါသည်။ အာဆီယံသည် အိမ်နီးချင်းနိုင်ငံများ၏ အရင်းအနှီး လွတ်လပ်စွာ ရွှေ့ပြောင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Partnerships) က M & A ပြုလုပ်ရန် အခွင့်အလမ်းပိုမိုပွင့်လန်းလာပါသည်။

**လုပ်ထုံးလုပ်နည်း အပြောင်းအလဲများ**

AI A, Great Eastern နှင့် Prudential တို့သည် မလေးရှားနိုင်ငံ၏ အာမခံဈေးကွက်အတွင်း ထင်ရှားသော ကုမ္ပဏီကြီးများဖြစ်သည်။ ၂၀၁၆ ခုနှစ်အထိ မလေးရှားနိုင်ငံတွင် နိုင်ငံခြားကုမ္ပဏီများက ပိုင်ဆိုင်သော စုစုပေါင်း ဈေးကွက်ဝေစုမှာ ၈၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ မလေးရှားနိုင်ငံသည် အာမခံဈေးကွက်အတွင်း ပြည်တွင်းလုပ်ငန်းရှင်များ၏ ပါဝင်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံခြားသားရှယ်ယာပိုင်ဆိုင်မှုကို ကန့်သတ်လျှော့ချခဲ့ပါသည်။ မလေးရှားဗဟိုဘဏ်သည် ၂၀၁၈ ခုနှစ် ဇွန်လကုန်ပိုင်းမှစတင်၍ နိုင်ငံခြားသားပိုင် အာမခံလုပ်ငန်းများ၏ ရှယ်ယာပိုင်ဆိုင်မှုကို ၇၀ ရာခိုင်နှုန်းထက် ပိုမိုခွင့်မပြုရန် ညွှန်ကြားထားပါသည်။ မလေးရှားစတော့အိတ်ချိန်း တွင် စာရင်းဝင်ထားသော ကုမ္ပဏီများမှလွဲ၍ အခြားအာမခံကုမ္ပဏီများ၏ ရှယ်ယာရောင်းချမှုများကျဆင်းပြီး M & A ဆောင်ရွက်မှုကိုလည်း ထိခိုက်နိုင်သည်။

ကာလရှည်တွင် နိုင်ငံခြားသားရှယ်ယာပိုင်ဆိုင်မှုကို ကန့်သတ်သော ပေါ်လစီနှင့် လုပ်ငန်းလိုင်စင်ရယူရန် ခက်ခဲခြင်းတို့က အာမခံလုပ်ငန်း၏အနာဂတ်တိုးတက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။ လုပ်ထုံးလုပ်နည်းနှင့် ပေါ်လစီတင်းကျပ်မှုများက နိုင်ငံတကာ အာမခံလုပ်ငန်းကြီးများ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုကို ကျဆင်းစေပါသည်။ နောက်ဆုံးတွင် အဆိုပါလုပ်ငန်းကြီးများသည် စည်းမျဉ်းစည်းကမ်း မတင်းကျပ်သော နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြမည် ဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**


ALPINE
Purified Drinking Water
PROMISES PURITY
www.facebook.com/AlpineDrinkingWater
09- 730 971 36, 09- 730 971 37


ဝါးလိုက်တိုင်း
ချောကလက်တွေ
ဖောက်ကနဲပဲ
Oishi
Pillows
CHOCO-FILLED CRACKERS
Oishi
O.Wow!
oishimyanmar


LION နဲ့
အားဖြည့်ရင်း
ကံစမ်းလိုက်ပါ
Brand
NEW
MAZDA 2
LION
ENERGY DRINK
330ml
MAZDA2
Brand New Mazda 2 ၊ မော်တော်ဆိုင်ကယ် ၊ (၁၀၀၀၀)ကျပ် ၊ (၅၀၀၀)ကျပ် ၊ (၁၀၀၀)ကျပ် စသည့်
ငွေသားဆုမဲပေါင်းများစွာနှင့် အချိုရည်ဘူးလက်ဆောင်များ ကံစမ်းလိုက်ကြပါစို့ ...

COMMERCE INTERNATIONAL

# အမျိုးသားကုန်သွယ်မှု မြှင့်တင်ရေးအတွက် ဗီယက်နမ်က အမေရိကန်ဒေါ်လာ ငါးသန်းနီးပါးသုံးမည်

၂၀၁၈ ခုနှစ် အမျိုးသားကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်သည် အဓိကစီးပွားရေးကဏ္ဍများနှင့် ဈေးကွက်များကို အထောက်အကူပေးပြီး အဓိကထုတ်ကုန်အချို့၏ကုန်အမှတ်တံဆိပ်အမည်များ ဖွံ့ဖြိုးရေးအတွက် နှစ်စဉ်ဦးစားပေး၍ ဗီယက်နမ်နိုင်ငံက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်ဒေါင် ၁၀၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း) အတည်ပြုပေးထားပြီဖြစ်သော ဤအစီအစဉ်ဖြင့် စီမံကိန်းပေါင်း ၁၅၆ ခုကို အကောင်အထည်ဖော်သွားမည်။ ယင်းစီမံကိန်းများတွင် ပြည်ပသွင်းကုန်လုပ်ငန်းရှင်များကို ဖိတ်ကြားခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကိုပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ကုန်စည်ပြပွဲများကို ကျင်းပပေးခြင်း စသော လှုပ်ရှားမှုများပါဝင်သည်။

ထိုသို့သောလုပ်ငန်းများအပြင် အစီအစဉ်အရ ဒေသန္တရ ဈေးကွက်များ အထူးသဖြင့် ကျေးလက်၊ ဝေးလံခေါင်ပါးသော ဒေသများနှင့် တောင်ပေါ်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကုန်သွယ်ရေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများက ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကူအညီပေးရန်အတွက် ကာလ၏ စီမံကိန်း ၁၁ ခုကို အတည်ပြုပေးထားပြီဖြစ်ရာ ယခင်နှစ်အစီအစဉ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အစီအစဉ်တွင် အသွင်သစ်များကို ပိုမိုတွေ့ရမည်ဖြစ်သည်။

နှစ်ပေါင်းများစွာ အကောင်အထည်ဖော်လာခဲ့ပြီးနောက်ပိုင်း အမျိုးသားကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်သည် ဈေးကွက်များဖွံ့ဖြိုးရေးအတွက် ထိရောက်သောလမ်းကြောင်းတစ်ခု ဖြစ်လာသည်။ ၂၀၁၇ ခုနှစ်က ဆောင်ရွက်ခဲ့သော စီးပွားရေးလုပ်ငန်း ၇၀၀၀ သည် ယခုအစီအစဉ်၏ လှုပ်ရှားမှုများတွင် ပါဝင်လာသည်။ အစီအစဉ်နှင့်ပတ်သက်၍ ကျင်းပသော အခမ်းအနားများတွင် စုစုပေါင်း ကန်ထရိုက်စာချုပ်တန်ဖိုးနှင့် တိုက်ရိုက်ငွေပေးချေမှုပမာဏသည် နိုင်ငံခြားတိုင်းပြည်တွင် အမေရိကန်ဒေါ်လာ ၅၆၉ သန်းနှင့် ပြည်တွင်းဈေးကွက်တွင် ဗီယက်နမ်ဒေါင် ၃၂၄ ဘီလီယံရှိခဲ့သည်။

သားရေဖိနပ်လုပ်ငန်းကုမ္ပဏီများသည် အမျိုးသားကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်များကို ၁၄ နှစ် တက်ရောက်ခဲ့ပြီးနောက် အမှာစာသစ်များရရှိကာ ဈေးကွက်ကိုချဲ့ထွင် နိုင်ရုံသာမက သားရေဖိနပ်လုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းနိုင်ခဲ့သည်။




# ဂျပန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးအဖြစ် မစ္စတာကူရိုဒါ ထပ်မံအရွေးခံရ

ဂျပန်လွှတ်တော်သည် ဟီရှုဟိကို ကူရိုဒါအား ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဒုတိယသက်တမ်းအဖြစ် မတ် ၁၆ ရက်က ရွေးချယ်လိုက်ခြင်းဖြင့် ငွေကြေးတန်ဖိုးကျံ့မှုကို တိုက်ဖျက်ရန်နှင့် ကမ္ဘာ့တတိယနေရာတွင်ရှိနေသော ဂျပန်စီးပွားရေးကို မြှင့်တင်ရန်တာဝန်ပေးလိုက်ကြောင်း ဘီဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။

တစ်ချိန်က စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်ခဲ့သော ဂျပန်နိုင်ငံကို ကုန်ဈေးနှုန်းများကျဆင်းမှု အန္တရာယ်စက်ကွင်းမှ ဆွဲထုတ်နိုင်ရန် အာဘေးက သူ့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်မစ္စတာကူရိုဒါသည် Abenomics ဟု လူသိများသောအာဘေး၏ စီးပွားရေးမူဝါဒတွင် အဓိကဖြစ်သော ငွေကြေးမူဝါဒကို အဓိကလမ်းညွှန်မှုပေးခဲ့သူဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ) ဥက္ကဋ္ဌဟောင်း အသက် ၇၃ နှစ်ရှိကူရိုဒါသည် ဒုတိယသက်တမ်းငါးနှစ်ကို အပြည့်အဝထမ်းဆောင်နိုင်မည်ဆိုပါက ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးတာဝန်ကို အရှည်ကြာဆုံးတာဝန်ယူသူတစ်ဦးဖြစ်လာနိုင်သည်။

မစ္စတာကူရိုဒါသည် အတိဒုက္ခရောက်နေသော ဂျပန်စီးပွားရေးကို ပြည်လည်ရှင်သန်အောင်ဆောင်ရွက်ရန် ၂၀၁၃ ခုနှစ်မှစ၍ တာဝန်ပေးခံရသူဖြစ်သည်။ ဂျပန်ဗဟိုဘဏ်က ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းသုညနှုန်းနီးပါးအထိထားရှိသော မူဝါဒကို ၂၀၁၆ ခုနှစ်မှစတင်ကျင့်သုံးကာ လှည့်လည်ငွေကြေးတိုးပွားလာစေမည့် မူဝါဒကို ကူရိုဒါက ကြီးကြပ်ထိန်းသိမ်းခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ငွေထုတ်ချေးသူများက မိမိတို့ငွေကြေးများကို ဗဟိုဘဏ်တွင်အပ်နှံလာအောင် ထိရောက်စွာဆောင်ရွက်လာနိုင်ခဲ့သည်။ ဗဟိုဘဏ်သည် အစိုးရ၏ ၁၀ နှစ်စာချုပ်များ၏ အတိုးနှုန်းကို သုည ရာခိုင်နှုန်းဝန်းကျင်ထိန်းထားရန် ကတိပြုခဲ့သည့် အပြင် လိုအပ်သလောက်ကိုလည်း ဝယ်ယူခဲ့သည်။

သို့ရာတွင် မစ္စတာကူရိုဒါသည် ငွေကြေးဖောင်းပွမှုကို နှစ်ရာခိုင်နှုန်းအထိထားရှိမည့်ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ဇန်နဝါရီကရှိခဲ့သောငွေကြေးဖောင်းပွမှုနှုန်းမှာ သုည ဒသမ ၉ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ လှည့်လည်ငွေကြေးတိုး တက်လာအောင် ချမှတ်ဆောင်ရွက်ခဲ့သော သူ၏မူဝါဒကြောင့် ယန်းငွေတန်ဖိုး ကျဆင်းခဲ့ရပြီး ဂျပန်နိုင်ငံကိုပို့ကုန်အားထားသောနိုင်ငံဖြစ်လာအောင် တွန်းပို့ခဲ့ကြောင်း ဝေဖန်မှုများရှိနေသည်။

သို့ရာတွင် သူက ဂျပန်နိုင်ငံ၏ သုံးလပတ်စီးပွားရေးတိုးတက်မှုကို အရှည်ကြာဆုံးဖြစ်အောင် ဆောင်ရွက်ကာ စီးပွားရေးမျက်နှာစာတွင် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။ ■



# အရှေ့မြောက်ဒေသသည် အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးရေးအတွက် စီးပွားရေးမောင်းနှင်အားသစ် ဖြစ်နိုင်

အရှေ့မြောက်ဒေသသည် အိန္ဒိယနိုင်ငံဖွံ့ဖြိုးရေးအတွက် မောင်းနှင်ပေးသော အင်ဂျင်သစ် ဖြစ်ကြောင်းနှင့် ယင်းဒေသကို အိန္ဒိယနိုင်ငံအနောက် ပိုင်းနှင့် တန်းတူညီမျှမှုရှိအောင် မဆောင်ရွက်ပါက တိုင်းပြည်ဖွံ့ဖြိုးမှုသည် ပြည့်စုံမှုမရှိသေးကြောင်း အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီ၏ မတ် ၁၆ ရက်က ပြောကြားချက်ကို နယူးအိန္ဒိယအိပ်စ်ပရက်သတင်းတွင်ဖော်ပြသည်။

မိုဒီသည် အရှေ့မြောက်ဒေသ၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးကို အလေးပေးပြောကြားခဲ့ပြီး ၂၀၁၄ ခုနှစ်က မဏိပူရတွင် အမျိုးသားအဝေးပြေးလမ်းမကြီး ကီလိုမီတာ ၁၂၀၀ အထိသာရှိခဲ့ ကြောင်းသူကပြောသည်။

“ဒါပေမယ့် လွန်ခဲ့တဲ့လေးနှစ်အတွင်းမှာ အမျိုးသားအဝေးပြေးလမ်းမကြီးအဖြစ် သတ်မှတ်နိုင်တဲ့ မော်တော်ကားလမ်းအရှည်နောက်ထပ် ကီလိုမီတာ ၄၆၀ ဖောက်လုပ်နိုင်ခဲ့ပါတယ်”ဟု သူက ပြောသည်။

ယခုအခါ ပြည်နယ်ပေါင်းရှစ်ခုအနက်ခုနစ်ခု ကို မီးရထားလမ်းကွန်ရက် မြှင့်ချိတ်ဆက်နိုင်ပြီး အင်ဖာအပါအဝင် ကျန်ပြည်နယ်မြို့တော်များကို (Broad Gauge) အမျိုးအစား သံလမ်းများဖြင့် ဆက်သွယ်မည့်စီမံကိန်းများကို ဆောင်ရွက်လျက်ရှိ သည်။ ဝန်ကြီးချုပ်သည် မဏိပူရရှိဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများအတွက် ပန္နက်တင်အခမ်းအနားတွင် ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“ကွန်ဂရက်အစိုးရက ၁၅ နှစ်အတွင်း မဆောင်ရွက်ခဲ့တဲ့ကိစ္စကို ကျွန်တော်တို့ ၁၅ လအတွင်း ပြီးအောင်လုပ်မယ်လို့ ကျွန်တော်ပြောခဲ့ပါ တယ်” ဟု စတင်ကာ ဘီရန်ဆင်းဦးဆောင်သော ပြည်နယ်အစိုးရကို မိုဒီကချီးကျူးစကားပြောသည်။ BJP အစိုးရသည် ၁၅ လအတွင်း အရှေ့မြောက်ပိုင်းဒေသ၌ လုပ်ငန်းများစွာကို ဆောင်ရွက်နိုင်ခဲ့ သည်။

အစိုးရနှင့်ပတ်သက်၍ အဂတိလိုက်စားမှုများအတွက် တိုင်ကြားမှုများမရှိခဲ့ကြောင်းနှင့် အခြေခံအဆောက်အဦ ဆောက်လုပ်ရေးလုပ်ငန်းမှာ မည်သည့်အချိန်ကမှမရခဲ့သော အမြန်နှုန်းဖြင့်သွားနေကြောင်း သူကပြောသည်။

ပြည်နယ်အစိုးရသည် တောင်တန်းဒေသနှင့် လူမျိုးစုများနေထိုင်ရာဒေသများမှ မိန်းကလေးများ ပညာရေးနှင့်ပတ်သက်၍ ရင်ဆိုင်နေရသော ပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သူကပြောသည်။

“ပြည်နယ်အစိုးရက လူမျိုးစုများ နေထိုင်ရာဒေသမှာ ဘော်ဒါဆောင်သစ်တစ်လုံးကို ဆောက်လုပ်ခဲ့ပါတယ်။ ဒီကနေ့ ဒီလိုဘော်ဒါဆောင်မျိုးကို ဖွင့်လှစ်ပေးခွင့်ရတဲ့အတွက် ကျွန်တော်ကံကောင်းပါတယ်”ဟု သူကပြောသည်။

မဏိပူရအတွက် တပ်ရင်းနှစ်ခုအပါအဝင် အရှေ့မြောက်ပိုင်းပြည်နယ်များအတွက် အိန္ဒိယအရန်တပ်ရင်း ၁၀ ခုကို ဗဟိုအစိုးရက ခွင့်ပြုထားပြီးဖြစ်ကြောင်း သူကပြောသည်။ ထိုသို့ဆောင်ရွက်ပေးသည့်အတွက် ပြည်နယ်အတွင်းရှိလူငယ် ၂၀၀၀ ကို တိုက်ရိုက်အလုပ်ပေးနိုင်မည်ဖြစ်ကြောင်း သူကပြောသည်။

ဉာဏ်တင် စုစည်းသည်